# တရားရုံးရှေ့တော်သွင်း စာချွန်တော် အမိန့်ဆိုင်ရာ လက်စွဲစာအုပ်



icj
International
Commission
of Jurists

Composed of 60 eminent judges and lawyers from all regions of the world, the International Commission of Jurists promotes and protects human rights through the Rule of Law, by using its unique legal expertise to develop and strengthen national and international justice systems. Established in 1952 and active on the five continents, the ICJ aims to ensure the progressive development and effective implementation of international human rights and international humanitarian law; secure the realization of civil, cultural, economic, political and social rights; safeguard the separation of powers; and guarantee the independence of the judiciary and legal profession.

The ICJ's first mission to Myanmar was in 1991. The ICJ works with lawyers and the judiciary, including the Supreme Court of the Union, through support to strengthen the rule of law in Myanmar.

® Handbook on Habeas Corpus in Myanmar

© Copyright International Commission of Jurists

Published in May 2016

The International Commission of Jurists (ICJ) permits free reproduction of extracts from any of its publications provided that due acknowledgment is given and a copy of the publication carrying the extract is sent to its headquarters at the following address:

International Commission of Jurists
P.O. Box 91
Rue des Bains 33
Geneva
Switzerland

Source of Cover Photo: http://www.wklaw.com

## Acknowledgements

The ICJ would like to thank the Government of Denmark and the Government of Finland for their support.

DANIDA

FORMIN.FINLAND.FI
MINISTRY FOR FOREIGN AFFAIRS OF FINLAND

# တရားရုံးရှေ့တော်သွင်း စာချွန်တော် အမိန့်ဆိုင်ရာ လက်စွဲစာအုပ်

## မာတိကာ


**နိဒါန်းနှင့် အနှစ်ချုပ်** ၁

**အပိုင်း - ၁ ။ တရားရုံးရှေ့တော်သွင်းစာချွန်တော်နှင့် အပြည်ပြည်ဆိုင်ရာဥပဒေ** ၉

၁.၁။ တရားလက်လွတ်ထိန်းသိမ်းခြင်းမှ လွတ်မြောက်ခွင့်နှင့် လွတ်လပ်ခွင့် ၁၀

၁.၂။ ထိန်းသိမ်းခြင်းဆိုင်ရာ တရားဥပဒေနှင့်ညီညွတ်ခြင်းကို စိန်ခေါ်နိုင်ခွင့် ၁၄

၁.၃။ ထိန်းသိမ်းခြင်းအား အဆက်မပြတ်ပြန်လည်ဆန်းစစ်နိုင်ခွင့် ၁၆

၁.၄။ တရားမဝင် ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းကုစားနိုင်ခွင့် ၁၇

၁.၅။ ထိန်းသိမ်းခံရသူများ၏ အတန်းအစားများနှင့်စပ်လျဉ်းသည့် တိကျသော တာဝန်များ ၁၇

၁.၅.၁။ ကလေးသူငယ်များ ၁၇

၁.၅.၂။ အမျိုးသမီးများ ၁၈

၁.၅.၃။ မသန်စွမ်းပုဂ္ဂိုလ်များ ၁၈

၁.၅.၄။ နိုင်ငံသားမဟုတ်သူများ (Non-nationals) ၁၉

**အပိုင်း - ၂။ မြန်မာ့ဥပဒေမူဘောင်** ၂၀

၂.၁။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊
စာချွန်တော်ဥပဒေနှင့် စာချွန်တော် လုပ်ထုံးလုပ်နည်း ၂၀

၂.၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ (CrPC) ပုဒ်မ ၄၉ ၁ (၁) ၂၃

၂.၃။ မြန်မာနိုင်ငံရှိ တရားရုံးရှေ့တော်သွင်းစာချွန်တော်ဆိုင်ရာ အလေးထားစရာများ ၂၅

၂.၃.၁။ တရားစီရင်ရေး လွတ်လပ်မှု ၂၆

၂.၃.၂။ အရေးပေါ်အခြေအနေ ၂၇

၂.၃.၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်အာဏာ ၂၈

၂.၃.၄။ ၂၀၀၈ ခုနှစ်မှစ၍ တရားရုံးရှေ့တော်သွင်းစာချွန်တော်အမိန့်လျှောက်ထားမှု ၂၉

၂.၄။ မြန်မာနိုင်ငံရှိ အစောပိုင်းတရားရုံးရှေ့တော်သွင်း စာချွန်တော်အမိန့်ဆိုင်ရာ
ဥပဒေသိပ္ပံပညာ ၃၇

၂.၄.၁ ။ ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅ (၂) ၃၈

၂.၄.၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁ (၁)(ခ) ရှိ ဥပဒေသိပ္ပံပညာ ၄၁

**အပိုင်း-၃။ အကြံပြုချက်များ** ၄၃

၃.၁။ အမှီခိုကင်းသော တရားစီရင်ရေးအား မြှင့်တင်ခြင်း ၄၃

၃.၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ စာချွန်တော်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား
ပြန်လည်ဆန်းစစ်ခြင်း ၄၄

၃.၃။ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် တရားရုံးရှေ့တော်သွင်း စာချွန်တော်တို့ဆိုင်ရာ ၄၄
ပြည်တွင်းဥပဒေများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများနှင့်
ကိုက်ညီရမည်ဖြစ်ပြီး လက်တွေ့ကျင့်သုံးနိုင်ရန်အတွက် သေချာစေရပါမည်။

၃.၄။ တရားစီရင်ရေးနှင့်ရှေ့နေအသင်းများအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၆
၄၉၁ အပါအဝင် တရာရုံးရှေ့တော်သွင်းစာချွန်တော်လုပ်ထုံးလုပ်နည်းအား
အသုံးပြုခြင်းနှင့် မြန်မာနိုင်ငံ၏ ဥပဒေသိပ္ပံပညာအား အသုံး ပြုခြင်းဆိုင်ရာ သင်တန်းပေးခြင်း

# နိဒါန်းနှင့် အနှစ်ချုပ်

အပြည်ပြည်ဆိုင်ရာဥပဒေမှ လူသားတစ်ဦးချင်း၏ အခွင့်အရေးဖြစ်သည့် လွတ်လပ်ခွင့်ကို တရားလက်လွတ်ဆုံးရှုံးခံရမှုအပေါ် လျင်မြန်သော တရားရေးကျင့်ထုံးဥပဒေ ဆောင်ရွက်ပေးခြင်း အခွင့်အရေးအတွက် အာမခံပေးထားရာ ၎င်းတွင် အမှီအခိုကင်း၍ ဘက်မလိုက်သည့်တရားရုံးမှ ၎င်းတို့အား ဥပဒေအရ ထိန်းသိမ်းခံထားရမှုအပေါ် သုံးသပ်ပြီး မှားယွင်းစွာထိန်းသိမ်းခံရသူများအား လွှတ်ပေးရန် အမိန့်ပေးပိုင်ခွင့်ရှိသည်။[1] အဆိုပါ လုပ်ထုံးလုပ်နည်းသည် အင်္ဂလိပ်ရိုးရာဥပဒေ (common law) ကို အခြေခံထားသော ဥပဒေစနစ်များပါ လျှောက်ထားလွှာဖြစ်သည့် တရားရုံးချုပ်တော်သွင်း စာချွန်တော်အမိန့်ကို ယေဘုယျအားဖြင့် ရည်ညွှန်းပါသည်။[2] ယင်းအခွင့်အရေးသည် ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းခံရမှုမှ လွတ်မြောက်ခွင့်ကို တရားလက်လွတ်ဆုံးရှုံးခြင်း ကြုံတွေ့သည့် မည်သူမဆို တရားရုံးတွင် အမှုခင်းဆိုင်ရာဆောင်ရွက်ချက်ရပိုင်ခွင့်ရှိသည်။ သို့မှသာ တရားရုံးမှ နှောင့်နှေးမှုမရှိဘဲ ထိန်းသိမ်းမှုသည် ဥပဒေနှင့်အညီ ဖြစ်၊ မဖြစ်ကို ဆုံးဖြတ်ပေးပြီး၊ အကယ်၍ တရားဥပဒေနှင့် အညီမဖြစ်ပါက ပြန်လည်လွှတ်ပေးရန် အမိန့်ထုတ်ဆင့်ခြင်းပြုရမည်။[3]

တရားရုံးတွင် ထိန်းသိမ်းခြင်းဆိုင်ရာ တရားဝင်မှု ရှိ၊ မရှိ (lawfulness)ကို စိန်ခေါ်နိုင်ခွင့်သည် မိမိကိုယ်ကိုရပ်တည်နိုင်သည့် လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး ၎င်းအား ငြင်းကွယ်ခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်မှုတစ်ရပ်ပင် ဖြစ်သည်။[4] တရားရုံးချုပ်တော်သွင်းစာချွန်တော်အမိန့်သည် ပုဂ္ဂလိကဆိုင်ရာ လွတ်လပ်မှု သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာကို တရားစီရင်ရေးအမိန့်ဒီဂရီအားဖြင့် ကာကွယ်မှုပေးရာ ၎င်းတွင် ထိန်းသိမ်းခံရသူအား တရားသူကြီးမျက်မှောက်သို့ ခေါ်ဆောင်ရန် အမိန့်ထုတ်ဆင့်ပြီး ထိန်းသိမ်းခံရသူသည် ဥပဒေနှင့်အညီ ထိန်းသိမ်းခြင်းဖြစ်သည်ကို ဆုံးဖြတ်နိုင်ခြင်း၊ သင့်တင့်လျောက်ပတ်ပါက ထိန်းသိမ်းခံရသူကို ပြန်လည်လွှတ်ပေးနိုင်ရန် အမိန့်ထုတ်ဆင့်နိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။[5]

မြန်မာနိုင်ငံ၏ စစ်တပ်အုပ်ချုပ်ရေးလက်အောက်တွင် ဥပဒေအရသော်လည်းကောင်း သို့တည်းမဟုတ် လက်တွေ့ဆောင်ရွက်မှုအားဖြင့်သော်လည်းကောင်း ဥပဒေနှင့်အညီဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းအား သုံးသပ်သည့် တရားစီရင်ရေးအတွက် ထိရောက်သောယန္တရား မရှိခဲ့ပေ။[6] မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ကြီးမားသော (မမျှော်လင့်ထားသော) တိုးတက်မှုတစ်ရပ်မှာ တရားရုံးချုပ်တော်သွင်း စာချွန်တော်အမိန့်ဆိုင်ရာ စာချွန်တော်အမိန့်ကို ပြန်လည်မိတ်ဆက်ထည့်သွင်းပေးခြင်းဖြစ်သည်။[7] ထိုအချိန်မှစ၍ အစိုးရက "၂၀၁၄ ခုနှစ် စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေ" ကိုပြဋ္ဌာန်းခဲ့ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အဆိုပါဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် နည်းဥပဒေသများနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းပေးထားပါသည်။[8]

---

1 Report of the Working Group on Arbitrary Detention (Hereinafter: WGAD): United Nations Basic Principles and Guidelines on remedies and procedures on the right of anyone deprived of their liberty to bring proceedings before a court. UN Doc: A/HRC/30/xx (Hereinafter: WGAD Principles and Guidelines) para.1.

2 This procedure will be referred to as Habeas Corpus in the rest of this report, as it is identified in Myanmar jurisprudence. A common law system was established by the Raj in colonial Burma and followed until 1962, when military rule effectively ended the rule of law. See: International Commission of Jurists, *The Burmese Way: To Where? Report of a Mission to Myanmar (Burma)* (Geneva, Switzerland, 1991) Chapter 3. (Hereinafter: ICJ, *The Burmese Way: to Where?*) Members of the judiciary and legal profession still identify the country as a common law legal system, though in practice Myanmar's legal system lacks written, well-reasoned and distributed decisions that could serve as precedent. See: International Commission of Jurists, *Right to Counsel: The Independence of Lawyers in Myanmar* (Geneva, Switzerland 2013) pp. 12-14. Available at: http://icj.wpengine.netdna-cdn.com/wp-content/uploads/2013/12/MYANMAR-Right-to-Counsel-electronic.pdf; Burmese Language: http://icj.wpengine.netdna-cdn.com/wp-content/uploads/2015/07/MYANMAR-Right-to-Counsel-Publications-Thematic-Report-2015-BUR.pdf. (Hereinafter: ICJ, Right to Counsel).

3 Human Rights Committee, General Comment No. 35, Article (Liberty and Security of Person). UN Doc: CCPR/C/GC/35 para.39.

4 Report of the WGAD (A/HRC/19/57, para.61).

5 Inter-American Court, Advisory Opinion OC-8/87, §33.

6 ICJ, *The Burmese Way: To Where?* pp. 41-54.

7 Constitution of the Republic of the Union of Myanmar 2008, Art. 18, 296, 378. In addition to Habeas Corpus, the Supreme Court has the power to issue the writs of Mandamus, Prohibition, Quo Warranto and Certiorari. (Hereinafter: Constitution of Myanmar 2008).

8 Constitution of Myanmar 2008; The Application of Writs Act 2014, Pyisdaunsu Hluttaw (Act no. 24/2014) (Hereinafter: Writs Act 2014); Procedural Rules and Regulations for Applications of Writs (Union Supreme Court Notification no. 117/2013) (Hereinafter: Writs Rules 2013).

တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့် လူ့အခွင့်အရေးကာကွယ်မှု အားကောင်းလာစေရေး လုပ်ငန်းစဉ်ကို ကူညီတွန်းအားပေးရန်အတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင် (ICJ) အနေဖြင့် နိုင်ငံတကာဥပဒေနှင့် မြန်မာနိုင်ငံ၏လက်ရှိ ပြည်တွင်းဥပဒေတို့အရ တရားရုံးရှေ့တော်သွင်း စာချွန်တော်အမိန့်နှင့် စပ်ဆက်မှုရှိသည့် ဥပဒေဆိုင်ရာ ဤဆွေးနွေးမှုစာတမ်းကို ရေးသားထားပါသည်။ အောက်ပါအချက်များသည့် အထူးအရေးပါသော အချက်များဖြစ်သည်။

- တရားလက်လွတ် သို့မဟုတ် တရားမဝင် ဖမ်းဆီးခြင်း (သို့မဟုတ်) ထိန်းသိမ်းခြင်းကို စိန်ခေါ်မှုပြုရန်အတွက် အပြည်ပြည်ဆိုင်ရာစံနှုန်းကိုစိစစ်ခြင်း (၎င်းတွင် နှိပ်စက်ခြင်းနှင့် မညှာမတာပြုလျက်ထိန်းသိမ်းခြင်းတို့ ပါဝင်သည်)
- မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးရှေ့တော်သွင်း စာချွန်တော်အမိန့်အတွက် လက်ရှိ မြန်မာ့ဥပဒေမူဘောင်ကို စိစစ်ခြင်း၊
- ၁၈၉၈ ခုနှစ် ရာဇဝတ်ကျင့်ထုံးဥပဒေ(CrPC) ပုဒ်မ ၄၉၁ ရှိတရားလက်လွတ် ဖမ်းဆီးထိန်းသိမ်းခြင်းကို စိန်ခေါ်မှုပြုခြင်း (တရားရုံးရှေ့တော်သွင်း စာချွန်တော်အမိန့် နှင့် အလားတူသည့်) အတွက် မေ့လျော့လုနီး ဖြစ်ပြီး တင်းပြည့်ကျပ်ပြည့် အသုံးမချရသေးသည့် လုပ်ထုံးလုပ်နည်းကို စိစစ်ခြင်း၊
- တရားရုံးရှေ့တော်သွင်းစာချွန်တော်အမိန့်အတွက် မကြာသေးမီက အနည်းငယ်သော အများပြည်သူ လက်လှမ်း မှီနိုင်သည့်လျှောက်ထားချက်များကို စိစစ်ခြင်း၊
- တရားရုံးရှေ့တော်သွင်း စာချွန်တော်အမိန့်ဆိုင်ရာ မြန်မာနိုင်ငံတရားစီရင်ရေး၏ ဖြတ်ထုံးများမှ သက်ဆိုင်ရာတည်ဆဲဖြတ်စီရင်ထုံး (၁၉ ၆၂ မတိုင်မီ)ကို စိစစ်ခြင်း၊

ဤစိစစ်ချက် (နှင့် ၎င်းအပေါ်အခြေပြုသည့် အကြံပြုချက်များ) အရေးကြီးရခြင်းမှာ ပြုပြင်ပြောင်းလဲမှုများ ရှိလင့်ကစား နိုင်ငံအတွင်းတွင် တရားလက်လွတ် ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ ခိုင်လုံသော အစီရင်ခံချက် များစွာ ရှိနေသည်။ အထူးသဖြင့် နိုင်ငံရေးသဘောကွဲလွဲမှုကို ချုပ်ထိန်းရန်အတွက် လက်နက်သဖွယ် အသုံးပြုနေကြသည်။[9] ၁၈၉၈ ခုနှစ် ရာဇဝတ်ကျင့်ထုံးဥပဒေ (CrPC) အရ ဖမ်းဆီးထိန်းသိမ်းခြင်းအတွက် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားသော်လည်း လက်တွေ့တွင် လုံခြုံရေးတပ်ဖွဲ့များမှ ဤဥပဒေများကို နည်းလမ်းမကျစွာဖြင့် အတတ်နိုင်ဆုံး စောင့်ထိန်းလျက်ရှိသည်။[10] မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကာကွယ်မှုနှင့် တရားဥပဒေစိုးမိုးရေး မြှင့်တင်လာစေမှုတို့ အတွက် နိုင်ငံတကာစံနှုန်းများနည်းတူ တရားရုံးရှေ့တော်သွင်းစာချွန်တော်ဆိုင်ရာ အခွင့်အရေး တိုးတက်ဖော်ဆောင်မှုနှင့် လက်တွေ့အသုံးချမှုမှာ လွန်စွာအရေးကြီးလှပေသည်။

အရေးကြီးသည်မှာ တရားမျှတသော စစ်ဆေးစီရင်ခြင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံ၏တာဝန်ကို တရားရုံးရှေ့တော်သွင်းစာချွန်တော်အတွက် ထိန်းသိမ်းခံရသူ၏အခွင့်အရေးနှင့် မရှုပ်ထွေးရန် လိုအပ်သည်။ စစ်ဆေးစီရင်

9 "Increase in arbitrary arrests in Burma", *Mizzima News,* 28 September 2012, http://www.mizzima.com/news/prisoner-watch/8125-increase-in-arbitrary-arrests-in-burma-report.html; Human Rights Council, *Report of the Special Rapporteur on the situation of human rights in Myanmar,* Tomás Ojea Quintana, UN Doc: A/HRC/25/64. Para.4. There are also credible reports of the military unlawfully detaining those suspected of being members of ethnic armed groups. Ibid. Para.8.

10 UN Human Rights Council, *Report of the Special Rapporteur on the situation of human rights in Myanmar,* 2 April 2014, A/HRC/25/64. Many arrests are conducted without warrant and those arrested are not informed of their alleged charge. United States Department of State, *2013 Country Reports on Human Rights Practices - Burma,* 27 February 2014, available at: http://www.refworld.org/docid/53284b4fb.html; Assistant Association for Political Prisoners, *Torture, Political Prisoners and the Un-Rule of Law: Challenges to Peace, Security and Human Rights in Burma,* 14 October 2010, p. 17; Even in cases in which the detainee is brought to court, and charged and tried, trials are not often open to the public. Ibid. pp. 17-18; Detainees are routinely denied access to either legal counsel or their family members, and the duration of their detention is often unclear and unknown. "Increase in arbitrary arrests in Burma", *Mizzima News,* 28 September 2012, http://www.mizzima.com/news/prisoner-watch/8125-increase-in-arbitrary-arrests-in-burma-report.html; Amnesty International, *Myanmar: Human rights defender arrested and detained: Ko Htin Kyaw,* 9 May 2014, ASA 16/008/2014, available at: http://www.refworld.org/docid/5371d2f24.html.

ခြင်းအခွင့်နှင့် တရားရုံးရှေ့တော်သွင်းစာချွန်တော်သည် ကွဲပြားပါသည်။[11] ထိန်းသိမ်းခြင်းဆိုင်ရာ တရားဝင်မှု ရှိ၊ မရှိ (lawfulness) ကို စိန်ခေါ်ခွင့်[12] သည် ကွဲပြားရခြင်းအကြောင်းမှာ အဓိကအားဖြင့် ၎င်းကို အာဏာပိုင်များအားဖြင့် မဟုတ်ဘဲ ထိန်းသိမ်းခံရသူ သို့မဟုတ် ထိန်းသိမ်းခံရသူကိုယ်စားမှ အစပြုလုပ်ဆောင်သောကြောင့် ဖြစ်သည်။[13] မြန်မာနိုင်ငံရှိ အချို့သောတရားသူကြီးများသည် ယင်းလျှောက်ထားချက်ကို ပယ်ချတတ်ကြသည့် အကြောင်းရင်းမှာ ထိန်းသိမ်းခံရသူသည် အခြားသော တရားရုံးရှေ့မှောက်သို့ ရောက်ရှိပြီးဖြစ်သည် ဆိုသောကြောင့်ဖြစ်ပြီး ယင်း တရားရုံးရှေ့မှောက်ရောက်ရှိခဲ့ရာတွင်လည်း ထိန်းသိမ်းရသည့် အခြေခံအကြောင်းရင်း စသောသုံးသပ်ချက်များ မပါဝင်ကြပေ။ မြန်မာနိုင်ငံရှိ အချို့သော အတွေ့အကြုံရင့်ကျက်သည့် ရှေ့နေများမှ အပြည်ပြည်ဆိုင်ရာ ဥပဒေ ပညာရှင်များကော်မရှင် (ICJ) သို့ ပြောပြချက်များအရ တရားရုံးရှေ့တော်သွင်း စာချွန်တော် လျှောက်ထားချက်မှာ ပယ်ချခံရမည်ဖြစ်ပြီး နောက်ဆုံး စစ်ဆေးစီရင်ခြင်းကိုသာ စောင့်စားရကြောင်း သုံးသပ်ကြပါသည်။[14]

ထိုနည်းတူ တရားရုံးရှေ့တော်သွင်းစာချွန်တော် သို့မဟုတ် အခြားသော အလားတူ လုပ်ထုံးလုပ်နည်းကို အသုံး ပြုနိုင်မှုနှင့်ပတ်သက်ပြီး ထိန်းသိမ်းခံရသူ သည်တရားစီရင်ရေး၏စီရင်ပိုင်ခွင့်အာဏာ မျက်မှောက်သို့ မဆိုင်း မတွ ခေါ်ဆောင်ရန်တွက် နိုင်ငံတော်၏ ပျက်ကွက်ခြင်းသည် လက်ခံနိုင်ဖွယ် မဟုတ်ပါ။[15] ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း ခံရသည့်ပြည်သူများကို ထိန်းသိမ်းခံရသူမှ ထိန်းသိမ်းမှုအား စိန်ခေါ်မှုကို မပြုလင့်ကစား တရားရုံး တော်မျက်မှောက်သို့ မဆိုင်းမတွ ခေါ်ဆောင်ရန်[16] မှာ နိုင်ငံတော်၏ တာဝန်ဖြစ်ပေသည်။[17]

တရားရုံးရှေ့တော်သွင်းစာချွန်တော်သည် ဥပဒေနှင့်မညီညွတ်သော သို့မဟုတ် တရားလက်လွတ်ဖြစ်သော ဖမ်းဆီးခြင်း (သို့) ထိန်းသိမ်းခြင်းခံရသည့် တစ်ဦးခြင်းစီအတွက် ထိရောက်သော ကုစားမှုအဖြစ် ပံ့ပိုးပေးနိုင်ရမည် ဖြစ်ပြီး ၎င်းသည် နှိပ်စက်မှုနှင့် အခြားသောမညှာမတာ ပြုမူခြင်းတို့အပါဝင် ပြင်းထန်သော လူ့အခွင့်အရေး ချိုး ဖောက်မှုတို့အတွက်လည်းကူညီပေးနိုင်ရပါမည်။[18] လုပ်ထုံးလုပ်နည်းများမှအချက်တစ်ခုမှာတစ်ဦးတစ်ယောက်အား ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေနှင့် ညီညွတ်မှု (legality)ကို စိန်ခေါ်မှုပြုနိုင်ခြင်းဖြစ်သည်။ ၎င်းအား သေချာစွာ ဆောင် ရွက်ပါက အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားခြင်းအား ထိရောက်စွာစစ်ဆေးရန် ကူညီပေးမည်ဖြစ်ပြီး တရားဥပဒေ စိုးမိုးရေးကို ပိုမိုခိုင်မြဲစေမည်ဖြစ်သည်။[19]

တရားရုံးတော်သွင်းစာချွန်တော် လုပ်ထုံးလုပ်နည်းသည် အရေးပေါ်ကာလများ အပါအဝင် မည်သည့် အချိန်အခါတွင်မဆို နိုင်ငံတော်၏ မည်သည့်ကိုယ်စားလှယ်အားဖြင့် မည်သည့်ပုံစံဖြင့်မဆို ထိန်းသိမ်းခံရသည့် ပြည်သူများအတွက် အကျုံးဝင်ပါသည်။[20] အမှုဖြစ်ရပ်အားလုံးတွင် ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းသည် အပြည်

11 Amnesty International Fair Trial Manual, 2nd Edition (2014) pg. 58.

12 ICCPR. Art. 9.4.

13 Amnesty International Fair Trial Manual, 2nd Edition (2014) pg. 58.

14 ICJ Lawyer Interview Yangon, 12 November 2015; ICJ Lawyer Interview Yangon, 13 November 2015.

15 De Jong, Baljet and Van den Brink v. the Netherlands (8805/79, 8806/79, 9242/81), European Court (1984) §§51, 57; See Berry v. Jamaica, HRC, UN Doc. CCPR/C/50/D/330/1988 (1994) §11.1.

16 ICCPR 9.3: Anyone arrested or detained on a criminal charge shall be brought promptly before a judge or other officer authorized by law to exercise judicial power and shall be entitled to trial within a reasonable time or to release. It shall not be the general rule that persons awaiting trial shall be detained in custody, but release may be subject to guarantees to appear for trial, at any other stage of the judicial proceedings, and, should occasion arise, for execution of the judgement.

17 European Court of Human Rights: *McKay v. United Kingdom* (543/03), Grand Chamber (2006) §34; *De Jong, Baljet and Van den Brink v. the Netherlands* (8805/79 8806/79 9242/81), (1984) §§51, 57; *Jecius v.Lithuania* (34578/1997), (2000) §84.

18 International Commission of Jurists, *Legal Commentary to the ICJ Berlin Declaration on Upholding Human Rights and the Rule of Law in Combating Terrorism,* Geneva, Switzerland, 2008. p. 51.

19 International Commission of Jurists, *Legal Commentary to the ICJ Geneva Declaration on Upholding the Rule of Law and the Role of Judges and Lawyers in Times of Crisis,* Geneva, Switzerland, 2011. pp 144 – 145; the African Commission has stated that "while the Commission is sympathetic to all genuine attempts to maintain public peace, it must note that too often extreme measures to curtail rights simply create greater unrest. It is dangerous for the protection of human rights for the executive branch of government to operate without such checks as the judiciary can usefully perform." *Constitutional Rights Project and Civil Liberties Organisation v. Nigeria* (143/95 and 150/96), African Commission, 13th Annual Report (1999) §33.

20 As habeas corpus is a remedy for violations of rights that are not subject to derogation even during emergencies, such as the prohibitions of torture, arbitrary detention and enforced disappearance, it should apply at all times. Human Rights Committee, General Comment 29. para.16; Article 27(2) of the American Convention of Human Rights; Article X of the Inter-American Convention on Forced Disappearance of Persons; Article 4(2) of the Arab Charter of Human Rights; Section M(5)(e) of the Principles and Guidelines on the Right to Fair Trial and Legal Assistance in Africa.

ပြည်ဆိုင်ရာဥပဒေရှိ တရားဥပဒေနှင့်မညီညွတ်ပါက တရားရုံးရှေ့တော်သွင်းစာချွန်တော် လုပ်ထုံးလုပ်နည်းသည် ထိန်းသိမ်းခံရမှု မှ လွတ်မြောက်စေရန် လုံခြုံမှုပေးနိုင်ရမည်။ ယင်းထိန်းသိမ်းမှုသည် နိုင်ငံတော်၏ အမြင့်ဆုံးအာဏာမှ အမိန့်ချမှတ်မှုဖြစ်စေ၊ နိုင်ငံတော်၏ လက်နက်ကိုင်တပ်မတော် သို့မဟုတ် ရဲဌာန သို့မဟုတ် အခြားသော လုံခြုံရေး ဌာနတစ်ခုခုမှ ချမှတ်မှုဖြစ်စေ အဆိုပါလုပ်ထုံးလုပ်နည်းကို လိုက်နာရမည်။

တစ်စုံတစ်ဦး၏ ထိန်းသိမ်းမှုဆိုင်ရာ ဥပဒေနှင့်အညီဖြစ်မှုကို တရားရုံးမှ ပြန်လည်ဆန်းစစ်ခွင့်ရရှိခြင်းသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေနှင့် အထွေထွေ၏ စံသတ်မှတ်ချက်ဖြစ်သည်။[21] သို့ဖြစ်၍ ထိန်းသိမ်းခြင်းခံ ရသည့်ပြည်သူများအတွက် တရားရုံးရှေ့တော်သွင်းစာချွန်တော်ဆိုင်ရာ အခွင့်အရေးသည် ပြည်တွင်းဥပဒေအရ တရားဝင်ဆောင်ရွက်ပေးရမည့် အချက်ဖြစ်ပြီး အချိန်တိုင်းအတွက် အကျုံးဝင်ရပါမည်။ ဤတွင် အရေးပေါ် ကာလနှင့် လက်နက်ကိုင် ပဋိပက္ခကာလများသည်လည်း အကျုံးဝင်ပြီး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ စာချုပ်များ တွင် အဖွဲ့ဝင်နိုင်ငံ မဖြစ်သေးသည့် မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံများအတွက်လည်း အကျုံးဝင်သည်။

မြန်မာနိုင်ငံတွင် တရားရုံးရှေ့တော်သွင်းစာချွန်တော်ကိုပြည်လည်အသက်သွင်းမှု ပြုလင့်ကစား လုပ်နည်း လုပ်ထုံးများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် အတားအဆီးများ ရှိနေပါသေးသည်။ မြန်မာနိုင်ငံ၏ ဥပဒေဆိုင်ရာစနစ်ကို စနစ်တကျတစ်စစီ ဖျက်သိမ်းခြင်းနှင့် နိုင်ငံတကာဥပဒေဆိုင်ရာ အဖွဲ့အစည်းနှင့် ဝေးကွာခြင်း တို့ကြောင့် တရားသူကြီးများ၊ ရှေ့နေများနှင့် အစိုးရအဖွဲ့ဝင်များမှာ အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် စံချိန်စံနှုန်း များဖြင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ကိုယ်ပိုင်ဥပဒေ သပ္ပံပညာဖြင့်သော်လည်းကောင်း အကျွမ်းတဝင်ဖြစ်မှု မရှိကြပါချေ။[22]

မြန်မာနိုင်ငံ၏ တရားစီရင်ရေးမှာ အရင်းအမြစ်ခိုင်မာမှုမရှိဘဲ အုပ်ချုပ်ရေးနှင့် တပ်မတော်၏ ဆုံးဖြတ်ချက် များနှင့် ဆောင်ရွက်ချက်များကို စိန်ခေါ်မှုပြုရန်လိုအပ်သည့် လွတ်လပ်မှု (independence) မရှိပါချေ။ အထူးသဖြင့် ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းထားခြင်း အချက်တို့တွင်ဖြစ်သည်။[23] တရားစီရင်ရေးအနေဖြင့် ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်း ခြင်းဆိုင်ရာ ဥပဒေဖြစ်တည်ချက်ကို လွတ်လပ်စွာ စစ်ဆေးနိုင်ရမည်ဖြစ်သည်။

၂၀၁၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှိ ရှေ့တော်သွင်းစာချွန်တော်ဆိုင်ရာဥပဒေနှင့် ဥပဒေသပ္ပံပညာရပ်များကို စစ်ဆေးခြင်းအားဖြင့် ဥပဒေပြုခြင်းနှင့် ၎င်း၏လက်ရှိ ဆောင်ရွက်ချက် များတွင် အားနည်းချက်များကို တွေ့ရှိရပါသည်။ ဥပမာ၊ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၆ နှင့် စာချွန်တော်ဥပဒေ အခန်း ၂၊ ပုဒ်မ-၃ တို့ရှိ ပြဋ္ဌာန်းချက် များက အရေးပေါ် အခြေအနေ ကြေညာသည့် ကာလများတွင် စာချွန်တော်များ ထုတ်ပြန်ရန် လျှောက်ထားချက်များကို ဆိုင်းငံ့ထားခြင်း ဖြစ်သည်။ အရေးပေါ် အခြေအနေတွင် တရားရုံးရှေ့တော်သွင်းစာချွန်တော်ကို ဆိုင်းငံ့ထားခြင်းသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံနှုန်းများနှင့် ကိုက်ညီမှုမရှိပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၆ အပြင် စာချွန်တော်ဥပဒေနှင့် စာချွန်တော် လုပ်ထုံးလုပ်နည်း စသည် တို့ကို တရားလွှတ်တော်ချုပ်မှ ရှေ့တော်သွင်းစာချွန်တော်ထုတ်ဆင့်ရန် အာဏာရှိသဖြင့် ထိရောက်စွာအသုံးပြုခြင်း ကို ထိခိုက်ခံရစေပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအပြင် ၁၈၉၈ ခုနှစ် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁ (၁) (က) နှင့် (ခ) တို့မှ ပြဋ္ဌာန်းချက်များက တရားလွှတ်တော်တွင် တရားရုံးရှေ့တော်သွင်းစာချွန်တော်နှင့် အလားတူသည့် ကုစားမှုကို ပေးထားပါသည်။ ယင်းဥပဒေအချက်တို့သည် လက်ရှိအထိ တရားဝင်ဖြစ်နေပြီး ၎င်းကို ဥပဒေနှင့် မညီ သော ဖမ်းဆီးထိန်းသိမ်းခြင်းများကို စိန်ခေါ်မှုပြုရန် အသုံးပြုနိုင်ကြောင်း ၁၉၆၂ ခုနှစ် မတိုင်မီ ဥပဒေသပ္ပံပညာမှ

21 The Working Group on Arbitrary Detention summarises the international law as follows: 'Recognizing that everyone has the right to be free from arbitrary or unlawful deprivation of liberty, everyone is guaranteed the right to take proceedings before a court without delay, in order that that court may decide on the arbitrariness or lawfulness of the detention, and obtain appropriate and accessible, appropriate remedies.' Report of the Working Group on Arbitrary Detention, United Nations Basic Principles and Guidelines on remedies and procedures on the right of anyone deprived of their liberty to bring proceedings before a court. UN Doc: A/HRC/30/xx. para.19

22 ICJ, *Right to Counsel.* pp. 12-20.

23 ICJ, *Right to Counsel.* pp. 12-20.

အကြံပြုထားပါသည်။ သို့ပါသော်လည်း ရှင်းမပြနိုင်လောက်အောင်ပင် မြန်မာနိုင်ငံရှိ ရှေ့နေများသည် အဆိုပါ လုပ်ထုံးလုပ်နည်းကို အသုံးမပြုကြချေ။ ICJ အနေဖြင့် မြန်မာနိုင်ငံရှိ တရားသူကြီးများ၊ ရှေ့နေများနှင့် ဥပဒေ အကောင်အထည်ဖော်သူများကို ပုဒ်မ ၄၉၁ အား အသုံးပြုရန် တိုက်တွန်းပါသည်။

တရားလွှတ်တော်သို့ လက်လှမ်းမီခြင်းမရှိဘဲ နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင် ပိုင်ခွင့်အာဏာကြောင့် တရားရုံးရှေ့တော်သွင်းစာချွန်တော်လျှောက်ထားချက်ကို တင်သွင်းရန် လုပ်ထုံးလုပ်နည်းမှာ အခက်အခဲရှိနိုင်သည်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ တည်နေရာသည် နိုင်ငံ၏ လူနေထူထပ်သော နေရာများမှ ဝေးကွာနေသဖြင့် လျှောက်ထားသူများအတွက် ဝန်ပိုသော ခရီးသွားလာရမှု အချိန်နှင့် ကုန်ကျစရိတ်များ ကြောင့် ယင်းလုပ်ထုံးလုပ်နည်းမှာ လက်တွေ့မကျဘဲ ထိရောက်မှုအားနည်းလျက် ရှိနေပါသည်။ ထိုအတွက်ကြောင့် တရားရုံးရှေ့တော်သွင်း စာချွန်တော်၏ အကျိုးကျေးဇူးမှာ အရိပ်ပမာဖြစ်ရပါသည်။[24]

၂၀၁၈ ခုနှစ်မှစ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် တရားရုံးရှေ့တော်သွင်းစာချွန်တော် လျှောက် ထားချက်များ အမှုတင်သွင်းခြင်း အနည်းငယ်သာရှိကြောင်း အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင် (ICJ) မှ သိရှိရပါသည်။ ၎င်းတို့မှ ဆုံးဖြတ်ချက်ချမှတ်မှု ၄ ခု၏ မိတ္တူများကိုသာ ရရှိနိုင်ပါသည်။ မည်သည့်အမှုတွဲကိုမျှ တရားဝင်ထုတ်ပြန်ခြင်းမရှိဘဲ သတင်းအချက်အလက်များလည်း တိကျမှုနှင့် လက်လှမ်းမီရန်ခက်ခဲသည်။ ICJမှ လက်လှမ်းမီသော သတင်းအချက်အရ ၂၀၁၈ ခုနှစ်မှစ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ရှေ့တော်သွင်း စာချွန်အမိန့်ကို ထုတ်ဆင့်ခဲ့ခြင်းမရှိပေ။ တရားလွှတ်တော်ချုပ်သည် ဆင့်ဆိုခြင်းခံအာဏာပိုင်များအား "ခန္ဓာကိုယ် ထုတ်ပေးရန်" အမိန့်ပေးခြင်းမရှိပါက မည်သည့်အခြေအနေတွင်မဆို တရားမဝင် ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်း ခြင်းအပေါ် မလွှမ်းမိုးနိုင်တော့ပါ။ ICJ မှ ရှာဖွေတွေ့ရှိသည့် အချို့သော စီရင်ချက်များသည် ပြည်တွင်းနှင့် အပြည် ပြည်ဆိုင်ရာ နှစ်ခုလုံး၏ စံနှုန်းများနှင့် ကိုက်ညီမှုမရှိကြပါ။ ယင်းစီရင်ချက်များနှင့် သက်ဆိုင်ရာ အကျုံးဝင်သော စံနှုန်းများကို ဤအစီရင်ခံချက်တွင် အသေးစိတ်ဖော်ပြထားပါသည်။

ဤအစီရင်ခံချက်နှင့် အစီရင်ခံချက်ပါ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ၎င်း၏ ၂၀၁၅-၂၀၁၇ တရားစီရင်ရေးဗျူဟာ စီမံကိန်းကို အကောင် အထည်ဖော် ဆောင်ရွက်မှုပြုရန်အတွက် ကူညီပေးနိုင်မည်ဟု ICJ မှ မျှော်လင့်ထားပါသည်။ ၎င်းတွင် လွတ်လပ်မှုနှင့် တာဝန်ခံမှုတို့ကို မြှင့်တင်သည့်အချက်များကို အဓိကဗျူဟာကျသော လုပ်ဆောင်ချက်ကဏ္ဍအဖြစ် အချက်အလက် ပြုစုထားပါသည်။ ပြည်ထောင်စုတရား လွှတ်တော်ချုပ်မှ စာချွန်တော်ဌာန အစပြုဖွဲ့စည်းခြင်းသည် တရားစီရင်ရေးရာ လွတ်လပ်မှုကို တည်ဆောက်ရာတွင် ပဓာနကျသော ပထမခြေလှမ်းဖြစ်ကြောင်း ICJ မှ ယူဆပါသည်။ ဤ အစီ ရင်ခံချက်သည် ရှေ့နေများနှင့် တရားသူကြီးများကို တိုက်တွန်းမှုပေးပြီး စာချွန်တော်လျှောက်ထားမှုအတွက် လမ်း ညွှန်ချက် ပေးနိုင်မည်ဖြစ်သည်။ တရားရုံးရှေ့တော်သွင်း စာချွန်တော်သည် တရားဥပဒေစိုးမိုးရေး၏ အဓိက အစိတ် အပိုင်းတစ်ရပ် ဖြစ်သည်။ ၎င်းအား လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံရှိ တရားစီရင် ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် အရေးကြီးသော အချက်ဖြစ်ပါလိမ့်မည်။

ဤအစီရင်ခံစာ၏ အပိုင်း (၁) တွင် တရားရုံးတော်သွင်းစာချွန်တော်နှင့် ဆက်စပ်သည့် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများကို ဆန်းစစ်မှုပြုထားပါသည်။ ယင်းစံနှုန်းများကို အပြည်ပြည်ဆိုင်ရာမှသော်လည်းကောင်း၊ ဒေသ ဆိုင်ရာ သဘောတူစာချုပ်များမှသော်လည်းကောင်း၊ ဒေသဆိုင်ရာ လူ့အခွင့်အရေး တရားရုံးများမှ ကိုးကားထားသည့် သဘောတူစာချုပ်များ၏ အနက်ဖွင့်ဆိုချက်များမှသော်လည်းကောင်း ရယူထားခြင်းဖြစ်သည်။ အရပ်သားနှင့်နိုင်ငံ ရေးရပိုင်ခွင့်များဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ICCPR) နှင့် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားပြီးဖြစ်သော နိုင်ငံတကာ ကလေးအခွင့်အရေးစာချုပ် (CRC) အစရှိသည်ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး

---

24 International Commission of Jurists, *The Right to a Remedy and to Reparation for Gross Human Rights Violations,* Geneva, Switzerland, 2007 p. 55.

သဘောတူစာချုပ်များနှင့် အခြားသောစံနှုန်းများသည် အဆိုပါရည်ရွယ်ချက်အတွက် လုပ်ထုံးလုပ်နည်းများကို ထိရောက်စွာ အသုံးချနိုင်စေရေးအား တည်ဆောက်ရန်နှင့် သေချာမှုရှိစေရန်မှာ နိုင်ငံတော်တွင် တာဝန်ရှိကြောင်းကို ထင်ရှားစေပါသည်။[25] ဤအစီရင်ခံစာတွင် အပြည်ပြည်ဆိုင်ရာစံနှုန်းများကိုလည်း လေ့လာဆန်းစစ်မှုပြုထားရာ ၎င်းတို့မှာ - ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီဆိုင်ရာ အထွေထွေဝေဖန်သုံးသပ်ချက်များ၊ သဘောတူစာချုပ် မဟုတ်သည့် စံနှုန်းများ (အများစုကို ကုလသမဂ္ဂ သို့မဟုတ် ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ သဘောတူ လက်ခံထားကြသည်)၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းခံရခြင်းကို ထိန်းသိမ်းခံရသူမှ စိန်ခေါ်နိုင်ခွင့် စသည်တို့နှင့် စပ်လျဉ်းသည့် အကောင်းဆုံးသော လက်တွေ့အသုံးချမှုများနှင့် ဥပဒေရေးရာ ရှင်းလင်းချက်မှတ်စုများ အစရှိသည် တို့ဖြစ်သည်။

အပိုင်း (၂) တွင် ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေမှ အာမခံထားပြီး ၂၀၁၄ စာချွန်တော် လျှောက်ထားမှုဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းထားသည့် တရားရုံးရှေ့တော်သွင်း စာချွန်တော်ဆိုင်ရာ ဥပဒေမူဘောင်များကို ဆန်းစစ်မှုပြုထားပါသည်။ ၎င်းတွင် အလားတူဖြစ်သော ကုစားမှုရရှိခြင်းအကြောင်းကို ဖော်ပြသည့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁ ကိုလည်း ဆန်းစစ်မှုပြုထားသည်။ စာချွန်တော်ကို ပြန်လည်အသက်သွင်းထားသည်ဖြစ်ရာ ဤအခန်းတွင် တရားရုံးရှေ့တော်သွင်း စာချွန်တော်လျှောက်ထားချက်ဆိုင်ရာ ပြည်ထောင်စု လွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်များရရှိနိုင်မှု အတိုချုပ်အကြောင်းအရာကို ဖော်ပြပေးထားသည်။ ၎င်းတွင် လက်ရှိလက်တွေ့ကျင့်သုံးနေသော်လည်း ပြည်တွင်းနှင့် နိုင်ငံတကာစံနှုန်းများ ဖြင့် ကိုက်ညီမှုမရှိသည့် ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုစနစ်ကြောင့် လျှောက်ထားတင်သွင်းသူများ ရင်ဆိုင်နေရသောစိန်ခေါ်မှုများကို မီးမောင်းထိုးပေးထားပါသည်။ မြန်မာနိုင်ငံတွင် တရားရုံးရှေ့တော်သွင်း စာချွန်တော်နှင့်သက်ဆိုင်သည့် ဥပဒေနှင့်ကျင့်သုံးမှုများကို တိုးတက်ဖော်ဆောင်ခြင်းအား ပို၍ ပံ့ပိုးမှုဖြစ်စေရန်နှင့် အတိတ်ကာလမှ ဥပဒေရှိ ဖြတ်ထုံးများကို မီးမောင်းထိုးပေးရန်အတွက် ဤအစီရင်ခံစာ အပိုင်း (၂) တွင် ၁၉၆၂ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရားဥပဒေနှင့် လုပ်နည်းလုပ်ထုံးဆိုင်ရာ ဥပဒေသိပ္ပံပညာ အစရှိသည့် စာချွန်တော်အကြောင်းကို ဆွေးနွေးထားခြင်းဖြင့် နိဂုံးချုပ်ထားပါသည်။

အစီရင်ခံစာကို အပိုင်း(၃)တွင် အဆုံးသတ်ထားရာ ၎င်းတွင် မြန်မာနိုင်ငံ၌ တရားရုံးရှေ့တော်သွင်း စာချွန်တော်ကို ထိရောက်သော လျှောက်ထားမှုရှိစေရန်အတွက်သော်လည်းကောင်း၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု၊ လူ့အခွင့်အရေးကာကွယ်မှုနှင့် တရားဥပဒေစိုးမိုးရေး အစရှိသည်တို့ကို လေးစားမှု တိုးတက်လာစေရန်အတွက်သော်လည်းကောင်း အကြံပြုချက်များ ထည့်သွင်းထားပါသည်။

25 25 International Covenant on Civil and Political Rights, G.A. res. 2200A (XXI), 21 U.N. GAOR Supp. (No. 16) at 52, U.N. Doc. A/6316 (1966), 999 U.N.T.S. 171, entered into force Mar. 23, 1976. Article 9(4) (Hereinafter: ICCPR); International Convention for the Protection of All Persons from Enforced Disappearance, G.A. res. 61/177, U.N. Doc. A/RES/61/177 (2006), entered into force Dec. 23, 2010. Article 17(2)(f). (Hereinafter: The Convention on Enforced Disappearance); Convention on the Rights of the Child, G.A. res. 44/25, annex, 44 U.N. GAOR Supp. (No. 49) at 167, U.N. Doc. A/44/49 (1989), entered into force Sept. 2, 1990. Article 37(d). (hereinafter: CRC); International Convention on the Protection of the Rights of All Migrant Workers and Members of Their Families, G.A. res. 45/158, annex, 45 U.N. GAOR Supp. (No. 49A) at 262, U.N. Doc. A/45/49 (1990), entered into force July 1, 2003. Article 16(8). (Hereinafter: Migrant Workers Convention); American Convention on Human Rights, O.A.S. Treaty Series No. 36, 1144 U.N.T.S. 123, entered into force July 18, 1978, reprinted in Basic Documents Pertaining to Human Rights in the Inter-American System, OEA/Ser.L.V/ II.82 doc.6 rev.1 at 25 (1992). Article 7(6). (Hereinafter: American Convention on Human Rights); Convention for the Protection of Human Rights and Fundamental Freedoms, 213 U.N.T.S. 222, entered into force Sept. 3, 1953, as amended by Protocols Nos 3, 5, 8, and 11 which entered into force on 21 September 1970, 20 December 1971, 1 January 1990, and 1 November 1998 respectively. Article 5(4). (Hereinafter: the ECHR); Organisation of African Unity, Guidelines and Measures for the Prohibition and the Prevention of Torture, Cruel, Inhuman or Degrading Treatment or Punishment in Africa, Robben Island Guidelines, 2002. Principle 32. (Hereinafter: The Robben Island Guidelines); African Commission on Human and Peoples' Rights, Principles and Guidelines on the Right to a Fair Trial and Legal Assistance in Africa, DOC/ OS(XXX) 247, reprinted in 12 Int'l Hum. Rts. Rep. 1180 (2005). Section M(4) and (5); American Declaration of the Rights and Duties of Man, O.A.S. Res. XXX, adopted by the Ninth International Conference of American States (1948), reprinted in Basic Documents Pertaining to Human Rights in the Inter-American System, OEA/Ser.L.V/II.82 doc.6 rev.1 at 17 (1992). Article XXV (Hereinafter: American Declaration); Guidelines on Human Rights and the Fight Against Terrorism, adopted by the Committee of Ministers at its 804th meeting (11 July 2002) (Hereinafter: CoE Guidelines on human rights and counter-terrorism); Universal Declaration of Human Rights, G.A. res. 217A (III), U.N. Doc A/810 at 71 (1948) Article 8.

၁။ **ဥပဒေပြုခြင်း** ။ ။ တရားရုံးရှေ့တော်သွင်းစာချွန်တော်အမိန့်နှင့်တကွ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းတို့တွင် ပါဝင်ပတ်သက်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေများ နှင့် မူဝါဒများရှိ ပြဋ္ဌာန်းချက်များကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် ပြန်လည် ဆန်းစစ်ပါ။

၂။ **ပြည်ထောင်စု တရားလွှတ်တော်ချုပ်**။ ။ တရားရုံးရှေ့တော်သွင်းစာချွန်တော်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးကို လွတ်လပ်စွာ ဘက်မလိုက်ဘဲကျင့်သုံးပါ၊ တရားရုံး မျက်မှောက်သို့ ရောက်ရှိလာသည့် ထိန်းသိမ်းခံရသူနှင့် ၎င်းတို့၏ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခံရခြင်းတို့သည် ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်မှုရှိစေပါ၊ ရှေ့တော်သွင်း စာချွန်တော်လျှောက်ထားမှုများ၏ စီရင်ချက်များအား အများပြည်သူ လက်လှမ်းမီနိုင်ရန် ကျိုးကြောင်းဆီလျော်စွာစီစဉ်ပါ။ တရားသူကြီးများအတွက် တရားရုံးရှေ့တော်သွင်းစာချွန်နှင့် ပတ်သက်သည့် ကျယ်ပြန့်သော သင်တန်းများစီစဉ်ပါ။

၃။ **အုပ်ချုပ်ရေးအရာရှိများနှင့် ရှေ့နေချုပ်**။ ။ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီဆောင်ရွက်ရန်နှင့်ဥပဒေအရာရှိများကိုတရားရုံးရှေ့တော်သွင်းစာချွန်တော်အမိန့်အတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်ချမှတ်ပါ၊ ဥပဒေအရာရှိများသည် တရားရုံးတက်ရောက်ပြီး ထိန်းသိမ်းထားသူအား ခေါ်ဆောင်လာစေပြီး ဥပဒေနှင့်အညီ ထိန်သိမ်းမှုအား မည်သို့ဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းစေပါ၊ တရားရုံးရှေ့တော်သွင်းစာချွန်တော် လျှောက်ထားချက်များတွင် တရားလို၏ အခန်းကဏ္ဍဆိုင်ရာ သင်တန်းကို ကျယ်ကျယ်ပြန့်ပြန့် စီစဉ်ပေးပါ။

၄။ **ရှေ့နေများအသင်းအဖွဲ့များနှင့် ရှေ့နေများ** ။ ။ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းကို စိန်ခေါ်မှုပြုစေရန်သော်လည်းကောင်း၊ တရားရုံးရှေ့တော်သွင်း စာချွန်တော်အမိန့် အတွက် အမှုတင်သွင်းစေရန် (သို့မဟုတ်) အလားတူ လုပ်ထုံးလုပ်နည်းများကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁ အရ အသုံးပြုစေရန်သော်လည်းကောင်း စွမ်းရည်မြှင့်တင်မှု၊ ပံ့ပိုးမှုနှင့် တိုက်တွန်းအားပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးပါ။

**တရားရုံးရှေ့တော်သွင်းစာချွန်တော်အတွက် အနည်းငယ်သော လမ်းညွှန်ချက်များ**

နိုင်ငံတော်အနေဖြင့် တရားရုံးရှေ့တော် သွင်းစာချွန်တော်ဆိုင်ရာ ကုစားမှုသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများနှင့် လိုက်လျောညီထွေမှုရှိစေရန် အောက်ဖော်ပြ အခြေခံသတ်မှတ်ချက်များ (အခြားကျင့်သုံးဖွယ်ရာ စံနှုန်းများနှင့်အတူ) နှင့်အတူ အာမခံရပါမည်။

က) မည်သည့်အကြောင်းကိစ္စကြောင့်မဆို ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းခံရသူအားလုံး သို့မဟုတ် ထိုသူတို့၏ ကိုယ်စားပြုပုဂ္ဂိုလ်များသည် မည်သည့်နိုင်ငံသား ဖြစ်နေပါစေ၊ မည်သည့်အဆင့်အတန်း ဖြစ်နေပါစေ ထိုတစ်ဦးချင်း၏ ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေနှင့် ညီညွတ်မှု (legality) ကို တရားရုံးမျက်မှောက်တွင် စိန်ခေါ်နိုင်ရန်အတွက် တရားစီရင်ခြင်း ရပိုင်ခွင့်ရှိရမည်။

ခ) လျှောက်ထားချက်များကို ဥပဒေရေးရာထုံးနည်း သို့မဟုတ် ကြိုတင်ခွင့်ပြုချက် မလိုအပ်ဘဲ အမှုတင်သွင်းနိုင်ရမည်။ ခွင့်ပြုထားသည့် တင်သွင်းမှုနည်းလမ်းများမှာ လျင်မြန်ပြီးကျိုးကြောင်းဆီလျော်ကာ လက်လှမ်းမီဖွယ်ဖြစ်သော နည်းလမ်းသင့်ပြီး ငွေကြေးကောက်ခံမှု မရှိသင့်ပါ။

ဂ) လျှောက်ထားချက်အား လွတ်လပ်၍ ဘက်မလိုက်သော တရားရုံးရှေ့မှောက်တွင် ကြားနာဆုံးဖြတ်ရမည်။ ထိုလျှောက်ထားချက်ကို ကြားနာသော တရားသူ ကြီး (သို့) တရားသူကြီးများသည် ဖမ်းဆီးမိန့် ထုတ်ဆင့်သည့်တရားသူကြီး တစ်စုံတစ်ယောက်ထက် ရာထူးကြီးမားသူဖြစ်သင့်သည်။

ဃ) လျှောက်ထားချက်ကို တရားမျှတသော အမှုအခင်းဆောင်ရွက်ချိန်တွင် နောက်မကျဘဲ ထည့်သွင်းစဉ်းစားစစ်ဆေးကာ ဆုံးဖြတ်ချက် ချမှတ်ပေးရမည်ဖြစ်ပြီး ၎င်းတွင် လွတ်မြောက်ခွင့် လက်လွတ်ဆုံးရှုံးခံရသည့် ပုဂ္ဂိုလ်အနေဖြင့် အရည်အချင်းပြည့်မီသော ရှေ့နေအကျိုးဆောင်အားဖြင့် သက်သေနှင့်တင်ဆက်ခြင်းကို စိန်ခေါ်မှုပြုခွင့်ရှိပါသည်။

င) အာဏာပိုင်များအနေဖြင့် ကနဦးနှင့် ဆက်လက်ဖြစ်ပေါ်နေသော ထိန်းသိမ်းခြင်းအတွက် အခြေခံအချက်များနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ တရားဥပဒေဖြစ်တည်မှုကို သက်သေတင်ပြရန် တာဝန်ရှိပြီး ၎င်းသည် ပြည်တွင်းဥပဒေနှင့် နိုင်ငံတကာစံနှုန်းများနှင့် လိုက်လျောညီထွေမှု ရှိရမည်။

စ) တရားရုံးရှေ့တော်သွင်းစာချွန်တော်ကို ခွင့်ပြုပေးသည့် ဆုံးဖြတ်ချက်ကို ချက်ခြင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ ဆိုလိုသည်မှာ လွတ်မြောက်ခွင့် လက်လွတ်ဆုံးရှုံးခံရသည့် ပုဂ္ဂိုလ်အား ပြန်လွှတ်ပေးခြင်းတွင် ယင်းဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းသည် ဥပဒေနှင့် မညီညွတ်ကြောင်း တရားရုံးမှ ပြဋ္ဌာန်းပေးရပါမည်။

ဆ) ဥပဒေနှင့်မညီသော သို့မဟုတ် တရားတရားလက်လွတ် ဖမ်းဆီးထိန်းသိမ်းခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးအတွက် လျော်ကြေးအပါအဝင် သင့်လျော်သော ကုစားမှု စီစဉ်ပေးရမည်။

ဇ) ထိန်းသိမ်းခြင်းဆိုင်ရာဥပဒေနှင့် ညီညွတ်မှု (legality) ကို စိန်ခေါ်နိုင်ခွင့်သည့် အခွင့်အရေးတစ်ရပ်ဖြစ်ပြီး ၎င်းအား အရေးပေါ်အခြေအနေ အချိန်ကာလများတွင်ပင် လေးစားလိုက်နာကျင့်သုံးပေးရပါမည်။

# အပိုင်း - ၁ ။ တရားရုံးရှေ့တော်သွင်းစာချွန်တော်နှင့် အပြည်ပြည်ဆိုင်ရာဥပဒေ

တရားရုံးရှေ့တော်သွင်းစာချွန်တော် (သို့မဟုတ် အလားတူလုပ်ထုံးလုပ်နည်း) သည် ရိုးရှင်းမြန်ဆန်ပြီး ထိရောက်သော တရားစီရင်မှုဆိုင်ရာ ကုစားမှုဖြစ်ပြီး ကိုယ်ပိုင်လွတ်လပ်မှုကို ကာကွယ်ရန်အတွက်နှင့် တရားလက်လွတ်ထိန်းသိမ်းမှုကို တားဆီးရန်အတွက် စီမံထားခြင်း ဖြစ်သည်။[26] တရားစီရင်ရေးအမိန့်ဒီဂရီ အားဖြင့် လွတ်လပ်ပြီး ဘက်မလိုက်ဘဲ အရည်အချင်းပြည့်ဝသော တရားရုံးအနေဖြင့် ထိန်းသိမ်းခံရသူအား တရားသူကြီးမျက်မှောက်သို့ ခေါ်ဆောင်ရန် အမိန့် ထုတ်ဆင့်ပြီး ထိန်းသိမ်း ခံရသူသည် ဥပဒေနှင့်အညီ ထိန်းသိမ်းခြင်းဖြစ်သည်ကို ဆုံးဖြတ်နိုင်ခြင်းသော်လည်းကောင်း၊ ထိန်းသိမ်းမှုသည်ဥပဒေနှင့်ညီညွတ်မှုမရှိလျှင်ထိန်းသိမ်းခံရသူကိုပြန်လည်လွှတ်ပေးနိုင်ရန် သင့်လျော်သော အမိန့်ထုတ်ဆင့်နိုင်ခြင်းသော်လည်းကောင်း ဆောင်ရွက်နိုင်သည်။ ၎င်းသည် မည်သည့်ထိန်းသိမ်းမှု ပုံစံမဆိုမှ လူပုဂ္ဂိုလ်အားလုံးအတွက် အကျုံးဝင်ပြီး ထိုအထဲတွင် ရာဇဝတ်ပြစ်မှုဥပဒေ ပြဋ္ဌာန်းမှုနှင့်အညီ ထိန်းသိမ်းခြင်း၊ လုံခြုံရေးဆိုင်ရာ ထိန်းသိမ်းခြင်း (တစ်ခါတစ်ရံ အုပ်ချုပ်ရေးဆိုင်ရာ ထိန်းသိမ်းခြင်း သို့မဟုတ် အကျယ်ချုပ်ချုပ်ခြင်းဟုလည်း ခေါ်သည်)၊ နေအိမ်အကျယ်ချုပ်၊[27] တိုက်ပိတ်ချုပ်ထားခြင်း[28]နှင့် လျှို့ဝှက်ထိန်းသိမ်းခြင်း[29] အစရှိသည့် ပုံစံမျိုးလည်း ပါဝင်သည်။

ထို့အပြင် ထိန်းသိမ်းခြင်းတစ်ခုသည် ဥပဒေနှင့်အညီ ဖြစ်မဖြစ်ကို လျှင်မြန်စွာ ဆန်းစစ်ခြင်းအားဖြင့် နှိပ်စက်မှုနှင့် အခြားသော ရက်စက်မှုမျိုး၊[30] တစ်ကိုယ်ထဲသီးသန့်ထား ထိန်းသိမ်းခြင်း၊[31] အမှုစစ်ဆေးခြင်း မရှိဘဲ ရှည်လျားစွာ သို့မဟုတ် မသေချာမရေရာဘဲ ထိန်းသိမ်းခြင်း၊ အဓမ္မ လက်စဖျောက်ဖျက်ခြင်း[32] နှင့် အခြားသော စိုးရိမ်ဖွယ် လူ့အခွင့်အရေးချိုးဖောက်မှုများ[33] အစရှိသည့် ဖြစ်ရပ်များတို့ကို သိသာစွာ လျှော့ချပေးသွားမည်ဖြစ်သည်။ ညှင်းပမ်း

26 *Report of the Working Group on Arbitrary Detention,* UN Doc. E/CN.4/2004/3, 15 December 2003, para.62. See also UN General Assembly, Resolution 34/178, *The right of amparo, Habeas corpus or other legal remedies to the same effect,* UN Doc. A/RES/34/178, 17 December 1979, article 1(a).

27 Human Rights Committee, UN Doc CCPR/C/89/D/1172/2003, 21 June 2007, para.8.5.

28 Inter-American Court of Human Rights, *Suarez-Rosero v. Ecuador,* Judgment of 12 November 1997, para.59.

29 Human Rights Council Resolution 15/18, UN Doc. A/HRC/RES/15/18, 6 October 2010, para.4(d) – (e); Human Rights Council, *Joint Study on Global Practices in relation to Secret Detention in the Context of Countering Terrorism of the Special Rapporteur on the Promotion and Protection of Human Rights and Fundamental Freedoms while Countering Terrorism, Martin Scheinin; The Special Rapporteur on Torture and other Cruel, Inhuman or Degrading Treatment or Punishment, Manfred Nowak; The Working Group on Arbitrary Detention Represented by its Vice-Chair, Shaheen Sardar Ali; and the Working Group on Enforced or Involuntary Disappearances represented by its Chair, Jeremy Sarkin,* UN Doc. A/HRC/13/42, 19 February 2010, para.19. The Human Rights Council explains that habeas corpus applies to the following forms of detention: detention in connection with criminal proceedings, military detention, security detention, counter-terrorism detention, involuntary hospitalization, immigration detention, detention for extradition and wholly groundless arrests; detention for vagrancy or drug addiction, detention for educational purposes of children in conflict with the law and other forms of administrative detention; house arrest and solitary confinement. Human Rights Committee, General Comment No. 35, Article (Liberty and Security of Person). UN Doc: CCPR/C/GC/35 para.40.

30 *Report of the Special Rapporteur on the question of torture and other cruel, inhuman or degrading treatment or punishment,* UN Doc. E/ CN.4/2004/56, 23 December 2003, para.39; *Report of the Special Rapporteur on the question of torture and other cruel, inhuman or degrading treatment or punishment,* UN Doc. A/57/173, 2 July 2002, para.16; Inter-American Court of Human Rights, Advisory Opinion OC-9/87 of 6 October 1987, Judicial Guarantees in States of Emergency (Arts. 27(2), 25 and 8 American Convention on Human Rights), para.38; and Human Rights Council, Resolution 13/19 on torture and other cruel, inhuman or degrading treatment or punishment: the role and responsibility of judges, prosecutors and lawyers, UN Doc. A/HRC/Res/13/19, 26 March 2010, para.5

31 European Court of Human Rights, Judgment of 26 May 1993, *Brannigan and McBride v. United Kingdom,* Application No 14553/89; 14554/89, paras. 62-63, and Judgment of 12 March 2003, *Öcalan v. Turkey,* Application No 46221/99, para.86.

32 *Report of the UN Working Group on Enforced or Involuntary Disappearances,* UN Doc. E/CN.4/1983/14, 21 January 1983, para.141; *Report on the Mission to Colombia,* UN Doc. E/CN.4/1989/18/Add.1, 6 February 1989, para.136; *Report of the UN Working Group on Enforced or Involuntary Disappearances,* UN Doc. E/CN.4/1990/13, para.346; *Report on the Mission to the Philippines,* UN Doc. E/CN.4/1991/20/Add.1, 10 January 1991, para.167; *Report of the UN Working Group on Enforced or Involuntary Disappearances,* UN Doc. E/CN.4/1991/20, 17 January 1991, para.409; *Report of the UN Working Group on Enforced or Involuntary Disappearances,* UN Doc. E/CN.4/1992/18, 30 December 1991, paras. 202; *Report of the UN Working Group on Enforced or Involuntary Disappearances,* UN Doc. E/CN.4/1993/25, 7 January 1993, para.514. E/CN.4/2002/71, 8 January 2002.

33 Inter-American Court of Human Rights, Judgment of 7 September 2004, *Tibi v. Ecuador,*para.128. Other grave violations of human rights includes situations where there is a failure to protect the right to life, the right to liberty, the right to humane treatment, the right to recognition as a person before the law, the right to freedom from slavery, and the right to freedom of conscience and religion.

နှိပ်စက်မှုဆိုင်ရာ ကုလသမဂ္ဂအထူး ကိုယ်စားလှယ်တော်မှ မီးမောင်းထိုးထားသည်မှာ တရားရုံးရှေ့တော်သွင်း စာချွန်တော် အခွင့်အရေးသည် ထိန်းသိမ်းခြင်းခံရစဉ်အတောအတွင်း လူသားဆန်စွာ ပြုမူဆက်ဆံခြင်းအတွက် အခြေခံတရားဥပဒေနှင့်အညီ ကာကွယ်မှုများမှ အချက်တစ်ခုဖြစ်သည်။[34]

လွတ်လပ်ခွင့်၊ တရားတရားလက်လွတ်ထိန်းသိမ်းမှုကို တားမြစ်ခြင်း၊ တရားမျှတစွာ ပြစ်မှုစီရင်ခွင့်နှင့် ထိန်းသိမ်းခြင်းသည် တရားဝင်ဖြစ်မဖြစ် (lawfulness) ကို စိန်ခေါ်ရန် တရားရုံးရှေ့တွင် အမှုရင်ဆိုင်နိုင်ခွင့်ကို မြောက်များစွာသော နိုင်ငံတကာနှင့် ဒေသဆိုင်ရာစာချုပ်များတွင် သော်လည်းကောင်း၊ စာချုပ်ဖြင့်မဟုတ်သည့် စံသတ်မှတ်ချက်များတွင်သော်လည်းကောင်း ကုလသမဂ္ဂနှင့် ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ သဘောတူလက်ခံထားကြပါသည်။ အောက်ပါ အပြည်ပြည်ဆိုင်ရာ စံနှုန်းများသည် တရားရုံးရှေ့တော်သွင်းစာချွန်တော်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်မှုအတွက် ကျင့်သုံးရန်အတွက်ဖြစ်သည်။

### ၁.၁။ တရားလက်လွတ်ထိန်းသိမ်းခြင်းမှ လွတ်မြောက်ခွင့်နှင့် လွတ်လပ်ခွင့်

လူသားတိုင်းတွင်တရားလက်လွတ် သို့မဟုတ်ဥပဒေနှင့်မညီသောလွတ်မြောက်ခွင့်လက်လွတ်ဆုံးရှုံးခြင်းမှ လွတ်လပ်ခွင့်ရှိသည်။[35] ယင်းအခွင့်အရေးကို ကာကွယ်ရန် အပြည်ပြည်ဆိုင်ရာ စံချန်စံနှုန်းများမှ ရှင်းလင်းထားသည်မှာ လူတစ်ဦး၏ လွတ်လပ်ခြင်းကို ဥပဒေမှပြဋ္ဌာန်းချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအရသော်လည်းကောင်း၊ ၎င်းတို့အပေါ်အခြေခံ၍သော်လည်းကောင်း ဥပဒေနှင့်အညီသာ ကန့်သတ်မှုပြုနိုင်ပါသည်။[36] ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းကို လွှမ်းမိုးသည့် ပြည်တွင်းဥပဒေများသည် အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် လိုက်လျောညီထွေမှုရှိရမည်။ [37] မည်သည့်လွတ်မြောက်ခွင့်ကို လက်လွတ်ဆုံးရှုံးခြင်းကိုမဆို အောက်ဖော်ပြပါ ယေဘုယျအခြေခံ သဘောတရားများကို လေးစားလိုက်နာသင့်သည် -

က) ဥပဒေနှင့်ညီညွတ်မှု (legality)

ခ) တရားဝင်ဖြစ်ဖြင်းခြင်း (legimaticy)

ဂ) လိုအပ်ချက်နှင့် ကြောင်းကျိုးဆီလျော်ခြင်း (necessity and reasonableness)

ဃ) အချိုးကျကျဖြစ်ခြင်း (proportionality)

စ) လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု၊ အထူးသဖြင့် လူတစ်ဦး၏လွတ်မြောက်ခွင့်နှင့် လုံခြုံမှု

34 *Report of the Special Rapporteur on the question of torture and other cruel, inhuman or degrading treatment or punishment,* UN Doc. A/57/173, 2 July 2002, para.18.

35 WGAD Principles and Guidelines. para.19; UDHR. Article 9; The International Court of Justice has stated that "wrongfully to deprive human beings of their freedom and to subject them to physical constraint in conditions of hardship is in itself manifestly incompatible with the principles of the Charter of the United Nations, as well as with the fundamental principles enunciated in the Universal Declaration of Human Rights", United States Diplomatic and Consular Staff in Tehran (United States of America v. Iran), Judgments, I.C.J. Reports 1980, p. 42, para.91.

36 Principle 2 of the Body of Principles for the protection of All Forms of Detention or Imprisonment; ICCPR, Article 9(1); African Charter on Human and Peoples' Rights, article 6; American Convention on Human Rights, article 7; ECHR, section 5(1); see Article 37(b) of CRC.

37 E.g., Human Rights Committee, General Comment 35, UN Doc. CCPR/C/GC/35 (2014) para.44 ; A v. Australia, Human Rights Committee, UN Doc. CCPR/C/59/D/560/1993 (1997) para.9.5; European Court of Human Rights: Bozano v. France (Application No. 9990/82), Judgment of 18 December 1986, para.54; Medvedyev and Others v. France ( Application No 3394/03), Judgment of the Grand Chamber Judgment of 29 March 2010, paras. 79-80; Inter-American Court of Human Rights Judgment of 21 January 1994, paras. 46-47; Alfonso Martin Del Campo Dodd v. Mexico (12.228, Report 117/09), Inter-American Commission (2009) para.22, Working Group on Arbitrary Detention, Basic Principles and Guidelines on remedies and procedures on the right of anyone deprived of their liberty to bring proceedings before a court, para.12.

အခွင့်အရေး၊ တရားလက်လက်လွတ်ထိန်းသိမ်းမှုမှ ကင်းဝေးခွင့်နှင့် ထိရောက်သော ကုစားမှု။[38]

တရားလက်လွတ်ထိန်းသိမ်းခြင်းအား တားမြစ်ချက်နှင့်စပ်လျဉ်း၍ 'တရားလက်လွတ်' ဟူသည့် အသုံးအနှုန်းကို ကျယ်ကျယ်ပြန့်ပြန့် အနက်ဖွင့်သင့်ပြီး ၎င်းတွင် သင့်လျော်မှုကင်းမဲ့ခြင်း၊ တရားမျှတမှု မရှိခြင်း၊ ကြိုတင်ခန့်မှန်းမှုမပြုနိုင်ခြင်းနှင့် ထိုက်တန်သောဥပဒေဆိုင်ရာလုပ်ငန်းစဉ် ကင်းမဲ့ခြင်းစသည်တို့ ပါဝင်နေကြောင်း နားလည်သင့်ပါသည်။[39]

နိုင်ငံတကာစံချိန်စံနှုန်းများတွင် လွတ်မြောက်ခွင့်ကို လက်လွတ်ဆုံးရှုံးခြင်းခံရသည့် ပြည်သူများ၏ အခွင့်အရေးများကို အသေးစိတ်ဖော်ပြထားပါသည်။ ထိုအချက်များအထဲတွင် တရားလက်လွတ် ပြုမူမှုမှ ကာကွယ်ရေးအနေဖြင့် ဖမ်းဆီးခံရသူမည်သူမဆိုတွင် ဖမ်းဆီးချိန်၌ ၎င်းအားမည်သည့် အကြောင်းရင်းကြောင့် ဖမ်းဆီးကြောင်းသိရှိပိုင်ခွင့်ရှိပြီး ရာဇဝတ်မှုနှင့် စွဲချက် တင်ပါက မည်သည့်စွဲချက်ဖြစ်ကြောင့် ချက်ချင်း အသိပေးရမည်။[40]

**လွတ်မြောက်ခွင့်ကို ချိုးဖောက်မှုများဆိုင်ရာ သာဓကများ**

လွတ်မြောက်ခွင့်ကို အာမခံချက်ပေးပြီး တရားလက်လွတ်ဆောင်ရွက်မှုကို တားမြစ်ပေးသည့် အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်မှုပြုနိုင်သည့် ဥပဒေနှင့်မညီသော ထိန်းသိမ်းခြင်း အခြေအနေများဆိုင်ရာ အချို့သော သာဓကများမှာ-

- ဥပဒေမှ ဝရမ်းထုတ်ရန် သတ်မှတ်လျက်ပင် ဝရမ်းမပါဘဲ လူတစ်ဦးအားဖမ်းဆီးခြင်း၊
- လူတစ်ဦးသည် ရာဇဝတ်ပြစ်မှုတစ်ခုကျူးလွန်သည်ဟု မသင်္ကာမှုဖြင့် ဖမ်းဆီးခံရပြီး တရားသူကြီး မျက်မှောက်သို့ ချက်ချင်း မယူဆောင်ခြင်း၊[41]
- လူတစ်ဦးသည် နိုင်ငံတော်၏ သဘောတူညီချက် အရဖြစ်စေ၊ ၎င်းအားဖြင့်ဖြစ်စေ ထိန်းသိမ်းခံရပြီး ထိုပုဂ္ဂိုလ်၏ ထိန်းသိမ်းမှုဆိုင်ရာအချက်များနှင့်/သို့မဟုတ် ထိုပုဂ္ဂိုလ်၏ ကံကြမ္မာ၊ သို့မဟုတ် တည်ရှိသည့်နေရာသည် ငြင်းပယ်မှု သို့မဟုတ် ဖုန်းဖိထားမှု ပြုခံရပြီး ဥပဒေကာကွယ်မှုပြင်ပတွင် ထားရှိမှုခံရခြင်း၊
- လူတစ်ဦးသည် လွတ်လပ်စွာထင်မြင်ခွင့်နှင့် ထုတ်ဖော်ခွင့် တစ်ခုတည်းကြောင့် ဖမ်းဆီးထိန်းသိမ်းခံရခြင်း၊
- လူတစ်ဦးသည် သိသာထင်ရှားစွာ တရားမျှတမှုမရှိဘဲ တရားစီရင်ခံရပြီး အကျဉ်းချခံရခြင်း၊
- အကျဉ်းချခံရသည့် လူတစ်ဦးသည် ဥပဒေအရ ထောင်ဒဏ်သက်တမ်းကုန်းဆုံးပြီး သို့မဟုတ် ထိုသူ၏ လွတ်မြောက်ခွင့်ကို တရားရုံးမှ အမိန့်ချမှတ်ပြီးဖြစ်စေကာမူ ၎င်းအား လွတ်မြောက်ခွင့် မပေးခြင်း။ [42]

38 See inter alia, Inter-American Court of Human Rights: Judgment of 21 January 1994, Gangaram- Panday v. Suriname, Series C No. 16, paras. 46-47; Judgment of 8 July 2004, Gómez Paquiyauri Brothers v. Peru, Series C No. 110, para.83; Judgment of 27 November 2003, Maritza Urrutia v. Guatemala, Series C No. 103, para.65; Judgment of 18 September 2003, Bulacio v. Argentina, Series C No. 100, para.125; and Judgment of 7 June 2003, Juan Humberto Sánchez v. Honduras, Series C No. 99, para.78. See: European Court of Human Rights: Brannigan and McBride v. United Kingdom, Application Nos. 14553/89; 14554/89, Judgment of 26 May 1993, para.48; Brogan and others v. United Kingdom, Application Nos. 11209/84, 11234/84, 11266/84, 11386/85, Judgment of 29 November 1988, para.32; Günay and others v. Turkey, Application No. 31850/96, Judgment of 27 September 2001, para.22 Murat Sakik and others v. Turkey, Application Nos. 23878/94; 23879/94; 23880/94; 23881/94; 23882/94; 23883/94, Judgment of 26 November 1997, para.44; Chahal v. United Kingdom, Application No. 22414/93, Judgment of 15 November 1996, para.118.

39 Human Rights Committee, General Comment 35, UN Doc. CCPR/C/GC/35(2014) para.12; Communication No.458/1991, A.W. Mukong v. Cameroon, UN. Doc. CCPR/C/51/D/458/1991, 21 July 1994.

40 Article 9(2) of the ICCPR; Principle 10 of the Body of Principles for the Protection of All Persons under any Form of Detention or Imprisonment.

41 Inter-American Court of Human Rights: *Tibi v. Ecuador,* Judgment of 7 September 2004, para.103.

42 *Human Rights Committee, General Comment 35,* UN Doc. CCPR/C/GC/35 (2014) §§ 17 and 11; Communication No. 132/1982, *M. Jaona v. Madagascar (Views adopted on 1 April 1985),* in UN Doc. GAOR, A/40/40, p. 186, para.14.

ထပ်မံဖြည့်စွက်ရသော် လွတ်မြောက်ခွင့် လက်လွတ်ဆုံးရှုံးခြင်းခံရသူအားလုံးကို ၎င်းတို့၏ အခွင့်အရေးများအား အသိပေးအကြောင်းကြားရမည်ဖြစ်ပြီး ၎င်းတွင် ထိုသူတို့၏အကြံပြုချက် ရပိုင်ခွင့်၊ ထိုသူတို့၏ ထိန်းသိမ်းမှုသည် ဥပဒေနှင့်ညီညွှတ်မှုရှိမရှိ (legality)ကို စိန်ခေါ်ပိုင်ခွင့်နှင့် ဖော်ထုတ် မေးမြန်းရာကာလ တို့၏အခွင့်အရေးများ စသည့်အကြောင်းအရာများ ပါဝင်သည်။[43] ထို့အပြင် ၎င်းတို့ ၏ အခွင့်အရေးကို ကာကွယ်မှုပြုရန် လွတ်မြောက်ခွင့် လက်လွတ်ဆုံးရှုံးခြင်းခံရသူများသည် ရှေ့နေအကူအညီရပိုင်ခွင့်၊ ရှေ့နေထံ ချဉ်းကပ်ပိုင်ခွင့်နှင့် ရှေ့နေနှင့် လျှို့ဝှက်ဆက်သွယ်မှုပြုနိုင်ခွင့် အစရှိသည့် အခွင့်အရေးများရရှိနိုင်ရမည်။ [44]

ထိန်းသိမ်းခံရသူများသည် ပြင်ပကမ္ဘာနှင့် ဆက်သွယ်ခွင့်ရှိရမည်ဖြစ်ပြီး ၎င်းတို့အား ထိန်းသိမ်းမှုကို တရားဥပဒေဆိုင်ရာ ရည်ရွယ်ချက်နှင့် လျော်ညီသောကြောင်းကျိုးသင့် အခြေအနေဖြင့်သာ ဆောင်ရွက်ရမည်။[45] မည်သူမဆိုကို လျှို့ဝှက်ထိန်းသိမ်းမှုမပြုရန် နိုင်ငံတော်မှ အာမခံရမည်[46] ဖြစ်ပြီး ထိန်းသိမ်းခံရသူများကို တရားဝင်သတ်မှတ်ထားသည့် ထိန်းသိမ်းရာနေရာတွင်သာ ထားရှိရမည်။[47]

ဖမ်းဆီးခံရသူ မည်သူမဆိုသည် မိမိအား ဖမ်းဆီးသွားကြောင်းကိုသော်လည်းကောင်း၊ မည်သည့်နေရာသို့ခေါ်ဆောင်သွားကြောင်းကို သော်လည်းကောင်း ပြင်ပကမ္ဘာရှိ တစ်စုံတစ်ယောက်အား အသိပေးပိုင်ခွင့်ရှိရမည်။[48] ထိန်းသိမ်းခံရသူများသည် ရဲစခန်းတွင် ထိန်းသိမ်းခံရသူဖြစ်စေ သို့မဟုတ် ရမာန်ဖြင့် အမှုစစ်ဆေးရန် ဆိုင်းငံ့ထားခံရသူဖြစ်စေ မိမိတို့မိသားစုနှင့် မိတ်ဆွေများအား တွေ့တွေ့နိုင်ခွင့်နှင့် ၎င်းတို့နှင့် ဆက်သွယ်မှုပြုရန် ကြောင်းကျိုးသင့်သော အသုံးအဆောင်များ ရရှိနိုင်ခွင့် တို့ရှိရမည်။[49]

ပြင်ပကမ္ဘာနှင့် ချိတ်ဆက်မှုမရရှိစေသည့် ထိန်းသိမ်းမှုသည် နှိပ်စက်ခြင်းနှင့် အခြားသော အနိုင်အထက်ပြုခြင်းတို့ကိုဖြစ်စေပြီး ပျောက်ကွယ်သွားစေခြင်းကိုလည်း တွန်းအားပေးပါသည်။ အခြေအနေအပေါ်မူတည်၍ တစ်ကိုယ်တည်းထိန်းသိမ်းမှုသည်ပင် နှိပ်စက်မှု သို့မဟုတ် ရက်စက်ကြမ်းကြုတ်ပြီး လူမဆန်သော သို့မဟုတ် အရှက်ရစေသော ဆက်ဆံမှုမျိုး အစရှိသည်တို့ကို တားမြစ်ထားသည့်အချက်အား ချိုးဖောက်မှုနှင့် ညီမျှပါသည်။[50]

43 E.g., Body of Principles for the Protection of All Persons under any Form of Detention or Imprisonment, principle 17. Human Rights Committee, General Comment No. 35, Article (Liberty and Security of Person). UN Doc: CCPR/C/GC/35. Para.35.

44 E.g., Body of Principles for the Protection of All Persons under any Form of Detention or Imprisonment, principle 17. Human Rights Committee, General Comment No. 35, Article (Liberty and Security of Person). UN Doc: CCPR/C/GC/35. Para.35.

45 Article 17(2)(d) of the Convention on Enforced Disappearance, Rule 26 of the Bangkok Rules; Principle 19 of the Body of Principles, Guidelines 20 and 31 of the Robben Island Guidelines; See Rule 38 of the CoE Rules on remand in custody, Rules 99 and 24 of the European Prison Rules.

46 El-Masri v. the former Yugoslav Republic of Macedonia (39630/09), European Court Grand Chamber (2012) §§200-204, 230-241; UN Mechanisms Joint Study on secret detention, UN Doc. A/HRC/13/42 (2010) §§17-35; CAT Concluding Observations: USA, UN Doc. CAT/C/USA/CO/2 (2006) §17; Syria, UN Doc. CAT/C/SYR/CO/1 (2010) §15; Israel, UN Doc. CAT/C/ISR/CO/4 (2009) §26; UN General Assembly resolution 65/205, §21.

47 Article 17(2)(c) of the Convention on Enforced Disappearance; Article XI of the Inter American Convention on Disappearance; Article 10(1) of the Declaration on Disappearance; Section M(6)(a) of the Principles on Fair Trial in Africa; Principle III(1) of the Principles on Persons Deprived of Liberty in the Americas; HRC General Comment 20, §11; Special Rapporteur on Torture, UN Doc. E/CN.4/2003/68 (2002) §26(e); See Bitiyeva and X v. Russian Federation (57953/00, 37392/03), European Court (2007) §118.

48 Committee Against Torture, General Comment 2, §13; Guideline 3 para.43(e) of the Principles and Guidelines on the Access to Legal Aid in Criminal Justice Systems; Principle 16(1) of the Body of Principles for the Protection of All Persons under Any form of Detention or Imprisonment, CoE Committee of Ministers Recommendation (2012) at 12, Appendix §15.2.

49 Article 17(2)(d) of the Convention on Enforced Disappearance; Article 17(5) of the Migrant Workers Convention; Article 16(2) of the Arab Charter; Rules 26-28 of the Bangkok Rules; Guideline 31 of the Robben Island Guidelines; Rule 92 of the Standard Minimum Rules; Section M(2)(e) of the Principles on Fair Trial in Africa; Principle V of the Principles on Persons Deprived of Liberty in the Americas; Rules 24 and 99 of the European Prison Rules, Regulation 100(1) of the ICC Regulations; CPT 2nd General Report, CPT/Inf (92) 3, §51; Nuri Özen and Others v. Turkey (15672/08 et al), European Court (2011) §59.

50 Inter-American Court: Cantoral-Benavides v. Peru (2000) §83; Chaparro Álvarez and Lapo Íñiguez v. Ecuador (2007) §§166-172.

နှိပ်စက်ညှင်းပမ်းမှုနှင့် အခြားရက်စက်ကြမ်းကြုတ်ပြီး လူမဆန်သော၊ သို့မဟုတ် အရှက်ရစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုများကို ကာလအစဉ်အတွက် လုံးလုံးတားမြစ်ထားပါသည်။[51] ထိန်းသိမ်းခံရစဉ်အတွင်း မညှာမတာပြုမှုခံရသူ မည်သူမဆို ထိရောက်သောကုစားမှုရရှိပြီး ထိန်းသိမ်းမှုနေရာ၏ အုပ်ချုပ်မှုအတွက် တာဝန်ရှိ အာဏာပိုင်များထံဖြစ်စေ၊ ရာထူးပိုကြီးသော သက်ဆိုင်ရာအားဏာပိုင်ထံဖြစ်စေ၊ တိုင်ကြားမှုကိုပြန်လည် ဆန်းစစ်ခွင့်အာဏာရှိပြီး လျော်ကြေးအပါအဝင် ကုစားမှုများကို စီစဉ်ပေးနိုင်သူများထံဖြစ်စေ တိုင်ကြားမှုပြုနိုင်သည်။[52] ထိုကဲ့သို့သော ပြုမှုဆက်ဆံမှုများအတွက် စွပ်စွဲချက်များကို မဆိုင်းမတွ လွတ်လွပ်စွာ ဘက်လိုက်မှုမရှိဘဲလျက် သေချာစွာ စုံစမ်းစစ်ဆေးမှုဆောင်ရွက်ပေးရမည်။ [53]

လွတ်မြောက်ပိုင်ခွင့်ကို ကာကွယ်ပေးရန်၊ တရားလက်လွတ် ထိန်းသိမ်းမှုကို တားမြစ်စေရန်နှင့် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများ အစရှိသည်တို့အတွက် နိုင်ငံတကာစံနှုန်းများမှ သတ်မှတ်ထားသည်မှာ ထိန်းသိမ်းမှုအားလုံးသည် အမိန့်အရဆောင်ရွက်ရမည် သို့မဟုတ် တရားစီရင်ရေး အာဏာပိုင်၏ ထိရောက်သော ထိန်းကွပ်မှုအရ ဆောင်ရွက်ရမည်။[54] နိုင်ငံတကာစံနှုန်းများမှ သတ်မှတ်ချက်အရ ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းခံရသူ မည်သူမဆိုကို မဆိုင်းမတွ လွတ်လပ်ပြီး ဘက်မလိုက်သည့်တရားစီရင်ရေး အာဏာပိုင် မျက်မှောက်သို့ ခေါ်ဆောင်လာရမည် ဖြစ်သည်။ [55]

လွတ်မြောက်မှုရပိုင်ခွင့်နှင့် အပြစ်ကင်းစင်ကြောင်း ယူဆချက်တို့အရ ရာဇဝတ်ပြစ်မှုဖြင့် စွဲချက်တင် ခံရသူသည် ရုံးတင်စစ်ဆေးမှုကို စောင့်ဆိုင်းစဉ်ကာလအတွင်း ထိန်းသိမ်းမှုမပြုရဟု ထင်မှတ်ဖွယ် ဖြစ်သည်။[56] သို့ဖြစ်၍ ဥပဒေနှင့်အညီဖမ်းဆီးမှုပြုပြီးနောက် တရားရုံးသို့ခေါ်ဆောင်လာချိန်တွင် တရားရုံးအနေဖြင့် ရာဇဝတ်ပြစ်မှုအရ ရုံးတင်စစ်ဆေးရန် ဆိုင်းငံ့ထားသော လူတစ်ဦးအား ယင်းသက်ဆိုင်ရာ အမှုအခြေအနေအရ ကြောင်းကျိုးသင့် မျှမျှတတရှိကာ လိုအပ်ပါက ရမန်ယူနိုင်ပြီး အချိန်ကာလ တစ်ခုအတွင်း အကျဉ်းချထားနိုင်သည်။[57]

တရားရုံးသည် လူတစ်ဦးတစ်ယောက်အားထိန်းသိမ်းမှုပြုရန် အမိန့်ချမှတ်မှုဆိုင်ရာ လိုအပ်မှု၊ ကြောင်းကျိုးသင့်မှုနှင့် မျှမျှတတရှိမှုတို့ကို ထည့်သွင်း စဉ်းစားရာတွင် အမှုတစ်ခုနှင့်တစ်ခုအား (case-by-case) ချဉ်းကပ်သည့် နည်းကို အမြဲတမ်းကျင့်သုံးသင့်သည်။ ထိုကြီးမားသည့်အန္တရာယ်ကို တည်ဆောက်ရသည့် တာဝန်သည် တရားစွဲ အာဏာပိုင် (သို့မဟုတ် ပြည်တွင်းဥပဒေစနစ်၊ စုံစမ်းစစ်ဆေးရေး တရားသူကြီးနှင့်အတူ) အပေါ်မူတည်ပြီး ၎င်းသည် ထိန်းသိမ်းမှုလျှော့ချခြင်းဖြင့် သက်သာစေနိုင်မည်မဟုတ်ပါ။[58]

51 Body of Principles for the Protection of All Persons under any Form of Detention or Imprisonment, principle 6.
52 Ibid. Principle 33(1).
53 Article 8 of the UDHR; Articles 2 and 7 of the ICCPR; Human Rights Committee General Comment 31 paras. 15-16; Convention against Torture and Other Cruel, Inhuman or Degrading Treatment or Punishment, G.A. res. 39/46, [annex, 39 U.N. GAOR Supp. (No. 51) at 197, U.N. Doc. A/39/51 (1984)], entered into force June 26, 1987. Articles 12-14.
54 Principle 4 of the Body of Principles for the Protection of All Persons under Any Form of Detention or Imprisonment; UN General Assembly resolution 65/205, §20); UN Human Rights Council resolution 15/18, §4(c); UN Commission on Human Rights resolution 2005/27, §4(c).
55 Article 9(3) of the ICCPR and (applicable to people arrested in connection with a criminal charge); Article 10(1) of the Declaration on the Protection of All Persons from Enforced Disappearance; Committee on the Rights of the Child, General Comment 10, UN Doc. CRC/C/GC/10 (2007) para.83; See Principles 4 and 11(1) of the Body of Principles for the Protection of All Persons Under Any Form of Detention or Imprisonment.
56 Article 9(3) of the ICCPR; Article 37(b) of the CRC; Principle 39 of the Body of Principles for the Protection of All Persons under Any Form of Detention or Imprisonment.
57 Article 9(3) of the ICCPR; Article 37(b) of the CRC; Principle 39 of the Body of Principles for the Protection of All Persons under Any Form of Detention or Imprisonment; Human Rights Committee General Comment 35, UN Doc CCPR/C/GC/35 (2014) para.12.
58 E.g, Rule 8(2) of the Council of Europe Rules for the Use of Remand in Custody, the Conditions in which it Take Place and the Provision of Safeguards against Abuse, Committee of Ministers of the Council of Europe Recommendation (2006) 13.

**တရားစီရင်ခြင်းမတိုင်မီ ထိန်းသိမ်းခြင်းနှင့် အာမခံခြင်း**

ထိန်းသိမ်းမှုဆိုင်ရာ တရားရုံး၏စိစစ်ချက်နှင့် အာမခံခြင်းတို့တွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရပါမည်။

- ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲချက်၏ သဘောသဘာဝ၊ လေးနက်မှုနှင့် အခြေအနေများ၊
- ဖြစ်နိုင်ချေရှိသော ပြစ်ဒဏ်များ၏ သဘောသဘာဝနှင့် ပြင်းထန်မှု (တရားစွဲခံရသည့် ရာဇဝတ်ပြစ်မှုဆိုင်ရာ ပြစ်မှုထင်ရှားစီရင်ခြင်းအပေါ် ဖြစ်နိုင်ချေရှိသော ပြစ်ဒဏ်သည် ထောင်ဒဏ်ကာလ မပါဝင်ပါက သက်ဆိုင်ရာပုဂ္ဂိုလ်ကို လွှတ်ပေးရမည်)။
- စွပ်စွဲခံရသည့်တရားခံသည် ထွက်ပြေးတိမ်းရှောင်နေခြင်း အန္တရာယ်
- စွပ်စွဲခံရသည့်တရားခံသည် သက်သေအား ရှုပ်ထွေးစေခြင်း အန္တရာယ်၊
- သက်သေများနှင့် ဝင်ရောက် စွက်ဖက် ခြင်းအပါအဝင် စွပ်စွဲခံရသည့်တရားခံသည် ပြစ်မှု ပြန်လည်ကျူးလွန်ခြင်း အန္တရာယ်[59]၊
- အမှုတစ်ခုရှိ အခက်အခဲများကို ဖြေရှင်းနိုင်ဖွယ်ဖြစ်သည့် အာမခံကြောင့် အခြေအနေအရ လွှတ်ပေးရသည့်ဥပမာ အပါအဝင် အခြားသောဆောင်ရွက်ချက်များ ရရှိနိုင်ခြင်းနှင့် သင့်လျော်မှုရှိခြင်း၊ ထိန်းသိမ်းမှုတိုတောင်းစေခြင်း[60]

တရားလက်လွတ်ထိန်းသိမ်းခြင်းဆိုင်ရာ ကုလသမဂ္ဂအလုပ်မှုဆောင်အဖွဲ့ (WGAD)၊ နိုင်ငံတော်များအား တရားလက်လွတ်ထိန်းသိမ်းခြင်းမှ တားမြစ်ရန်သော်လည်းကောင်း၊ နိုင်ငံတကာစံနှုန်းများနှင့် မကိုက်ညီသည့် လွတ်မြောက်မှုရရှိပိုင်ခွင့်ကို ချိုးဖောက်ခြင်းဆိုင်ရာ အမှုကိစ္စများကို စုံစမ်းစစ်ဆေးရန် သော်လည်းကောင်း ကူညီပေးမည့် တရားဝင်အမိန့်ရရှိထားသည့် ကုလသမဂ္ဂပညာရှင်အဖွဲ့မှ လေးလေးနက်နက်ဖော်ပြသည်မှာ အကြမ်းဖက်မှုလှုပ်ရှားမှုနှင့်ဆက်နွယ်မှုပြုခြင်းကိစ္စရပ်များ အပါအဝင် လွတ်မြောက်ခွင့် လက်လွတ်ဆုံးရှုံးခြင်းခြင်းခံနေရသည့် လူသားအားလုံးသည် တရားရုံးရှေ့တော်သွင်း စာချွန်တော်ဆိုင်ရာ ထိရောက်သောအခွင့်အရေး ခံစားပိုင်ခွင့်ရှိရမည်။[61]

## ၁.၂။ ထိန်းသိမ်းခြင်းဆိုင်ရာ တရားဥပဒေနှင့်ညီညွတ်ခြင်းကို စိန်ခေါ်နိုင်ခွင့်

လူသားအားလုံးသည် ဥပဒေနှင့်အညီ ထိန်းသိမ်းမှုအတွက် နှောင့်နှေးမှု မရှိဘဲ တရားရုံးမှ ဆုံးဖြတ်ချက်ကို ရပိုင်ခွင့်ရှိပြီး အထက်ဖော်ပြပါ နိုင်ငံတကာဥပဒေအရ ၎င်းထိန်းသိမ်းမှုသည် တရားဥပဒေနှင့်မညီပါက လွတ်မြောက်ခွင့်ရှိသည်။[62] ယင်းအခွင့်အရေးကို တရားရုံးရှေ့တော်သွင်း စာချွန်တော် လုပ်ထုံးလုပ်နည်း သို့မဟုတ် အခြားတူညီသော တရားစီရင်ရေးကုစားမှုများနှင့် တူညီသောထိရောက်မှုဖြင့် amparo စာချွန်တော်ကဲ့သို့ပင် ကျင့်သုံးပါ

---

59 Human Rights Committee: Views of 23 July 1990, *Hugo van Alphen v. The Netherlands, Communication* No. 305/1988, para.5.8; Views of 5 November 1999, *Aage Spakmo v. Norway, Communication* No. 631/1995, para.6.3; Views of 21 July 1994, *Albert Womah Mukong v. Cameroon, Communication* No. 458/1991, para.9.8; and Views of 3 April 1997, *A [name deleted] v. Australia, Communication* No. 560/1993, para.9.2.

60 *Patsuria v. Georgia,* (30779/04) European Court of Human Rights, (2007) para.71; Rule 7(c ) of the Council of Europe Rules for the Use of Remand in Custody, the Conditions in which it Take Place and the Provision of Safeguards against Abuse, Committtee of Ministers of the Council of Europe Recommendation.

61 WGAD, UN Doc. A/HRC/10/21 (2009) §§53, 54(e)-(f).

62 ICCPR, article 9(4); Convention on Enforced Disappearance, article 17(2)(f); Migrant Workers Convention, article 16(8); Body of Principles for the Protection of All Persons under Any Form of Detention or Imprisonment, principle 32(1); American Convention on Human Rights, article 7(6); American Declaration of the Rights and Duties of Man, principles XXV; Arab Charter on Human Rights, article 14(6); ECHR, article 5(4); The Robben Island Guidelines, guideline 32; Principles and Guidelines on the Right to Fair Trial and Legal Assistance in Africa, section M(4) and (5).

သည်။[63]

ထိန်းသိမ်းခြင်းဆိုင်ရာ တရားဝင်မှု ရှိ၊ မရှိ (lawfulness) စိန်ခေါ်နိုင်ခွင့်သည် တရားသူကြီး ရှေ့မှောက်သို့ ခေါ်ဆောင်မှုအခွင့်နှင့် ကွဲပြားရသည့်အကြောင်းမှာ ၎င်းစိန်ခေါ်ခွင့်ကို အာဏာပိုင်များမှ အစပြုခြင်းမဟုတ်ဘဲ ထိန်းသိမ်းခံရသူမှ အစပြု ထားသောကြောင့်ဖြစ်သည်။ တရားရုံးတစ်ခုမျက်မှောက်သို့ ခေါ်ဆောင်ခံရသည့် ပုဂ္ဂိုလ်တစ်ဦးအတွက် အဆိုပါအခွင့်အရေးသည် အရာမဝင်ပါ။ ထိန်းသိမ်းခံရသူ အားလုံးတွင် တရားရုံးရှေ့တော်သွင်းစာချွန်တော် လုပ်ထုံးလုပ်နည်းအရ ၎င်းတို့အား ထိန်းသိမ်းခြင်းဆိုင်ရာ တရားဥပဒေနှင့်ညီညွတ်ခြင်းအား စိန်ခေါ်ရန် အခွင့်အရေးရှိသည်။ ယင်းလုံးထုံးလုပ်နည်း ဆောင်ရွက်စဉ်အတွင်းတွင် ထိန်းသိမ်းခံရသူ၏ တည်ရှိရာနေရာ၊ ကျန်းမာရေး[64] နှင့် တရားဥပဒေနှင့်အညီထိန်းသိမ်းခြင်းဆိုင်ရာ စသည်တို့ကို ကိုင်တွယ်ဖြေရှင်းပေးပါသည်။

ပြည်တွင်း ဥပဒေရေးရာလုပ်ထုံးလုပ်နည်းများ၏ မတူကွဲပြားမှုကို လူ့အခွင့်အရေး စံနှုန်းများက ထည့်သွင်းစဉ်းစားပေးပါသည်။ ပြည်တွင်းစနစ်များသည် တရားမျှတမှု၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးတို့ကို လေးစားလိုက်နာမှုစသည်တို့ကို ပံ့ပိုးပေးနိုင်မည့် အနိမ့်ဆုံးစံနှုန်းများကိုသာ သတ်မှတ်ပေးထားသည်။ ICCPR ၏ အပိုဒ် ၉ (၄) တွင် တရားရုံးရှေ့တော်သွင်း စာချွန်တော်ကို အောက်ပါအတိုင်း ချဲ့ထွင်ဖော်ပြထားပါသည်။

> ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းမှ လွတ်မြောက်ရန် လက်လွတ်ဆုံးရှုံးခြင်းခံရသူ မည်သူမဆိုသည် တရားရုံးရှေ့မှောက်တွင် တရားစီရင်ခွင့် (proceedings) ရရှိရမည်ဖြစ်သည်။ သို့မှသာ တရားရုံးမှ နှောင့်နှေးမှုမရှိဘဲ ထိန်းသိမ်းမှုသည် ဥပဒေနှင့်အညီ ဖြစ်၊ မဖြစ်ကို ဆုံးဖြတ်ပေးပြီး၊ အကယ်၍ တရားဥပဒေနှင့်အညီမဖြစ်ပါက ပြန်လည်လွတ်ပေးရန် အမိန့်ထုတ်ဆင့်ခြင်းပြုရမည်။[65]

တရားရုံးတွင် ထိန်းသိမ်းခြင်းဆိုင်ရာ တရားဝင်မှု ရှိ၊မရှိ (lawfulness) ကို စိန်ခေါ်နိုင်ခွင့်သည် မိမိကိုယ်ကို ရပ်တည်နိုင်သည့် လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး ၎င်းအား ငြင်းကွယ်ခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှု တစ်ရပ်ပင် ဖြစ်သည်။[66] ၎င်းသည် ထိန်းသိမ်းခံရသူ၏ တည်နေရာနှင့် ကျန်းမာရေးအခြေအနေကို အဆုံးအဖြတ်ပေးခြင်းကိုသော်လည်းကောင်း၊ လွတ်မြောက်ခွင့်ကို လက်လွတ်ဆုံးရှုံးခြင်းစေသည့် အာဏာပိုင်၏ အမိန့်ထုတ်ဆင့်ခြင်း သို့မဟုတ် ဆောင်ရွက်ချက်ကို ဖော်ထုတ်ရန်အတွက်သော်လည်းကောင်း နည်းလမ်းတစ်ခုလည်းဖြစ်သည်။

တရားနှင့်အညီ တရားဝင်ထိန်းသိမ်းမှုကို တရားရုံးမှ ပြန်လည်ဆန်းစစ်ခွင့်ရရှိခြင်းမှာ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေနှင့် အထွေထွေ၏ စံသတ်မှတ်ချက်ဖြစ်သည်။ သို့ဖြစ်၍ ထိန်းသိမ်းခြင်း ခံရသည့်ပြည်သူများအတွက် တရားရုံးရှေ့တော်သွင်းစာချွန်တော်ဆိုင်ရာ အခွင့်အရေးသည် ပြည်တွင်းဥပဒေအရ တရားဝင်ဆောင်ရွက်ပေးရမည့်အချက်ဖြစ်ပြီး အချိန်တိုင်းအတွက် အကျုံးဝင်ရပါမည်။ ဤတွင် အရေးပေါ်ကာလနှင့် လက်နက်ကိုင်ပဋိပက္ခကာလများသည်လည်း အကျုံးဝင်ပြီး ICCPR သို့အဖွဲ့ဝင်နိုင်ငံ မဖြစ်သေးသည့် မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံများအတွက်လည်း အကျုံးဝင်သည်။[67] တရားရုံးရှေ့တော်သွင်းစာချွန်တော်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့က ၎င်းကဲ့သို့သော အမှုဆိုင်ရာဆောင်ရွက်ချက်ကိုဖြစ်စေနိုင်ခွင့်သည် ငြင်းဆန်ရန်ခွင့်မပြုသော စံ (ယေဘုယျ အပြည်ပြည်ဆိုင်ရာဥပဒေကို မလိုက်နာမနေရသည့်စံ jus cogens) ဟု ဖော်ပြပါသည်။[68]

63 UN General Assembly, Resolution 24.178, The right of amparo, Habeas corpus or other legal remedies to the same effect, UN Doc. A/RES/34/178, 17 December 1979, para.3; The UN Commission on Human Rights and its Sub-Commission on Prevention of Discrimination and Protection of Minorities called on all States "to establish a procedure such as habeas corpus by which anyone who is deprived of his or her liberty by arrest or detention shall be entitled to institute proceedings before a court, in order that the court may decide without delay on the lawfulness of his or her detention and order his or her release if the detention is found to be unlawful", UN Commission on Human Rights Resolution 1992/35 and UN Sub-Commission on Prevention of Discrimination and Protection of Minorities Resolution 1991/15.

64 Declaration on the Protection of All Persons from Enforced Disappearances, article 9; Inter-American Convention on Forced Disappearance of Persons, article X; Principles and Guidelines on the Rights to a Fair Trial and Legal Assistance in Africa, Section M(5)(b).

65 ICCPR. Article. 9(4)

66 WGAD Principles and Guidelines. para.1.

67 Report of the Working Group on Arbitrary Detention, UN Doc. A/HRC/7/4, 10 January 2008, para.67; see also Human Rights Committee General Comment 29 para.16 and Human Rights Committee General Comment 35 para.67.

68 WGAD, UN Doc. A/HRC/27/47 (2014), para.6.

ပြည်တွင်းတရားဥပဒေစနစ်များသည် ထိန်းသိမ်းခြင်းဆိုင်ရာ တရားဝင်မှု ရှိ၊ မရှိ (lawfulness) ကို စိန်ခေါ်နိုင်ခွင့်အတွက် အာမခံရမည်ဖြစ်ကြောင်း တရားလက်လွတ်ထိန်းသိမ်းမှုဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့မှ ရှင်းလင်းထားပါသည်။ အမြင့်ဆုံးအဆင့်ရှိ ဥပဒေသည် သင့်လျော်ပြီး လက်လှမ်းမီသည့် ကုစားမှုများကို ချက်ချင်းဆောင်ရွက်ပေးရန် အာမခံပေးရပါမည်။ နိုင်ငံတော်အနေဖြင့် ၎င်းကို လက်တွေ့ကျင့်သုံးမှု ပြုခြင်းအားသေချာစေရန် ပြည်သူအားလုံးအတွက်ထိရောက်ပြီး လက်လှမ်းမီသော အခွင့်အရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖော်ဆောင်ခြင်းသော်လည်းကောင်း၊ လိုအပ်သည့် လူသားအရင်းအမြစ်နှင့် ငွေကြေးအရင်းအမြစ်များကို ပံ့ပိုးပေးခြင်းသော်လည်းကောင်း ဆောင်ရွက်ပေးရမည်။[69] ယင်းလုပ်ထုံးလုပ်နည်းများသည် ရိုးရှင်းလျင်မြန်မှု[70] ရှိပြီး အခမဲ့ဖြစ်သင့်သည်။[71] ယင်းလုပ်ထုံးလုပ်နည်းများကို နှောင့်နှေးစေခြင်း သို့မဟုတ် ဟန့်တားထားခြင်းနှင့် တရားရုံးရှေ့တော်သွင်းစာချွန်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်းကာလအတွင်း သက်ဆိုင်ရာ သတင်းအချက်အလက်များကို ဖော်ပြရန် ငြင်းပယ်ခြင်းစသည်တို့ကိုဖြစ်စေသည့် အမှုဆောင်များအတွက် ပြစ်ဒဏ်များကို ဥပဒေမှ ချမှတ်ပေးသင့်သည်။[72]

## ၁.၃။ ထိန်းသိမ်းခြင်းအား အဆက်မပြတ်ပြန်လည်ဆန်းစစ်နိုင်ခွင့်

ထိန်းသိမ်းခံရပြီး စွဲချက်တင်မှု မရရှိသေးသူများနှင့် ပြစ်မှုဆိုင်ရာစွဲချက်ဖြင့် ရမန်ပေးခြင်းခံရသူများ အပါအဝင် လွတ်မြောက်ခွင့်ကို လက်လွှတ်ဆုံးရှုံးခြင်းခံရသည့် လူပုဂ္ဂိုလ်အားလုံးသည် ၎င်းတို့၏ စဉ်ဆက်ဖြစ်နေသော ထိန်းသိမ်းခြင်းအား တရားရုံးမှ ပုံမှန်ပြန်လည်ဆန်းစစ်မှု ပြုစေခွင့်ရှိသည်။ အကယ်၍ ထိန်းသိမ်းခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိခြင်း၊ လိုအပ်မှုမရှိခြင်း၊ ကြောင်းကျိုးမသင့်ခြင်း သို့မဟုတ် မသင့်လျော်ခြင်း ဖြစ်ပါက ၎င်းတရားရုံးသည် ထိန်းသိမ်းခံရသူအား လွတ်ငြိမ်းခွင့်အာဏာရှိသည်။[73]

ထိန်းသိမ်းခြင်းသည် ကနဦးတွင် ဥပဒေနှင့်ညီညွတ်ပြီး အခြေအနေများအရ ယင်းထိန်းသိမ်းမှုအား လိုအပ်မှုမရှိတော့ခြင်း၊ ကြောင်းကျိုးမသင့်ခြင်း သို့မဟုတ် မသင့်လျော်မှုခြင်းဖြစ်ပါက ဥပဒေနှင့် ညီညွတ်မှုမရှိခြင်းစသည်တို့ ဖြစ်သွားနိုင်သည်။ WGAD မှ မီးမောင်းထိုးပြသည်မှာ အစပိုင်းတွင် တရားဥပဒေနှင့်အညီ ထိန်းသိမ်းခြင်းတစ်ခုသည် ပုံမှန်ပြန်လည်ဆန်းစစ်မှု လစ်ဟင်းခြင်းကြောင့် တရားလက်လွတ် ဖြစ်လာနိုင်သည်။[74] လူတစ်ဦး၏ ထိန်းသိမ်းခြင်းအား တရားရုံးမှ အခါအားလျော်စွာ ပြန်လည်ဆန်းဆစ်နိုင်စေခွင့်သည် ထိန်းသိမ်းခြင်းခံရသူအားလုံး ခံစားသင့်သည့် အခွင့်အရေးဖြစ်ပြီး ၎င်းတွင် ရာဇဝတ်မှုကျူးလွန်ထားသည်ဟု သံသယဖြင့် ထိန်းသိမ်းခြင်းခံရပြီး စွဲချက်မတင်သေးသူများ အတွက်လည်းအကျုံးဝင်သည်။ [75]

အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေနှင့်အထွေထွေ အရ ထိန်းသိမ်းခြင်းဆိုင်ရာ တရားဝင်မှု ရှိ၊မရှိ (lawfulness) စိန်ခေါ်နိုင်ခွင့်ကို အချိန်အားလုံးတွင် လေးစားရမည်ဖြစ်ပြီး အရေးပေါ်ကာလ သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခ ကာလအတွင်းတွင်ပင် အကျုံးဝင်ရမည်။ ဤအခြေခံသဘောတရားကို ကုလသမဂ္ဂ လူ့အခွင့်အရေး

69 These and other standards regarding the right to challenge the legality of detention are set out in the Basic Principles and Guidelines on Remedies and Procedures on the Right of Anyone Deprived of His or Her Liberty by Arrest or Detention to Bring Proceedings before a Court, adopted by WGAD in April 2015, following a review of national and international standards and based on input and a global consultations involving governments, national human rights institutions, inter-governmental organizations, UN and regional human rights bodies and mechanisms, NGOs, and academics. They are hereafter referred to as the WGAD Basic Principles and Guidelines. WGAD Basic Principles and Guidelines Principle 2.

70 Human Rights Committee, Concluding Observations: Panama, UN Doc. CCPR/C/PAN/CO/3 (2008) §13.

71 WGAD Basic Principles and Guidelines, Guideline 9, para.94. See Principle 32(2) of the Body of Principles, which requires that the procedure be free of charge to individuals without adequate means.

72 International Convention on Enforced Disappearance, article 22(a); UN Mechanisms Joint Report on Secret Detention. UN Doc. A/HRC/13/42 (2010) §292(b).

73 WGAD Basic Principles and Guidelines: Principle 6; Body of Principles for the Protection of All Persons under Any Form of Detention or Imprisonment, principle 39; Council of Europe Rules on Remand in Custody, rule 17; Council of Europe Guidelines on human rights and counter-terrorism, guideline VIII; Rome Statute, article 60(3).

74 Opinions adopted by the Working Group on Arbitrary Detention, UN Doc. A/HRC/7/4/Add.1, 15 January 2008, pg 29-37, para.36.

75 Principle 39 of the Body of Principles, Rule 17 of the CoE Rules on remand in custody, Guideline VIII of the CoE Guidelines on human rights and counter-terrorism, Article 60(3) of the ICC Statute.

ကော်မတီ၊ အခြားလူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် တရားရုံးများတို့မှ ထပ်လောင်းဖွင့်ဟထားပြီး အချို့သော လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များနှင့် စံနှုန်းများတွင် အတိအလင်းဖော်ပြထားပါသည်။[76] လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးသည် အလွဲသုံးစားမဖြစ်စေမည့် လုံလောက်သော ကာကွယ်မှုများရှိစေရန်အတွက် ထိန်းသိမ်းခံရသူသည် ရှေ့နေ၊ ဆရာဝန်၊ မိသားစုနှင့် ဆက်သွယ်နိုင်ခွင့်၊ တရားရုံးရှေ့တော်သွင်း စာချွန်တော် တင်သွင်းနိုင်ခွင့် အစရှိသည့် အချက်များကို သတ်မှတ်ပေးထားပါသည်။[77]

## ၁.၄။ တရားမဝင် ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းကုစားနိုင်ခွင့်

အပြည်ပြည်ဆိုင်ရာဥပဒေအရ တရားမဝင် ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းခံရသူတွင် "လျော်ကြေးရနိုင်ခွင့်ပြဌာန်းချက်" (enforceable right to compensation) ရှိသည်။[78] ၎င်းကို ကျယ်ပြန့်ပြည့်စုံသော ဥပဒေပြုခြင်း (comprehensive legelisation)မှ စည်းမျဉ်းသတ်မှတ်ပေးရမည်။[79] လူတစ်ဦးသည် နောက်ပိုင်းတွင် အပြစ်ရှိကြောင်းထင်ရှားခြင်း သို့မဟုတ် တရားသေလွတ်ခြင်း မည်သို့ဖြစ်စေကာမူ ယင်းအခွင့်အရေးသည် အကျုံးဝင်သည်။ 'လျော်ကြေး'ဟုဆိုရာတွင် ပြန်လည်ထူထောင်ခြင်း၊ ကျေနပ်စေခြင်း၊ ပြန်လည်အပ်နှင်းခြင်းနှင့် ထပ်မံမပြုကြောင်း အာမခံခြင်း အစရှိသည်တို့ပါဝင်သော ကုစားမှုများအလုံးစုံကို ဆိုလိုသည်။[80]

ကြောင်းကျိုးသင့်သော အချိန်ကာလတစ်ခုအတွင်း လွတ်မြောက်ခွင့်နှင့် တရားစီရင်ပိုင်ခွင့် ကို အကြောင်းပြု၍ တရားစီရင်မှုမတိုင်မီ ထိန်းသိမ်းခြင်းသည် ကြောင်းကျိုးသင့်သော အချိန်ကာလ တစ်ခုထက် ပိုမကြာသင့်စေရန် အာဏာပိုင်များမှ သေချာစေပြီး၊ အကယ်၍ မလိုလားအပ်သော နှောင့်နှေးမှုများ ဖြစ်လာသော် အာမခံချက်များအရ သင့်လျော် လိုအပ်ချက်ဖြစ်က တရားစီရင်ရေး အာဏာပိုင်အနေဖြင့် ထိန်းသိမ်းခံရသူအား ပြန်လွှတ်ပေးရန် ဆောင်ရွက်နိုင်ရပါမည်။[81] တရားစီရင်မှုမပြုမီ ထိန်းသိမ်းခြင်းကာလ ရှည်ကြာလာလေလေ၊ ၎င်း၏လိုအပ်မှုနှင့် အချိုးကျဖြစ်မှု (proportionality) ကို စေ့စေ့စစပ်စပ် စိစစ်မှုပြုရန် လိုအပ်လေလေဖြစ်သည်။

## ၁.၅။ ထိန်းသိမ်းခံရသူများ၏ အတန်းအစားများနှင့်စပ်လျဉ်းသည့် တိကျသော တာဝန်များ

### ၁.၅.၁။ ကလေးသူငယ်များ

ကလေးသူငယ်များသည် လူသားအားလုံးရရှိသည့် အာမခံချက်များကို ခံစားနိုင်ရာ ၎င်းတွင် လွတ်မြောက်ခွင့် လက်လွတ်ဆုံးရှုံးမှုနှင့် မျှတသောတရားစီရင်ခြင်းကဏ္ဍလည်းအပါအဝင်ဖြစ်သည်။ သို့သော်ကလေးသူငယ်များသည် ထပ်မံဖြည့်ထားသော ကာကွယ်မှုများ ရရှိပိုင်ခွင့် ရှိသည်။ အသက် ၁၈ နှစ်အောက် မည်သူမဆို တရားဥပဒေနှင့်အညီ ထိန်းသိမ်းခြင်းကို စိန်ခေါ်ခွင့်ရှိသည့် အခွင့်အရေးမှာ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူညီချက် (CRC) ပုဒ်မ

76 Human Rights Committee: Concluding Observations on Israel, UN Doc. CCPR/C/79/Add.93 (1998), para.21; Inter-American Court, Advisory Opinion OC-8/87, 30 January 1987, para.41; Human Rights Committee, General Comment 29 (2011), para.16; UN Commission on Human Rights, Resolution on Habeas corpus, UN Doc. E/CN.4/RES/1992/35, article 2; Inter-American Court, Advisory Opinion OC-8/87, 30 January 1987, para.43; Report of the Working Group on Arbitrary Detention, UN Doc. A/HRC/7/4, 10 January 2008, para.82(a); Sub-Committee on the Prevention of Torture: Honduras, UN Doc. CAT/OP/HND/1, 10 February 2010, para.282(b); para.47; Working Group on Arbitrary Detention, UN Doc. A/HRC/22/44 (2012) para.47; Article X of the Inter-American Convention on Forced Disappearance of Persons, Article 4(2) of the Arab Charter of Human Rights: Section M(5)(e) of the Principles and Guidelines on the Right to a Fair Trial and Legal Assistance in Africa.

77 European Court: Brannigan and McBride v. United Kingdom (14553/89, 14554/89), (1993) §§61-66; Aksoy v. Turkey (21987/93), (1996) §§83-84; Inter-American Court, Castillo-Petruzzi et al v. Peru (1999) §§104-112.

78 ICCPR, article 9(5); International Convention on Enforced Disappearance, article 24(4); Arab Charter on Human Rights, article 14(7); ECHR, article 5(5); Principles on Fair Trial in Africa, Section M(1)(h).

79 WGAD Basic Principles and Guidelines: Guideline 16.

80 A comprehensive explanation of the types of reparation may be found here: Basic Principles and Guidelines on the Right to a Remedy and Reparation for Victims of Gross Violations of International Human Rights Law and Serious Violations of International Humanitarian Law, Adopted and proclaimed by General Assembly resolution 60/147 of 16 December 2005.

81 Rome Statute, article 60(4).

၃၇(ဃ) မှ အာမခံချက်ပေးထားရာ မြန်မာနိုင်ငံသည်လည်း ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးသည့် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် ၎င်းကိုလိုက်နာရန် တာဝန်ရှိလေသည်။ CRC သည် ကလေးသူငယ်များ ပြုမူဆောင်ရွက်မှုအားလုံးနှင့် စပ်လျဉ်း၍ ၎င်းကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို အခြေခံ စာနာထောက်ထားမှုအဖြစ် သတ်မှတ်ရန် အထွေထွေတာဝန်တစ်ရပ် စီစဉ်ထားရာ ၎င်းတွင် ဖမ်းဆီးထိန်းသိမ်းခြင်း ကဏ္ဍလည်း ပါဝင်လေသည်။[82] တရားရုံးတွင် လူကြီးနှင့်မတူဘဲ ကလေး သူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအရ ဆောင်ရွက်ရန် အပြုသဘောဆောင်သည့် တာဝန်ရှိပါသည်။[83] ထို့အပြင် CRC အပိုဒ်(၁၂) နှင့်အညီ ကလေးသူငယ်၏အခွင့်အရေးကို ကလေး သူငယ်များမှဖြစ်စေ၊ ၎င်းတို့၏ကိုယ်စားမှဖြစ်စေ ယူဆောင်လာသည့် တရားရုံးရှေ့တော်သွင်း စာချွန်တော်ဆိုင်ရာ လျှောက်ထားချက်များကို လေးစားရန် လိုအပ်သည်။

ကလေးသူငယ်များအား ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေနှင့်ညီညွတ်မှု ရှိ၊မရှိ (legality) ကို စိန်ခေါ်နိုင်ခွင့်အား အထူးဦးစားပေးရမည် ဖြစ်ပြီး ၎င်းတွင် CRC အပိုဒ် ၃၇(ခ) အရ အာဏာပိုင်များ၏ တာဝန်ကို အကြောင်းပြု၍ ကလေးသူငယ်၏ လွတ်မြောက်ခွင့်ကို လက်လွတ်ဆုံးရှုံးစေခြင်းသည် တရားဝင်ဖြစ်ပြီး ၎င်းသည် တရားလက်လွတ်မဖြစ်ဘဲ မတတ်သာသည့်အဆုံး ကျင့်သုံးရသည်ဖြစ်ကာ သင့်လျော်သည့်အတိုတောင်းဆုံးကာလ အတွက်သာ ဖြစ်ရမည်။[84] ယင်းအတွက် လုပ်ထုံးလုပ်နည်းသည် ကလေးသူငယ်များဆိုင်ရာဥပဒရေးရာနှင့် လူမှုရေးရာလိုအပ်မှုများနှင့် ဆက်စပ်သင့်လျော်မှု ရှိရမည်။ ထို့အပြင် ၎င်းလုပ်ထုံးလုပ်နည်းများဆိုင်ရာ ကလေးသူငယ်အခွင့်အရေးအပေါ် ထပ်ဆင့်ပြီး အာဏာပိုင်များသည် ရာထူးအလျောက် (ex officio) တရားရုံးများကို ကလေးသူငယ်၏ ထိန်းသိမ်းခြင်းအား တရားဝင်ဖြစ်မဖြစ်ကို ပြန်လည်ဆန်းစစ်မှုပြုစေရန် တောင်းဆိုနိုင်သည်။[85]

## ၁.၅.၂။ အမျိုးသမီးများ

မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ် ကို ၁၉၉၇ ခုနှစ် ဇူလိုင် ၂၂ ရက်နေ့တွင် အတည်ပြုပြဌာန်းပေးထားရာ အမျိုးသမီးနှင့်ပတ်သက်ပြီး အထူးတာဝန်များ ရှိပါသည်။[86] အမျိုးသမီးနှင့် မိန်းကလေးများအား တရားဝင်ထိန်းသိမ်းခြင်းကို စိန်ခေါ်ခွင့်ဆောင်ရွက်ရာတွင် အချို့သောအချက်များကို လိုက်နာရန်လိုအပ်သည်။[87] ၎င်းတွင် တန်းတူညီမျှပြီး တရားမျှတမှုကို မျှမျှတတရရှိစေရန် လွတ်မြောက်ခွင့် လက်လွတ်ဆုံးရှုံးခြင်းနှင့် သက်ဆိုင်သည့်မူဂါဒများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အစီအစဉ်များနှင့် ကျင့်သုံးမှုများ အားလုံးသို့ ကျားမတန်းတူအမြင်ဖြင့် ပေါင်းစပ်ထားသည့် အသက်ဝင်သော မူဝါဒတစ်ရပ်ကို မိတ်ဆက်ခြင်း ပါဝင်သည်။[88]

## ၁.၅.၃။ မသန်စွမ်းပုဂ္ဂိုလ်များ

မသန်စွမ်းပုဂ္ဂိုလ်များအတွက် ထိန်းသိမ်းခြင်းဆိုင်ရာ တရားဝင်မှု ရှိ၊ မရှိ (lawfulness) ကို စိန်ခေါ်နိုင်ခွင့်နှင့် စပ်လျဉ်းပြီး သီးသန့်အချက်များလိုအပ်ပါသည်။ မြန်မာနိုင်ငံသည် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးထားရာ မသန်စွမ်းပုဂ္ဂိုလ်များ အပါအဝင် လူသားအားလုံးဆိုင်ရာ အခွင့်အရေး

82 WGAD Basic Principles and Guidelines: Principle 18.

83 CRC. Article 3(1) "In all actions concerning children, whether undertaken by public or private social welfare institutions, courts of law, administrative authorities or legislative bodies, the best interests of the child shall be a primary consideration."

84 The obligation of the State to prioritize alternatives to judicial proceedings in dealing with children in conflict with the law, whenever appropriate, is outlined in the CRC article 40(3).

85 WGAD Basic Principles and Guidelines, Principle 18. For more details see: Committee on the Rights of the Child, The Right of the Child to be Heard, Geneeral Comment No. 12 (2009), CRC/C/GC/12 20, July 2009; Committee on the Rights of the Child, Children's Rights in Juvenile Justice, General Comment No. 10 (2007) CRC/C/GC/10 25 April 2007.

86 Convention on the Elimination of All Forms of Discrimination against Women, G.A. res. 34/180, 34 U.N. GAOR Supp. (No. 46) at 193, U.N. Doc. A/34/46, entered into force Sept. 3, 1981. (Hereinafter: CEDAW).

87 United Nations Rules for the Treatment of Women Prisoners and Non-custodial Measures for Women Offenders (the Bangkok Rules) UN Doc: A/RES/65/229 (16 March 2011) Rule 7.

88 WGAD Basic Principles and Guidelines, Principle 19.

ကို မြှင့်တင်ရန်၊ ကာကွယ်ရန်နှင့် အပြည့်အဝ ခံစားပိုင်ခွင့် ရှိစေရန် တာဝန်ရှိပါသည်။[89]

မသန်းစွမ်းမှုဆိုင်ရာ အဟန့်အတား သို့မဟုတ် အမြင်သဘောထား အပေါ်အခြေခံ၍ ၎င်းတို့အား အတင်းအဓမ္မ အကျဉ်းထောင်သို့ပို့ခြင်း သို့မဟုတ် ဖမ်းဆီးခြင်းကိုတားမြစ်ရန် တာဝန်မှာ အာဏာပိုင်များ လိုက်နာရမည့် အရာဖြစ်သည်။ မသန်စွမ်းမှုဆိုင်ရာ လူ့အခွင့်အရေးအပေါ်အခြေပြုသည့် မလိုလား အပ်သောဖွဲ့စည်းပြဋ္ဌာန်းချက်(institulization)များမှာ မသန်စွမ်းသူများအား ဖယ်ထုတ်နိုင်စေမည့် ဗျူဟာရေးဆွဲရန် နိုင်ငံတော်တွင် တာဝန်ရှိပါသည်။ မသန်စွမ်းပုဂ္ဂိုလ်တစ်ဦး၏ လွတ်မြောက်ခွင့် လက်လွတ်ဆုံးရှုံးမှုသည် ခွဲခြားဆက်ဆံမှုကို တားမြစ်ခြင်း အပါအဝင် ပြည်တွင်း၊ ပြည်ပဥပဒေများကို လိုက်နာရပါမည်။ ထိန်းသိမ်းခြင်းအား စိန်ခေါ်ခွင့်ကို ဆောင်ရွက်ရန် လိုအပ်သည့်အခါ သင့်လျော်သော နေရာထိုင်ခင်းနှင့် ပံ့ပိုးမှုများကို စီစဉ်ပေးရမည်။[90]

### ၁.၅.၄။ နိုင်ငံသားမဟုတ်သူများ (Non-nationals)

တရားရုံးရှေ့တော်သွင်းစာချွန်တော်သည် နိုင်ငံသားမဟုတ်သူများအတွက်လည်း ဖြစ်ရမည်ဖြစ်ပြီး ၎င်းတွင် မည်သည့်လူဝင်မှု အခြေအနေဖြင့်မဆို ဝင်ရောက်လာသည့်ရွှေ့ပြောင်းလာသူများ၊ နိုင်ငံရေး ခိုလှုံခွင့်တောင်းသူများ၊ ဒုက္ခသည်များနှင့် နိုင်ငံမဲ့ပုဂ္ဂိုလ်များ စသည့်တို့ပါဝင်သည်။[91] လွတ်မြောက်ခွင့် လက်လွတ်ဆုံးရှုံးသည့် ထိုသို့သော ပုဂ္ဂိုလ်များအတွက် လွတ်လပ်ပြီး ဘက်မလိုက်သည့် တရားရုံးဥပဒေသို့ ချဉ်းကပ်နိုင်ခွင့် အာမခံချက် ထားရှိပေးရမည် ဖြစ်ပြီး ယင်းတရားရုံးမှ တရားမဝင် သို့မဟုတ် တရားလက်လွတ်ထိန်းသိမ်းခြင်းအတွက် ပြန်လွတ်ပေးရန် အမိန့်ထုတ်ဆင့်ခြင်းအာဏာရှိကာ ပြန်လွှတ်သည့်အခြေအနေများကို ခြားနားစေနိုင်သည်။[92] ၎င်းသည် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံသားအဖြစ်မှ ငြင်းပယ်ခံနေရသော ရိုဟင်ဂျာမွတ်ဆလင်များ သောင်းချီသည့်ပမာဏရှိနေသော နိုင်ငံ၏ လက်ရှိ အခြေအနေအတွက် အထူးသဖြင့် အရေးပါလှပါသည်။

ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ (legality) ကို စိန်ခေါ်မှုပြုသည့် တရားစီရင်ခြင်း ရရှိသည့်အခွင့်အရေးအပေါ် ထပ်မံဖြည့်စွက်ရသော ၎င်းတို့၏ ထိန်သိမ်းခြင်းဆိုင်ရာ လိုအပ်မှု၊ အချိုးကျမှု၊ တရားဝင်မှုနှင့် တရားလက်လွတ်ကင်းမဲ့မှု စသည်တို့ကို ပုံမှန်သော်လည်းကောင်း၊ အလိုအလျောက်သော်လည်းကောင်း တရားစီရင်ရေးအာဏာပိုင်တစ်ရပ်မှ ပြန်လည်ဆန်းစစ်မှုပြုပေးရန် ထိန်းသိမ်းခံရသူတို့မှရပိုင်ခွင့်ရှိသည်။ ၎င်းသည် လိုအပ်မှုရှိခြင်း၊ အချိုးကျခြင်း၊ တရားဝင် ဖြစ်ခြင်းနှင့် တရားလက်လွတ်မှုကင်းခြင်း အစရှိသည့်အချက်များရှိစေရန် တရားရုံးမှ သေချာစေရမည်။ ထိုသို့ဆိုရာဝယ် တရားရုံးမျက်မှောက်တွင် ၎င်းတို့၏ ထိန်းသိမ်းမှုဆိုင်ရာ တရားဝင်မှု သို့မဟုတ် တရားလက်လွတ်မှုကိုစိန်ခေါ်ရန် တရားစီရင်ပိုင်ခွင့်ကို ဖယ်ထုတ်မထားပါ။[93] ရွှေ့ပြောင်းနေထိုင်သူများ၏ ကလေးသူငယ်များကို ယင်းမိဘများ ရွှေ့ပြောင်းလာမှုအခြေအနေအပေါ် မူတည်သောကြောင့် ထိန်းသိမ်းထားခြင်းသည့် ကလေးအခွင့်အရေးကို အမြဲတစေ အခွင့်အရေး ချိုးဖောက်ရာရောက်ပါသည်။[94]

89 International Convention on the Protection and Promotion of the Rights and Dignity of Persons with Disabilities, G.A. Res. 61/106, Annex I, U.N. GAOR, 61st Sess., Supp. No. 49, at 65, U.N. Doc. A/61/49 (2006), entered into force May 3, 2008.

90 WGAD Basic Principles and Guidelines: Principle 20.

91 WGAD Basic Principles and Guidelines: para.60.

92 UN High Commissioner for Refugees (UNHCR), Guidelines on the Applicable Criteria and Standards relating to the Detention of Asylum-Seekers and Alternatives to Detention (2012). para.43: International law prohibits detention or restrictions on the movement of a person on the basis of race, colour, sex, language, religion, political or other opinion, national or social origin, property, birth or other status, such as asylum-seeker or refugee status. This applies even when derogations in states of emergency are in place. States may also be liable to charges of racial discrimination if they impose detention on persons of a "particular nationality". At a minimum, an individual has the right to challenge his or her detention on such grounds; and the State will need to show that there was an objective and reasonable basis for distinguishing between nationals and non- nationals, or between non-nationals, in this regard.

93 WGAD Basic Principles and Guidelines: para.61.

94 WGAD Basic Principles and Guidelines: Principle 21.

# အပိုင်း - ၂။ မြန်မာ့ဥပဒေမူဘောင်

ထိရောက်သောတရားရုံးရှေ့တော်သွင်းစာချွန်တော် လုပ်ထုံးလုပ်နည်းသည် နိုင်ငံရေးဖိနှိပ်မှု တန်ဆာပလာအဖြစ်အသုံးချနိုင်သည့် တရားလက်လွတ်ထိန်းသိမ်းခြင်းကျင့်သုံးမှုကို ကာကွယ်မှု သို့မဟုတ် ဖြေလျှော့မှုပေးနိုင်မည်ဖြစ်သည်။ တရားရုံးရှေ့တော်သွင်းစာချွန်တော် အမိန့်ကို နားလည်သဘောပေါက်ပြီး ထိရောက်စွာ ကျင့်သုံးခြင်းအားဖြင့် ရဲဌာနအနေဖြင့်လည်း မြန်မာ့ဥပဒေအရ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် လုပ်ထုံးလုပ်နည်းများကို လိုက်နာနိုင်မည်ဖြစ်သည်။ ထိရောက်သော တရားရုံးရှေ့တော်သွင်းစာချွန်တော် လုပ်ထုံးလုပ်နည်းကို အသုံးပြုခြင်းဖြင့် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးအပေါ် အပြုသဘောဆောင်သော အမြင်များ ရရှိစေပါမည်။

## ၂.၁။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ စာချွန်တော်ဥပဒေနှင့် စာချွန်တော် လုပ်ထုံးလုပ်နည်း

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း၁၊ ပုဒ်မ ၁၈(ဂ)တွင် ပြည်ထောင်တရားလွှတ်တော်ချုပ်သို့ စာချွန်တော်ထုတ်ပိုင်ခွင့်အာဏာ အပ်နှင်းထားပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်မှ စာချွန်တော်ထုတ်ဆင့်ခြင်းအကြောင်းကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၆၊ ပုဒ်မ ၂၉၆ တွင် ဖော်ပြထားပါသည်။ ယင်းပုဒ်မ ၂၉၆ တွင် အောက်ပါအတိုင်းဖော်ပြထားသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

**(က) အောက်ပါစာချွန်တော်အမိန့်များကို ထုတ်ပိုင်ခွင့်အာဏာရှိသည်**

၁။ ရှေ့တော်သွင်းစာချွန်တော်အမိန့်

၂။ အာဏာပေးစာချွန်တော်အမိန့်

၃။ တားမြစ်စေ စာချွန်တော်အမိန့်

၄။ အာဏာပိုင်မေးစာချွန်တော်အမိန့်

၅။ အမှုခေါ် စာချွန်တော်အမိန့်

**(ခ) နိုင်ငံတော်အတွင်း အရေးပေါ် အခြေအနေများပေါ် ပေါက်ကြောင်း ကြေညာသည့် ဒေသတွင် စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားရမည်။**[95]

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်မှ တရားရုံးရှေ့တော်သွင်း စာချွန်တော် အမိန့် အပါအဝင် စာချွန်တော်အမိန့်ထုတ်ဆင့်မှုကို ၂၀၀၈ အခြေခံဖွဲ့စည်းပုံဥပဒေ၏ အခန်း (၈)ရှိ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဟူသည့်အခန်းတွင် ထပ်လောင်းဖော်ပြထားပါသည်။ ပုဒ်မ ၃၇၈ မှ ဖော်ပြထားချက်အရ 'ပေးအပ်ထားသော အခွင့်အရေးများနှင့် စပ်လျဉ်း၍ လျှောက်ထားလာသည့်ကိစ္စရပ်များ' တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်များကို ထုတ်ဆင့်ပေးခွင့်အာဏာရှိသည်။[96]

အားနည်းချက်များစွာရှိနေလင့်ကစား [97] ၂၀၀၈ ဖွဲ့စည်းအပုံအခြေခံဥပဒေမှ အခန်း (၈) ရှိ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင် စာချွန်တော်အမိန့်ကို အသိအမှတ်ပြုထားခြင်းသည် နိုင်ငံတွင် တရားဥပဒေစိုးမိုးရေးအတွက် အပြုသဘောဆောင်သည့် ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။

95 The Supreme Court's Jurisdiction is confirmed in the The Union Judiciary Law (No. 20 / 2010).

96 Constitution of Myanmar 2008, Art. 378. (a) In connection with the filing of application for rights granted under this Chapter, the Supreme Court of the Union shall have the power to issue the following writs as suitable: (1) Writ of Habeas Corpus; (2) Writ of Mandamus; (3) Writ of Prohibition; (4) Writ of Quo Warranto; (5) Writ of Certiorari.
(b) The right to issue writs by the Supreme Court of the Union shall not affect the power of other courts to issue order that has the nature of writs according to the existing laws.

97 Global Justice Centre. 'The 2008 Constitution Breaches Myanmar/Burma's Binding Obligations under International Law Including the United Nation's Charter' (November 2012).

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃၅၃ နှင့် ၃၇၇ သည် တရားလက်လွတ် ထိန်းသိမ်းခြင်းမှ ကာကွယ်မှုပေးပြီး တရားရုံးရှေ့မှောက်သို့ ခေါ်ဆောင်ခွင့်ပေးထားစဉ်တွင် တရားရုံးရှေ့တော်သွင်း စာချွန်တော်မှ လူတစ်ဦးချင်းစီအနေဖြင့် ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေနှင့်ညီညွတ်မှုကို စိန်ခေါ်ရန် အခွင့်ပေးထားလေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားရုံးရှေ့တော်သွင်းစာချွန်တော်ကို ထည့်သွင်းထားခြင်းသည် နိုင်ငံတကာစံနှုန်းများ နှင့် ပို၍နီးလာစေပြီး လွတ်မြောက်ခွင့် လက်လွတ်ဆုံးရှုံးနေသည့် လူသားအားလုံး၏ အခွင့်အရေးဖြစ်သည့် 'တရား ရုံးတွင် တရားစီရင်မှုရရှိကာ တရားရုံးမှ နှောင့်နှေးမှုမရှိဘဲ ထိုသူ၏ထိန်းသိမ်းခြင်းဆိုင်ရာ တရားဝင်ဖြစ်မှုကို ဆုံးဖြတ် ပေးနိုင်ပြီး အကယ်၍ ယင်းထိန်းသိမ်းခြင်းသည် တရားဥပဒေနှင့်အညီမဖြစ်ပါက ပြန်လွှတ်ပေးရန် အမိန့်ထုတ်ဆင့် နိုင်သည်။' [98]

စာချွန်တော်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ကို ရေးဆွဲမှုမပြုမီ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ စာချွန်တော်အမိန့်များ ထုတ်ဆင့်ရန် စီရင်ပိုင်ခွင့်ရှိခဲ့သည်။[99] စာချွန်တော် အမိန့် လျှောက်ထားကျင့်သုံးရန်အတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းများကို ၂၀၁၁ နှင့် ၂၀၁၃ ခုနှစ်တို့အကြား အတွင်း ရေးဆွဲခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ ဇွန်လတွင် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေ အမှတ်-၂၄/၂၀၁၄ ကို ပြဋ္ဌာန်းခဲ့ပြီး လုပ်ထုံးလုပ်နည်းများကို စနစ်တကျ စီစဉ်ပြဋ္ဌာန်းထားပါသည်။ ၎င်းတွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ စာချွန်တော်များနှင့် စပ်လျဉ်းသောကန့်သတ်ထားသည့် အဓိပ္ပာယ်ဖော်ပြချက်များ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ ၎င်း သည် အချက်အချာဇဟိုထားချက် ကျဉ်းမြောင်းသော်လည်း စာချွန်တော်ဥပဒေသည် ကဏ္ဍတစ်ခုအနေဖြင့် အရေးပါ သည်။ အကြောင်းမှာ ၎င်းသည် အာဏာနှင့် တရားရုံး၏အခန်းကဏ္ဍတို့၏ ကွဲကွာခြင်း အယူဝါဒကို လက်ရှိအနေဖြင့် နားလည်မှုရှိစေရန် ပံ့ပိုးပေးသောကြောင့် ဖြစ်သည်။

စာချွန်တော်ဥပဒေသည် စာချွန်တော်တစ်ရပ်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရား လွှတ် တော်ချုပ်၏ လုပ်ထုံးလုပ်နည်းကို ရှင်းလင်းပေးပါသည်။ စာချွန်တော်ဥပဒေသည် 'လျှောက်ထားလွှာ ကြားနာဆုံးဖြတ် ရေးအဖွဲ့' ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် အတွင်းတွင် ဖွဲ့စည်းပေးပြီး ၎င်းကို တရားသူကြီးချုပ်အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသုံးဦးဖြင့် ဖွဲ့စည်းထားသည် (တရားသူကြီးချုပ် မအားလပ်ပါက လျာထားသည့်သူတစ်ဦးမှ အစားထိုးပေးရမည်)။[100]

စာချွန်တော်ဥပဒေနှင့် စာချွန်တော်လုပ်ထုံးလုပ်နည်းအရ တရားရုံးရှေ့တော်သွင်းစာချွန်တော် လျှောက် ထားချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းရမည်။[101] ၎င်းလျှောက် ထားမှုကို ထိန်းသိမ်းခံရသူမှဖြစ်စေ၊ ထိန်းသိမ်းခံရသူ၏ကိုယ်စား အခြားပုဂ္ဂိုလ် တစ်စုံတစ်ဦးမှဖြစ်စေ အစပြုဆောင် ရွက်နိုင်သည်။ လျှောက်ထားလွှာတွင် ရှင်းလင်းထုတ်ပြန်ချက် ထပ်ပေါင်းဖြည့်ရန် သတ်မှတ်ထားသည်။[102] လျှောက် ထားလွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းရမည် -

- ကိုယ်ရေးကျိုးကြောင်းပြချက်စာ[103] (A personal justification letter)
- ထိန်းသိမ်းခြင်းသည် အဘယ်ကြောင့် တရားဝင်မှုမရှိကြောင်း လျှောက်ထားသူမှ ယုံကြည်ရသည့် အကြောင်းရင်းများကို ဖော်ပြသည့် ကျမ်းကျိန်လွှာ[104]

98 ICCPR. para.9(4); Article 17(2)(f) of the Convention on Enforced Disappearance; Article 37(d) of the CRC; Article 16(8) of the Migrant Workers Convention; Article 7(6) of the American Convention on Human Rights; Article 14(6) of the Arab Charter; Article 5(4) of the European Convention; Principle 32 of the Body of Principles; Guideline 32 of the Robben Island Guidelines; Section M(4) and (5) of the Principles on Fair Trial in Africa; Article XXV of the American Declaration; Guideline VII(3) of the CoE Guidelines on human rights and counter-terrorism; See also: Article 8 of the Universal Declaration of Human Rights.

99 The Union Judiciary Law (Law No. 20/2010).

100 Writs Act 2014, Ch. 4, Section 7.

101 Writs Act 2014, Section 4; Writs Rules 2013, Section 3.

102 Writs Rules 2013, Section 4.

103 Writs Act 2014, Section 6; Writs Rules 2013, Section 4.

104 Writs Rules 2013, Section 4. Although not stated in the procedure, the ICJ was informed in an interview with a Lawyer on 2 December 2012, that additional statements from witnesses are sometimes required. ICJ interview, lawyer, Yangon, 2 December 2012.

မူလတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လျှောက်ထားလွှာများကို ပူးတွဲပါသက်ဆိုင်ရာ အထောက်အကူပြု စာရွက်စာတမ်းများနှင့်အတူ ပြည့်စုံမှုရှိမှသာ လက်ခံခဲ့ပါသည်။[105] ယင်းလုပ်ထုံးလုပ်နည်း စည်းမျဉ်းကို ၂၀၁၃ ခုနှစ်တွင် ပြင်ဆင်မှုပြုခဲ့ပြီး ပြည့်စုံမှုမရှိသော လျှောက်ထားလွှာများကို မည်သို့ပြည့်စုံစေရန် ဆောင်ရွက်ရမည့် ညွှန်ကြားချက်နှင့်အတူ ပြန်လည်ပေးပို့ခြင်းကို သေချာစေမှု ရှိစေပါသည်။

တရားရုံးရှေ့တော်သွင်းစာချွန်တော်အမိန့်အတွက် လျှောက်ထားလွှာကို ပြည်ထောင်စုတရား လွှတ်တော်ချုပ်ညွှန်ကြားရေးမှူး သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူးမှ ကနဦးကြားနာမှုပြုကာ လက်ခံပါက ယေဘုယျ လျှောက်ထားမှုကို အစပြုနိုင်မည်ဖြစ်သည်။[106] ယင်းယေဘုယျ လျှောက်ထားမှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တာဝန်ကျတရားသူကြီးထံ ပေးပို့ရမည်။[107] အမှုကြားနာသည့် တရားသူကြီးသည် တင်ဆက်သည့် သက်သေခံ အထောက်အထားအပေါ် အခြေခံ၍ ကြားနာမှုမပြုဘဲ တရားရုံးရှေ့တော်သွင်းစာချွန်တော်ခွင့်ပြုရန် တစ်ဦးတည်း ဆုံးဖြတ်ပိုင်ခွင့် အာဏာရှိသည်။[108] အကယ်၍ စာချွန်တော်အမိန့်အား အချိန်နှင့်တပြေးညီ ခွင့်ပြုချက် မပေးပါက တရားသူကြီးအနေဖြင့် ထိန်းသိမ်းမှုပြုသည့် အာဏာပိုင်အားတရားရုံးသို့ လာရောက်စေကာ တရားရုံးရှေ့တော်သွင်းစာချွန်တော်အား ခွင့်မပြုသင့်သည့်အကြောင်းကို ရှင်းပြစေရန် ဆင့်ခေါ်ရမည်။[109]

ကြားနာမှုပြုသည့်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နှစ်ဖက်စလုံးမှ တင်ပြချက်များကို ကြားနာပြီးသည်နောက် တာဝန်ကျတရားသူကြီးသည် ထိန်းသိမ်းခံရသူကို ပြန်လွှတ်ရန် အမိန့်ချမှတ်ခြင်းဖြစ်စေ၊ ထိန်းသိမ်းခံရသူကို လျှောက်ထားခံရသူနှင့်အတူ သတ်မှတ်ထားသည့် နေ့ရက်နှင့်အချိန်တွင် လာရောက်ရန် ဆင့်ခေါ်မှုပြုခြင်းကိုဖြစ်စေ ဆောင်ရွက်နိုင်သည်။[110] ပုဒ်မ ၁၂ အရ လျှောက်ထားခံရသူသည် စာချွန်တော်ရုံးကြားနာရေးအဖွဲ့သို့ လာရောက်ခြင်း သို့မဟုတ် လျှောက်ထားလွှာကို တင်သွင်းခြင်း ဆောင်ရွက်ခွင့်ရှိသည်။ လျှောက်ထားလွှာကို ကြားနာချိန်တွင် ထိန်းသိမ်းခံရသူအား မျက်မှောက်တွင်ရှိစေရန် စာချွန်တော်ဥပဒေ သို့မဟုတ် လုပ်ထုံးလုပ်နည်း ဆိုင်ရာ စည်းမျဉ်းများက တောင်းဆိုမှုမပြုရပါ။

ပဏာမကြားနာမှုပြီးသည်နောက် အချုပ်ခန်းတွင် ထိန်းသိမ်းထားခံရသူအား ထိန်းသိမ်းထားသူ၊ မိသားစုဝင် သို့မဟုတ် ကိုယ်စားပြုသူတစ်ဦးထံ ဆင့်ခေါ်စာထုတ်ဆင့်ပေးပါမည်။[111] အကယ်၍ ဆင့်ခေါ်ခံရသူသည် တာဝန်ရှိ အကျဉ်းထောင်အရာရှိတစ်ဦး သို့မဟုတ် ဝန်ထမ်းတစ်ဦး ဖြစ်နေပါက ၎င်းအနေဖြင့် မိမိလက်အောက်ခံဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးအား ထိန်းသိမ်းခံရသူ၏ ထိန်းသိမ်းထားရာနေရာသို့ သွားရောက်ရန် အတည်ပြုပေးရမည်။[112] အကယ်၍ လူပုဂ္ဂိုလ်တစ်ဦးထက်မက ဆင့်ခေါ်ခံရပါက ယင်းဆင့်ခေါ်စာကို ကြီးကြပ်ရေးမှူးထံ ပေးပို့ပြီး အခြားသူများထံ မိတ္တူပေးပို့ရပါမည်။[113]

ဆင့်ခေါ်စာရရှိသည့် လျှောက်ထားခံရသူသည် မေးခွန်း (Query) အပေါ် ဖြေကြားချက်အား ပြည်ထောင်စု တရားရုံးချုပ်သို့ တင်သွင်းရမည်ဖြစ်ပြီး ၎င်းတွင် အဆိုပါပုဂ္ဂိုလ်၏ ထိန်းသိမ်းခံရသည့် အကြောင်းအရင်းများ ပါဝင်ရမည်။[114] ဆင့်ခေါ်ခံရသည့်ပုဂ္ဂိုလ်သည် ဖြေကြားချက်များကို ပြင်ဆင်ခြင်းသော်လည်းကောင်း၊ ထပ်မံဖြည့်စွက်သည့် ဖြေကြားချက်များကို ရုံးတော်၏ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းနိုင်သည်။[115]

105 Ibid.
106 Writs Act 2014, Section. 8; Writs Rules 2013, Section 6.
107 Writs Rules 2013, Section 7.
108 Ibid. Section 8.
109 Ibid. Section 9.
110 Writs Rules 2013, Section 12, 14.
111 Writs Rules 2013, Section 13.
112 Ibid.
113 Ibid.
114 Writs Rules 2013, Section 15.
115 Ibid.

ဆင့်ခေါ်ခံရသူ၏ ဖြေကြားချက်ကို ဦးစွာဖတ်ကြားရမည်။ ၎င်းနောက် တရားရုံးတော်မှ ထိန်းသိမ်းခံရသူအား ပြန်လွှတ်ပေးရန် အမိန့်ချမှတ်ခြင်း၊ ရမန်ထုတ်ဆင့်ခြင်း၊ ထပ်မံပြင်ဆက်ချက်များ ပြုလုပ်ခြင်း သို့မဟုတ် မေးခွန်း (query) အား ဖြေကြားချက်ကို ပယ်ဖျက်ခြင်းများကို ဆောင်ရွက်နိုင်သည်။[116] ဆုံးဖြတ်၍မရက ယင်းလျှောက်လဲချက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးချုပ်ထံ အပြီးသတ်ကြားနာမှုအတွက် တင်သွင်းရမည်။[117] ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ တရားသူကြီးသုံးဦးမှ အပြီးသတ်ကြားနာမှုကို ဆောင်ရွက်ပါသည်။[118] တရားသူကြီးချုပ်သည် ကနဦး သို့မဟုတ် အပြီးသတ်ကြားနာမှု တစ်ခုခုတွင် သဘာပတိအဖြစ် ဆောင်ရွက်နိုင်သည်။[119]

လုပ်ထုံးလုပ်နည်းဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၉ အရ ထိန်းသိမ်းခံရသူသည် ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရှေ့မှောက်၌ အပြီးသတ်ကြားနာစိစစ်မှုတွင် လာရောက်ရမည်ဟု ဖော်ပြထားသည်။ လျှောက်ထားသူ၏လျှောက်လဲချက်များကို ပထမကြားနာကြပြီးနောက် ရှေ့နေချုပ် သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်ထံမှ လျှောက်လဲချက်ကို ကြားနာရပါမည်။[120] လျှောက်ထားသူအတွက် ထပ်မံဖြည့်စွက်သင့်သည့် လျှောက်လဲချက်များရှိက ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ၎င်းတို့အား ကြားနာပေးရမည်။[121]

တရားရုံးသည် ကြားနာစိစစ်သည့်တစ်ရက်တည်းတွင် စီရင်ချက်ကို ထုတ်ပြန်နိုင်သော်လည်း ပုံမှန်အားဖြင့် ဤသို့ဖြစ်လေ့ဖြစ်ထမရှိပါ။ လုပ်ထုံးလုပ်နည်းဆိုင်ရာ နည်းဥပဒေပုဒ်မ ၂၇ အရ တရားရုံးသည် စီရင်ချက်ထုတ်ဆင့်ရန် နေ့ရက်တစ်ရက်ကို သတ်မှတ်ရန်အခွင့်ရှိသည်။ ပုံမှန်အားဖြင့် အပြီးသတ်ကြားနာစိစစ်မှုပြုပြီး ခန့်မှန်းခြေအားဖြင့် တစ်ပတ်ခန့်အကြာတွင် တရားစီရင်မှုများကို လွှဲယူနိုင်ပါသည်။[122]

## ၂.၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ (CrPC) ပုဒ်မ ၄၉ ၁ (၁)

မြန်မာ့ဥပဒေများသည် တရားလွှတ်တော်များ ရှေ့မှောက်တွင် တရားရုံးရှေ့တော်သွင်းစာချွန်တော်နှင့် အလားတူသည့် လုပ်ထုံးလုပ်နည်းတစ်ခုကို ပြဋ္ဌာန်းထားသော်လည်း ICJ အနေဖြင့် ယင်းလုပ်ထုံးလုပ်နည်းကို ဖြစ်နိုင်စွမ်းရှိစွာ အသုံးဝင်သော လုပ်ထုံးလုပ်နည်းအား အသုံးပြုမှုတစ်စုံတစ်ရာကို လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း စာတမ်းမပြုစုထားနိုင်ခဲ့ပါ (ဤလုပ်ထုံးလုပ်နည်းကို အဘယ်ကြောင့် မြန်မာ့ရှေ့နေများကို ယခုအချိန်တွင် အသုံးမပြုကြသည်ကိုလည်း ICJ မှ စာတမ်း မပြုစုနိုင်သေးပါ)။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံချက်ရရှိထားသည့် တရားရုံးရှေ့တော်သွင်းစာချွန်တော်အမိန့် အပြင် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁ (၁) (က) နှင့် (ခ) တွင် တရားရုံးရှေ့တော်သွင်း စာချွန်တော် နှင့်အလားတူသည့် ကုစားမှုတစ်ရပ်ကို စီစဉ်ပေးထားပါသည်။ ၎င်းသည် တရားမဝင် ထိန်းသိမ်းခြင်းခံရသည့် တစ်ဦးတစ်ယောက်အား လွတ်မြောက်စေရန် အယူခံဝင်မှုကို လက်ခံဆောင်ရွက်ပေးသည့် ရာဇဝတ်မှုဆိုင်ရာ အယူခံစီရင်ပိုင်ခွင့်အာဏာကို တရားလွှတ်တော်များတွင် အပ်နှင်းထားလေသည်။ အခန်း ၃၇ မှ ရှေ့တော်သွင်းစာချွန်တော်ကဲ့သို့ သဘောသဘာဝရှိသော ညွှန်ကြားချက်များရှိ ပုဒ်မှ ၄၉၁ (၁) တွင်ဖော်ပြထားသည်မှာ တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်[123] သည် မိမိသင့်သည်ထင်မြင်သည့်အတိုင်း ရှေ့တော်သွင်း စာချွန်တော်တစ်ရပ်ကဲ့သို့ သဘောသဘာဝရှိသော ညွှန်ကြားချက်များကို ထုတ်ဆင့်နိုင်သည် -

---

116 Writs Rules 2013, Section 16.
117 Writs Act 2014, Section 11; Writs Rules 2013, Section 17.
118 Writs Act 2014, Section 7(b); Writs Rules 2013, Section 18.
119 Writs Act 2014, Section 7(c).
120 Writs Rules 2013, Section 19.
121 Ibid.
122 ICJ, Lawyer interview Yangon, 2 December 2012.
123 High Courts of the Region were added by CrPC Amendment Law no.16/2016, January 20th 2016. In Section 491 (2) Supreme Court of the Union may, from time to time, frame rules to regulate the procedure in cases under this section. For example see: High Court Notification No. 10 (General), dated the 17th September 1947, as amended by Notification No.3 (General), dated the 26th May 1949 (High Court Rules and Orders, Third Edition, p. 515).

(က) မိမိ၏ပြစ်မှုဆိုင်ရာ အယူခံစီရင်ပိုင်ခွင့်အာဏာ နယ်မြေအတွင်း တစ်ဦးတစ်ယောက်ကို တရားဥပဒေနှင့်အညီ ဆောင်ရွက်ရေးအတွက် တရားရုံးရှေ့သို့ တင်ပို့ပေးရန်၊

(ခ) အဆိုပါ စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်း၌ မတရားဖြစ်စေ၊ နည်းလမ်းမကျဘဲဖြစ်စေ အများပြည်သူဆိုင်ရာအချုပ်၊ သို့မဟုတ် ပုဂ္ဂလိကအချုပ်မှ လွှတ်ရန်၊

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၂ စစ်တပ်အာဏာသိမ်းမှုကာလအတွင်း ဖျက်သိမ်းလိုက်ရာ ၎င်းပြဋ္ဌာန်းချက်မှာ တရားမဝင်ထိန်းသိမ်းမှုများကို စိန်ခေါ်နိုင်ရန် ဥပဒေပြဋ္ဌာန်းမှုတစ်ရပ်အဖြစ် ရပ်တည်လျက် ရှိပါသည်။[124] မည်သို့ပင်ဆိုစေ ICJ မှလက်လှမ်းမီရရှိသည့် သတင်းအချက်အလက်များအရ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁ အား ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် မှီငြမ်းမှုပြုခြင်း မရှိတော့ပါ။

သို့သော်လည်း ယင်းပြဋ္ဌာန်းမှုသည် ဆက်လက်အာဏာသက်ဝင်လျက်ရှိသည်။ ထို့ပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ရှင်းလင်းထားသည်မှာ "ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အပ်နှင်းသည့် စာချွန်တော်အမိန့်များထုတ်ဆင့်ခွင့်အာဏာသည် အခြားတရားရုံးများအား တည်ဆဲဥပဒေများ အရအပ်နှင်းထားသည့် စာချွန်တော်အမိန့်သဘောမျိုးသက်ရောက်သည့် အမိန့်ထုတ်ဆင့် ပိုင်ခွင့် အာဏာကို မထိခိုက်စေရ"[125] ဟူ၍ဖြစ်သည်။ သို့ဖြစ်၍ ရှေ့နေများသည် နိုင်ငံတော်အဆင့် တရားလွှတ်တော်မှ စာချွန်တော်အမိန့်ကဲ့သို့ အလားတူအမိန့်များအား လျှောက်ထားချက်များကို အမှုတင်သွင်းမှု စတင်လုပ်ဆောင်နိုင်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁ သည် ယနေ့အချိန်အထိ ဆက်လက်တည်မြဲနေပြီး ထိန်းသိမ်းခံရသူများသည် ၎င်းတို့အား ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ တရားဥပဒေနှင့်ညီညွတ်မှုအား တရားရုံးမှ အဆုံးအဖြတ် ရရှိနိုင်ပြီး၊ ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းသည် တရားဥပဒေနှင့် ညီညွတ်မှုမရှိဟု တရားရုံးမှ မှတ်ယူပါက ပြန်လည်လွတ်မြောက်ရန်အတွက် အရေးပါသောလမ်းကြောင်းတစ်ခုကို ပြင်ဆင်ပေးပါသည်။ ထို့အပြင် တရားလွှတ်တော်များသည် နေပြည်တော်တွင်သာမဟုတ်ဘဲ ပြည်နယ်ရှိ မြို့တော်များတွင် တည်ရှိကြရာ လျှောက်ထားမှုလုပ်ငန်းစဉ်အား ပို၍ရိုးရှင်းစေပါသည်။ တရားလွှတ်တော်သို့ရှေ့တော်သွင်းစာချွန်တော် လျှောက်ထားချက်များသည် အချိန်နှင့် ကုန်ကျစရိတ်များ သက်သာစေပြီး တရားလွှတ်တော်များသို့လက်လှမ်းမီချဉ်းကပ်နိုင်မှု ပိုမိုလွယ်ကူလာပါလိမ့်မည်။

ICJ သို့ ရှေ့နေများ၏ ရှင်းလင်းပြောပြချက်အရ ထိုကဲ့သို့သော လျှောက်ထားချက်မျိုးကို တရားလွှတ်တော်ရှေ့မှောက်တွင် အသုံးပြုရန် မဆောင်ရွက်ကြကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းပုဒ်မ၏ အသုံးချဆောင်ရွက်သည့်အချက်သည် ရှုပ်ထွေးနေမှုကြောင့်ဖြစ်သည်ဟု ဆိုကြပါသည်။ အခြားသူများကလည်း လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာမခံချက်ပေးထားသည့် တရားရုံး ရှေ့တော်သွင်းစာချွန်တော်အမိန့်သည် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁ ထက် ပို၍ သာလွန် သည်ဟု ယုံကြည်ကြလေသည်။[126] အခြားသူများကလည်း မိမိတို့၏ အမှုသည်သည် တရားရုံးတွင် ရောက်ရှိနေပြီးဖြစ်သောကြောင့် ယင်းပြဋ္ဌာန်းချက်သည်မလိုအပ်ဟု ထောက်ပြကြလေသည်။[127]

124 Nick Cheesman, 'The Incongruous Return of Habeas corpus to Myanmar' in Nick Cheesman, Monique Skidmore and Trevor Wilson, Ruling Myanmar From Cyclone Nargis to National Elections, (Institute of Southeast Asian Studies (ISEAS) Singapore) p. 96.
125 Constitution of Myanmar 2008, Section 378(b).
126 ICJ interview, lawyers Yangon, 22 April 2013.
127 ICJ Interview, lawyers, Yangon, 2014.

## ၂.၃။ မြန်မာနိုင်ငံရှိ တရားရုံးရှေ့တော်သွင်းစာချွန်တော်ဆိုင်ရာ အလေးထားစရာများ

မြန်မာနိုင်ငံတွင် ထိန်းသိမ်းခြင်းနှင့် မျှတသော တရားခွင်နှင့်စပ်လျဉ်း၍ ဆက်လက်တည်ရှိနေသော အလေးထားစရာများ[128] တစ်ဘက်တွင် တရားရုံးရှေ့တော်သွင်းစာချွန်တော်အမိန့် လျှောက်ထားမှုနှင့် တရားလက်လွတ် ဖမ်းဆီးထိန်းသိမ်းခြင်းမှ လက်တွေ့ကျကျထိရောက်သော ကာကွယ်မှုဆိုင်ရာ ပြဌာန်းချက် စသည်တို့နှင့် ဆက်စပ်သည့် ချို့ယွင်းချက်များရှိနေပါသည်။

### ၂.၃.၁။ တရားစီရင်ရေး လွတ်လပ်မှု

မြန်မာနိုင်ငံ၏ တရားစီရင်ရေးသည် လွတ်လပ်မှုမရှိပါ။ ဆယ်စုနှစ်များစွာ အာဏာပိုင်များ၏ စိုးမိုးမှုကြောင့် မြန်မာနိုင်ငံ၏ တရားစီရင်ရေးမှာ တဖြည်းဖြည်းဆုတ်ယုတ်သွားခဲ့ကာ ဥပဒေစနစ်၏ လွတ်လပ်မှုကို အထိခိုက်ခံခဲ့ရပါသည်။ အုပ်ချုပ်ရေးဌာနသည် အထူးသဖြင့် နိုင်ငံ၏တပ်မတော်နှင့် လုံခြုံရေးတန်ဆာပလာများနှင့်အတူ တရားစီရင်ရေးအပေါ် မထိုက်တန်သော လွှမ်းမိုးမှုများ ထိန်းသိမ်းထားရှိခဲ့ကြသည်။ နိုင်ငံရေးအရ ထိရှမိလွယ်ကူပြီး ရာဇဝတ်မှုဆိုင်ရာ အမှုများတွင် နိုင်ငံတော်နှင့် လုံခြုံရေးအာဏာပိုင်များမှ မသင့်လျော်သော လွှမ်းမိုးခြယ်လှယ်မှုများ စဉ်ဆက်ထားရှိခဲ့ကြကြောင်းစသည်များ ICJ မှ အင်တာဗျူးသည့်ရှေ့နေများက သဘောတူကြပါသည်။[129] တရားရုံးရှေ့တော်သွင်းစာချွန်တော် လျှောက်ထားမှုများသည် အောင်မြင်နိုင်မည်မဟုတ်ဟု မြန်မာနိုင်ငံရှိ ရှေ့နေအမြောက်အများက ယူဆကြသည်။ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ရဲဌာနနှင့် တပ်မတော်အပေါ် လွှမ်းမိုးမှုရှိနိုင်ရမည်ဖြစ်သည်။

တရားရုံးရှေ့တော်သွင်းစာချွန်တော်ကို ကောင်းမွန်စွာလျှောက်ထားနိုင်ရန် အမှီအခိုကင်းလျက် လွတ်လပ်စွာ ဆုံးဖြတ်ချက်ချမှတ်နိုင်မည့် တရားစီရင်ရေးလိုအပ်ပြီး ၎င်းသည် အစိုးရ၏လုပ်ဆောင်မှုများကို ဥပဒေနှင့်ညီညွတ်မှုရှိ၊ မရှိကိုလည်း အဆုံးအဖြတ်ပေးနိုင်ရမည်။ လွတ်လပ်သော တရားစီရင်ရေး မရှိသရွေ့ တရားရုံးရှေ့တော်သွင်းစာချွန်တော်သည်လည်း ထိရောက်မှုရှိမည် မဟုတ်ပေ။ အခြားသော အစိုးရဌာနများ၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် လုပ်ငန်းတာဝန်တို့တွင် လွတ်လပ်သော တရားစီရင်ရေးရှိခြင်းဆိုရာတွင် မျှတသော တရားခွင်နှင့် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာမှုတို့အတွက် လိုအပ်သော အခြေအနေတစ်ရပ်ဖြစ်သည်။[130] သို့ဖြစ်သောကြောင့် နိုင်ငံတစ်ခု၏ တရားစီရင်ရေးသည် အခြားသော အစိုးရဌာနများမှ စစ်မှန်သော အမှီအခိုကင်းမှုရှိစေရန် ၎င်းနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ဥပဒေရပ်များနှင့် မူဝါဒများက သေချာစေရပါမည်။

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉ မှ ဖော်ပြထားသည်မှာ "တရားစီရင်ရေးမူများအဖြစ်" သတ်မှတ်ထားသည်မှာ "ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊ ဥပဒေအရကန့်သတ် ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံဝင်ပိုင်ခွင့်ရရှိရေး"[131]

---

128 Amnesty International, New Expression Meets Old Repression: Ending the Cycle of Arrest and Imprisonment in Myanmar. (24 March 2016, Index number: ASA 16/3430/2016) Available at: https://www.amnesty.org/download/Documents/ASA1634302016ENGLISH.PDF.

129 ICJ, Right to Counsel. p. 2.

130 See, among others, Human Rights Committee, General Comment No. 29, States of Emergency (Article 4), UN Doc. CCPR/C/21/Rev.1/Add.11 (2001), para.16; Bacre W. N'diaye, Special Rapporteur on extrajudicial, summary or arbitrary executions, and Param Cumaraswamy, Special Rapporteur on the independence of judges and lawyers, Report to the Commission on Human Rights on the Situation of human rights in Nigeria, UN Doc. E/CN.4/1997/62/Add.1 (1997), para.71: "... the separation of power[s] and executive respect for such separation is a sine qua non for an impartial judiciary to function effectively"; Param Cumaraswamy, Special Rapporteur on the independence of judges and lawyers, Report to the Commission on Human Rights, UN Doc. E/CN.4/1995/39 (1995), para.55: "... the principle of the separation of powers, which is the bedrock upon which the requirements of judicial independence and impartiality are founded. Understanding of, and respect for, the principle of the separation of powers is a sine qua non for a democratic State and is, therefore, of cardinal importance for countries in transition to democracy...".

131 These principles are also reflected in the Union Judiciary Law (The State Peace and Development Council Law, No. 20/2010) Section 3.

ဟူ၍ဖြစ်သည်။ အမိုအခိုကင်းသည့်လွတ်လပ်မှု အခြေခံသဘောတရား အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်တို့မှ တရားသူကြီးချုပ်နှင့် တရားသူကြီးများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရပါမည်ဟု မှုသတ်မှတ်ထားပါသည်။[132]

သို့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များကိုလက်တွေ့ကျင့်သုံးမှုမရှိကြသေးပါ။ တရားဝင်လွတ်လပ်သောအဖွဲ့အစည်းများတွင်ပင် တရားစီရင်ရေးအနေအထားသည် တပ်မတော်၏ အာဏာနှင့် လွှမ်းမိုးမှု အုပ်ချုပ်ရေး တို့အတွက် လိုက်ဖက်မှုမရှိသေးပါ။[133] ၂၀၁၃ ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်တော်မှ မြန်မာနိုင်ငံတွင်ထုတ်ဖော်ခဲ့သည်မှာ ၎င်းအနေဖြင့် "အစိုးရဌာနအုပ်ချုပ်ရေးမှ တရားစီရင်ရေးတွင် လွတ်လပ်မှုတစ်စုံတစ်ရာ တိုးတက်လာမှုနှင့်ပတ်သက်သည့် မည်သည့် သက်သေအထောက်အထားမျှ တွေ့ရှိခြင်း မရှိရပါ"ဟူ၍ ဖြစ်သည်။[134]

တရားသူကြီးများအပေါ် နိုင်ငံရေးနှင့် တပ်မတော်တို့၏လွှမ်းမိုးမှုသည် တရားဥပဒေစိုးမိုးရေးအတွက် ကြီးမားသည့် အဟန့်အတားဖြစ်သည်။ အမှု၏ သဘောသဘာဝအပေါ် မူတည်၍ တရားသူကြီးများက အစိုးရာအရာရှိများ၊ အထူးသဖြင့် ပြည်တွင်းဒေသဆိုင်ရာ အာဏာပိုင်များထံမှလာသည့် အမိန့်များအပေါ် အခြေပြုလျက် ဆုံးဖြတ်ချက်များ ချမှတ်ရလေ့ရှိသည်။ ပြဿနာအကြီးမားဆုံးဖြစ်သည့် အမှုများမှာ အစိုးရ၊ အရာရှိများ သို့မဟုတ် ၎င်းတို့၏ အကျိုးစီးပွားများကို စိန်ခေါ်မှုပြုခြင်းဖြစ်သည်။[135] အထူးကိုယ်စားလှယ်တော်ကသူမ၏ ခရီးစဉ်တစ်လျှောက်တွင် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေကို ဆိုးရွားစွာချိုးဖောက်မှုပြုခြင်းအတွက် မြန်မာနိုင်ငံ၏အာဏာပိုင်များ၏ တာဝန်ခံမှုကို ကိုင်တွယ်ရန် အမြဲအရေးနိမ့်ရကြောင်း အစီရင်ခံခဲ့ရပါသည်။[136]

မြန်မာနိုင်ငံရှိ တရားစီရင်ရေးသည် အမိုအခိုကင်းကြောင်း ပြသရန် ခြေလှမ်းစတင်လှမ်းနေသော်လည်း အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များကို တိုက်ရိုက်စိန်ခေါ်မှုပြုရန် ဆန္ဒပြင်းပြမှုမရှိခြင်းနှင့် ဆောင်ရွက်နိုင်စွမ်းမရှိခြင်းတို့ ဖြစ်နေလေသည်။ အချို့သော တရားသူကြီးများသည် တပ်မတော်ထံ သစ္စာခံနေသည်ဟု ခံစားကြပြီး လွတ်လပ်စွာဆောင်ရွက်ရန် မတတ်နိုင်ကြပါ။ တရားရုံးများသည် ထိရှလွယ်ကူသော အမှုကိစ္စများတွင် အထူးစိတ်ပါဝင်စားမှုထားရန် ချီတုံချတုံ ဖြစ်နေကြသည်။ တရားသူကြီးများနှင့် ရှေ့နေများသည် အစိုးရတာဝန်ခံမှုကို ထိန်းသိမ်းရန်အတွက် အလေ့အထမရှိခဲ့ကြပါ။

လွတ်လပ်သောတရားစီရင်ရေးအတွက် ကန့်သတ်ချက်များရှိနေလင့်ကစား ၂၀၁၃ ခုနှစ်မှစ၍ ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး (OSCU) တို့သည် ၎င်းတို့၏ အာရုံစူးစိုက်မှုကို စာချွန်တော်အမိန့်ဘက်ဆီသို့ဦးလှည့်လျက်ရှိပါသည်။ ဥပမာ၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိများမှ "မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေအရ အထူးအမိန့်ဖြင့် ထုတ်ပြန်သည့် စာချွန်တော်အမိန့်" ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (Seminar)ကို ICJနှင့်အတူတကွနေပြည်တော်တွင်စီစဉ်ကျင်းပခဲ့ပါသည်။[137] ဤဆွေးနွေးပွဲအစီအစဉ်သည် ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းသည့်အချိန်မှ နှစ်ပေါင်း ၅၀ တိုင်အောင် စာချွန်တော်အမိန့်အကြောင်း အများပြည်သူ[138] တို့၏ ဟောပြောချက် ဆိတ်ကွယ်နေမှုကို ချိုးဖျက်ခဲ့ပါသည်။ OSCU သည် ၂၀၁၄ ခုနှစ်တွင် စာချွန်တော်

---

132 Constitution of Myanmar 2008, Art. 300(a) and Art. 301(f) and Union Judiciary Law, S. 30(f) for the Chief Justice of the Union and the Judges of the Supreme Court; Art. 309(a) and Art. 310(f) and Union Judiciary Law S. 48(f) for the Chief Justices and Judges of the High Courts; 2008 Constitution, Art. 330(c) and Art. 333(f) for the Justices of the Constitutional Court.

133 Melissa Crouch, 'The Common Law and Constitutional Writs: Prospects for Accountability in Myanmar' in Lindsay & Crouch (eds.) Law, Society and Transition in Myanmar (Hart, 2014) p.146.

134 Tomás Ojea Quintana, Special Rapporteur on the situation of human rights in Myanmar, Report to the Human Rights Council, UN Doc. A/HRC/22/58 (17 April 2013), para.63.

135 ICJ, Right to Counsel. pp. 18, 40.

136 Yanghee Lee, Special Rapporteur on the situation of human rights in Myanmar, Report to the Human Rights Council, UN Doc. A/HRC/28/72 (23 March 2015).

137 Details of the Workshop are available here: http://www.icj.org/icj-holds-seminar-on-prerogative-writs-under-the-2008-constitution-of-myanmar/.

138 Melissa Crouch, 'The Common Law and Constitutional Writs: Prospects for Accountability in Myanmar' in Lindsay & Crouch (eds.) Law, Society and Transition in Myanmar (Hart, 2014) p.147.

အမိန့် ဦးစီးဌာန (Writs Department) ကိုဖွင့်လှစ်ခဲ့ပြီး ယခုတွင် စတင်အခြေတည် ဖွံ့ဖြိုး မှုအဆင့်တွင် ရှိနေပါသည်။ စာချွန်တော်အမိန့်အပေါ် ပြန်လည်ဆန်းသစ်လာသည့် စိတ်ပါဝင်စားမှု သည် တိုးပွားလာနေသည့် အမှုပေါင်းများစွာ၏ လက်တွေ့ကျကျ လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်ပါမည်။ ၎င်းသည်လည်း အနာဂတ်တွင် အားကောင်းလာသည့် အစိုးရတာဝန်ခံမှုနှင့် တရားစီရင်ရေး လွတ်လပ်မှုတို့ ဖြစ်လာစေရန် တံခါးဖွင့်ပေးနိုင်မည်ဖြစ်သည်။[139]

## ၂.၃.၂။ အရေးပေါ် အခြေအနေ

၂၀၀၈ ခုနှစ်တွင် စာချွန်တော်အမိန့်ကို ပြန်လည်အသက်သွင်းခြင်းသည် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးအားလေးစားမှုတို့ အားကောင်းလာစေရေးအတွက် အဓိကကျသော အချက်အဖြစ် မှတ်ယူရပါမည်။ ဤစာတမ်း၏ အပိုင်း ၁ တွင် ဖော်ပြခဲ့သည့်အတိုင်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအရ တရားရုံးတွင် ထိန်းသိမ်းခြင်းအား ဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိအား စိန်ခေါ် နိုင်ခွင့်သည် နိုင်ငံတော်မှပေးအပ်ထားသော တိကျသည့် အခွင့်အရေးချိုးဖောက်မှုများမှ ကာကွယ်ပေးသည့် ကုစားမှုတစ်ရပ်ဖြစ်ရာ ၎င်းတွင် တရားလက်လွတ်ထိန်းသိမ်းခြင်း၊ နှိပ်စက်ခြင်း သို့မဟုတ် မညှာမတာ ဆက်ဆံခြင်းနှင့် အတင်းအဓမ္မအပျောက်ဖျောက်ခြင်း စသည်တို့ ပါဝင်သည်။ ၎င်းသည် အချိန်အားလုံးအတွက် အကျုံးဝင်မှုရှိပြီး နိုင်ငံတော်မှ ပေးအပ်ထားသော တိကျသည့်အခွင့်အရေး ချိုးဖောက်မှုများ မဖြစ်စေပါ။[140]

သို့သော်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၆(ခ) (၎င်းသည် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြဋ္ဌာန်းချက်ကို ပြန်လည်ပြဋ္ဌာန်းခြင်းဖြစ်သည်) နှင့် စာချွန်တော်ဥပဒေ အခန်း ၂၊ ပုဒ်မ ၃ တို့အရ အရေးပေါ် အခြေအနေကြေညာသည့် ဒေသများတွင် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားပါမည်။

စာချွန်တော်ဥပဒေ အခန်း ၂၊ ပုဒ်မ ၃ တွင် "နိုင်ငံတော်အတွင်း အရေးပေါ် အခြေအနေများ ပေါ် ပေါက်ကြောင်း ကြေညာသည့်ဒေသတွင် စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားရမည်"[141] ဟု ဖော်ပြထားပါသည်။ ယင်းပုဒ်မအရ စစ်ဖြစ်ပွားချိန်များ၊ ကျူးကျော်နယ်ချဲ့ခြင်း သို့မဟုတ် ထကြွပုန်ကန်မှုဖြစ်ချိန်များတွင်သည် "အများပြည်သူများ၏ လုံခြုံရေးကိုကာကွယ်ရန် လိုအပ်မှု" အချိန်မှတစ်ပါး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာချွန်တော်အမိန့်ကို ရပ်ဆိုင်းမထားရပါ။ ယင်းကျယ်ပြန့်သော စကားရပ်များကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၁၆ (ဂ) တွင်လည်း အသုံးပြုထားပါသည်။[142] ယင်းအသုံးအနှုန်းသည် အထူးသဖြင့် ပြဿနာဖြစ်နိုင်ဖွယ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် အရေးပေါ် အခြေအနေဟူသည့် အနေအထားကို နိုင်ငံရေး ဖိနှိပ်မှုအတွက် လက်နက်တစ်ရပ်အဖြစ် အသုံးပြုပြီး တရားလက်လွတ် လျှောက်ထားချက် ဖြစ်နိုင်ချေအတွက် လမ်းဖွင့်ပေးထားလျက် ရှိပါသည်။

"အရေးပေါ် အခြေအနေများ" ခေတ်စားနေသည့် မြန်မာနိုင်ငံတွင် ၎င်းပြဿနာသည် ပြင်းထန်လှပါသည်။ ဥပမာအားဖြင့် ၂၀၁၂ ခုနှစ်၊ ဇွန်လတွင် ရခိုင်ပြည်နယ်၌ အရေးပေါ် အခြေအနေတစ်ရပ် ကြေညာပြီး ၂၀၁၃ ခုနှစ်၊ မတ်လတွင် မိတ္ထီလာခရိုင်တွင် ဗုဒ္ဓဘာသာဝင်များနှင့် မွတ်စလင်ဘာသာဝင် လူထုများအကြား မငြိမ်မသက် ဖြစ်ပြီး

139 Ibid.

140 Human Rights Committee General Comment 29, §16 and General Comment 35§67; Inter-American Court: Advisory Opinion OC-8/87 (1987) §42, Advisory Opinion OC-9/87 (1987) §41(1); Commission on Human Rights resolution 1992/35, §2; UN Mechanisms Joint Report on secret detention, UN Doc. A/HRC/13/42 (2010), §§46-47; Working Group on Arbitrary Detention, UN Doc. A/HRC/7/4 (2008) §§67, 82(a); Sub-Committee on the Prevention of Torture : Honduras, UN Doc. CAT/OP/HND/1 (2010), §282(a)-(b).

141 Ibid. Chapter 2 Section 3 (b).

142 Union Judiciary Law, Section 16(c) At the time of the occurrence of the following situation, the right to claim the rights contained in section 377 of the Constitution shall not be suspended unless it is required for public security: (i) in time of war; (ii) in time of foreign aggression; (iii) in time of insurrection.

ချိန်တွင်လည်း ယင်းကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။[143] "အရေးပေါ်အခြေအနေ" ကြေညာချက်များအရ လက်နက်ကိုင်တပ်မတော်မှ ပြည်သူများကို မည်သည့် အခြေခံကာကွယ်မှုများဆိုင်ရာ ဖြစ်စဉ်မပါဘဲ ဖမ်းဆီးထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရန် ခွင့်ပြုပေးထားလေသည်။[144] မြောက်များစွာသော အစီရင်ခံစာများ စာတမ်းပြုစုချက်အရ ရခိုင် ပြည်နယ်တွင် ၂၀၁၂ ခုနှစ် "အရေးပေါ်အခြေအနေ" ကြေညာချက်ချမှတ်ပြီး အနီးကပ်ဆုံး နောက်ဆက်တွဲအဖြစ် မွတ်စလင်ဘာသာဝင် အမြောက်အများကို တရားလက်လွတ် ဖမ်းဆီးမှုရှိခဲ့ပါသည်။[145] ဤကဲ့သို့သော အခြေအနေများတွင် အလွဲသုံးစားမှုများအတွက် တရားရုံးရှေ့တော်သွင်းစာချွန်တော်ကို ကုစားမှုအဖြစ် အသုံးပြုရန် ရှင်းရှင်းလင်းလင်း ဖြစ်သော်လည်း ထိုအချိန်က ၎င်းလျှောက်ထားချက်များကို ရပ်ဆိုင်းထားခဲ့ပါသည်။

## ၂.၃.၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်အာဏာ

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၆ အရ စာချွန်တော်ဥပဒေနှင့် စာချွန်တော် လုပ်ထုံးလုပ်နည်း၊ စာချွန်တော် ထုတ်ပိုင်ခွင့်အာဏာသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်သာ ရှိလေသည်။[146] ယင်းစီရင်ပိုင်ခွင့်အာဏာသည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုမရှိပါ။ တရားရုံးရှေ့တော်သွင်း စာချွန်တော် လုပ်ထုံးလုပ်နည်းသည် လက်လှမ်းမီချဉ်းကပ်နိုင်ရမည်ဖြစ်ပြီး ထိရောက်မှုရှိရမည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်အာဏာကြောင့် တရားရုံးရှေ့တော်သွင်း စာချွန်တော် လုပ်ထုံးလုပ်နည်းသည် မလိုအပ်ဘဲ ရှုပ်ထွေးနေပြီး ကုန်ကျစရိတ်များလှပါသည်။ နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် လျှောက်ထားမှုဆိုင်ရာအမှုများအား တင်သွင်းပြီး ကြားနာမှုကို ဆောင်ရွက်ရပါမည်။ အဘယ်ကြောင့်ဆိုသော် နေပြည်တော်၏တည်နေရာသည် နိုင်ငံ၏လူဦးရေအများစုမှ ဝေးကွာနေပါသဖြင့် ၎င်းနေရာသို့သွားရောက်ရာတွင် ဟိုတယ်တွင် ညဖက်တည်းခိုရခြင်းသော်လည်းကောင်း လမ်းပန်းဆက်သွယ်ရေးအတွက် ကုန်ကျစရိတ်များသော်လည်းကောင်း ဖြစ်ပါသည်။[147] ထိုသို့အမှုများအား ရုံးတော်သို့လျှောက်ထားတင်သွင်းရာ သွား လာရသည့် ခရီးကုန်ကျစရိတ်လည်း လိုအပ်ပါသည်။[148] ယင်းကဲ့သို့သော ကုန်ကျစရိတ်များ ကျခံပေးနိုင်မည့် ဥပဒေရေးရာအကူအညီများ ဖွံ့ဖြိုးမှုမရှိသေးသဖြင့် မြန်မာနိုင်ငံရှိ ပြည်သူအများစုအတွက်မှု တရားရုံးရှေ့တော်သွင်းစာချွန်တော် လျှောက်ထားရန်အတွက် ငွေကြေးတတ်နိုင်ကြမည်မဟုတ်ပါ။ [149]

ထိုကန့်သတ်ချက်များကြောင့် ရှေ့နေများသည် တရားရုံးရှေ့တော်သွင်းစာချွန်တော် လျှောက်ထားမှုကို စာတင်သွင်းရန်သော်လည်းကောင်း၊ အခြားရွေးချယ်ပိုင်ခွင့်များဖြစ်သည့် ပြည်ထောင်စုလွှတ်တော် သို့မဟုတ် ပြည်ထောင်စုညီလာခံသို့ တိုင်ကြားစာများ တင်သွင်းရန်သော်လည်းကောင်း ရှောင်ရှားရန် ရွေးချယ်ကြမည်ဖြစ်သည်။[150] ထိုသူတို့က လွှတ်တော်သည်သာလျှင် တရားဝင်မဟုတ်သည့် ထိန်းသိမ်းခြင်းအမှုများအတွက် ကုစားမှု သို့မဟုတ် သက်သာမှုများ စီစဉ်ပေးနိုင်သည့် အဖွဲ့အစည်းအဖြစ် ယုံကြည်ကြလေသည်။[151] ဤအတွက်ကြောင့် တရားရုံးရှေ့တော်သွင်း စာချွန်တော်ဆိုင်ရာ ဥပဒေသိပ္ပံပညာ ကင်းမဲ့မှုဖြစ်နေရခြင်းဖြစ်သည်။

---

143 A state of emergency is declared pursuant to Article 410 of the Constitution, which allows the President, after coordinating with the National Defence and Security Council, to declare a state of emergency in areas where the administrative functions can no longer be carried out in accordance with the Constitution.

144 ICJ Interview, Lawyer Nyein Chan, Sitwe, 15 October 2014.

145 Human Rights Watch, "Burma: Mass Arrests, Raids on Rohingya Muslims", 5 July 2012, http://www.hrw.org/news/2012/07/05/burma-mass-arrests-raids-rohingya-muslims; "Arrest of 100 Rohingya Muslim in the village of "Nga Khura" Arakan State", Rohingya News Agency, 11 February 2013, http://www.rna-press.com/en/news/21388.html.

146 Writs Act 2014, Section 3 (a).

147 ICJ interview, lawyer Yangon, 2 December 2012.

148 Ibid.

149 Due to the high costs involved in travelling to, and staying in, Naypyidaw for hearings the detainee's families return home between trial dates. Kachinland News (23 February 2012) 'Burmese Government's Supreme Court Delays Hearing for Three Kachin Villagers', http://kachinlandnews.com/?p=21348. Accessed 7 December 2015.

150 ICJ interview, lawyers and law students Yangon, 2 December 2012.

151 Ibid.

## ၂.၃.၄။ ၂၀၀၈ ခုနှစ်မှစ၍ တရားရုံးရှေ့တော်သွင်းစာချွန်တော်အမိန့်လျှောက်ထားမှု ဥပဒေသိပ္ပံပညာ

အထက်ဖော်ပြ ပြဿနာဖြစ်နိုင်ဖွယ်ရှိသော တရားရုံးရှေ့တော်သွင်းစာချွန်တော်မူဘောင်ကို ထပ်မံ ဖြည့်စွက်ရသော် ၎င်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှ ပြဿနာဖြစ်နိုင်ဖွယ်ရှိသော ဥပဒေသိပ္ပံပညာ ပေါ်ထွက်လာကြောင်း ICJ သုတေသနပြုချက်မှ တွေ့ရှိခဲ့ကြပါသည်။ ICJ သုတေသနပြုချက်မှ တွေ့ရှိချက်အရ တရားရုံးရှေ့တော်သွင်းစာချွန်တော်အတွက် တရားစီရင်မှုရရှိရန် လျှောက်ထားချက်လေးခုသာ အမှုတင်သွင်းခြင်းရှိပြီး ၎င်းတို့ကိုသာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ လက်ခံခြင်းနှင့် အဆုံးအဖြတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့လေသည်။ ၎င်းတို့တစ်ခုကိုမျှ တရားဝင် သတင်းထုတ်ပြန်ခြင်းမရှိခဲ့ပါ။ ၂၀၁၃ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နေ့စဉ်မှတ်တမ်းကို ပြန်လည်ကြည့်ရှုရာ ဖြစ်ရပ်တစ်ခုတည်းနှင့်စပ်လျဉ်းပြီး အနည်းဆုံး အမှုကိစ္စပေါင်း ၃၂ ခုကို အမှုတင်သွင်းခဲ့သော်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပယ်ချခဲ့ကြောင်း ICJ မှ တွေ့ရှိခဲ့ပါသည်။ ICJ ၏ ခန့်မှန်းချက်အရ ၂၀၁၃ ခုနှစ်မှစ၍ တရားရုံးရှေ့တော်သွင်း စာချွန်တော်ဆိုင်ရာ အမှုတင်သွင်းမှု မရှိခဲ့တော့ချေ။

ICJ မှ လက်လှမ်းမီသလောက် ရရှိသည့် သတင်းအချက်အလက်များအရ ၂၀၀၈ ခုနှစ်မှစ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးရှေ့တော်သွင်းစာချွန်တော် လျှောက်ထားချက် တစ်စုံတစ်ခုကိုမျှ အပြုသဘောဆောင်လျက် ပြန်လည်တုန့်ပြန်ခြင်း မရှိပါ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လျှောက်ထားခံရသူ အာဏာပိုင်များကိုအမှန်တကယ်ပင်'ခန္ဓာကိုယ်ထုတ်ပေးရန်'(ဆိုလိုသည်မှာထိန်းသိမ်းခံရသူကိုတရားရုံးရှေ့မှောက်ခေါ်ဆောင်သွားရန်)အမိန့်ချမှတ်ခြင်းသော်လည်းကောင်း၊ ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းသည် အခြေအနေ တစ်ရပ်ရပ်တွင် တရားဝင်မှုမရှိကြောင်း စီရင်ခြင်းသော်လည်းကောင်း မပြုခဲ့ပါ။

၂၀၀၈ ခုနှစ်မှ ပြန်လည် အသက်သွင်းလာခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ စာချွန်တော်အမိန့် တစ်စုံတစ်ရာကို အသုံးပြုခြင်းဆိုင်ရာ သတင်းအချက်အလက်ကို ရရှိရန် ခက်ခဲလှပါသည်။ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အကြား အထူးအမိန့်ဖြင့် ထုတ်ပြန်ထားသည့် စာချွန်တော်အမိန့် လျှောက်ထားချက် ၄၀၀ ကျော်ကို ပြည်ထောင်စုတရား လွှတ်တော်ချုပ်  သို့ တင်သွင်းထားကြောင်း ခန့်မှန်းရပါသည်။[152] ယင်းစာချွန်တော်အမိန့် လျှောက်ထားချက်များကို မျှတသောကြားနာဆုံးဖြတ်မှု ရှိ၊ မရှိကိုလည်း မသိရပါ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အမှုကိစ္စများကို အများပြည်သူထံ ဖွင့်ချလေ့မရှိပါ။[153]

၂၀၁၃ ခုနှစ်အတွက် တရားဝင် ပြီးပြည့်စုံသော မှတ်တမ်းများ မရှိခဲ့ပါ။ သို့သော် ICJ သည် တရား လွှတ်တော်ချုပ်မှရရှိသည့် အထောက်အထားများအရ (ရနိုင်သည့် စာချွန်တော်အမိန့်များ အားလုံးနှင့်စပ်လျဉ်းပြီး) လျှောက်ထားမှုပေါင်း အနည်းဆုံး ၃၂၂ မှုကို ၎င်းနှစ်အတွက် တင်သွင်းခဲ့ကြောင်း သိရှိရသည်။ လျှောက်ထားမှုများကို စာချွန်တော်အမိန့်အားဖြင့် အမျိုးအစား ပိုင်းခြားလိုက်သော်လည်း တရားရုံးရှေ့တော်သွင်းစာချွန်တော်သွင်းစာချွန်တော် အမျိုးအစားများ မပါဝင်ပါ။ ၂၀၁၄ သို့မဟုတ် ၂၀၁၅ ခုနှစ်များအတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ရှေ့တော်သွင်းစာချွန်တော် အတွက် လျှောက်ထားချက်များ မည်သည်ကိုမျှ မသိရှိရပါ။ [154]

၂၀၀၈ ခုနှစ်မှစ၍ စာချွန်တော်အမိန့် လျှောက်ထားတင်သွင်းမှုများ ရာနှင့်ချီရှိသည့်အထဲမှ ဆယ်ခုကိုသာလျှင် ၂၀၀၈-၂၀၁၄ နှစ်ချုပ် မြန်မာနိုင်ငံတရားစီရင်ထုံးတွင် တရားဝင်ထုတ်ပြန်ထားပြီး ၎င်းတို့သည် တရားရုံးရှေ့တော်သွင်းစာချွန်တော်အတွက် တစ်ခုမှမပါဝင်ခဲ့ပါ။[155] တရားရုံးရှေ့တော်သွင်း စာချွန်တော်ဆိုင်ရာ အကန့်အသတ်ရှိ

---

152 "Chief Justice of the Union stresses important role of courts in ensuring rule of law", New Light of Myanmar, 9 August 2013, pp.8, http://www.burmalibrary.org/docs15/NLM-2013-08-09-red.pdf. Out of this, 286 petitions have been rejected, while the court heard 84 applications.

153 Melissa Crouch, 'The Common Law and Constitutional Writs: Prospects for Accountability in Myanmar' in Lindsay & Crouch (eds.) Law, Society and Transition in Myanmar (Hart, 2014) p.147.

154 ICJ Interview, Writs Department, Office of the Supreme Court, 16 June 2015.

155 See: Myanmar Law Reports (MLR) 2011 (Containing six writ cases), MLR 2013 (Containes one writ case) and MLR 2014 (Contains three writ cases).

သည့် တရားရုံးနှင့် နိုင်ငံရေးအရ ထိရှိလွယ်ကူသည့် သဘောသဘာဝရှိခြင်းကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားလွှာများ တင်သွင်းမှု မည်မျှရှိသည်ကို မသိနိုင်ပါ။

**မြန်မာနိုင်ငံ၏အင်္ဂလိပ်ရိုးရာဥပဒေ (Common Law)**

မြန်မာနိုင်ငံ၏ တရားဥပဒေစနစ်သည် အပြင်ပန်းအားဖြင့် အင်္ဂလိပ်ရိုးရာဥပဒေကိုလိုက်နာပြီး ဖြတ်ထုံးနှင့် stare decisis (အထက်ရုံး၏ စီရင်ဆုံးဖြတ်ချက်ကို အောက်ရုံးက စံအဖြစ်ယူခြင်း) ဥပဒေဆိုင်ရာ သဘောတရားတို့အပေါ် အမှီသဟဲပြုနေလေသည်။ ထိုအတွက်ကြောင့် အများပြည်သူများ၊ ရှေ့နေများနှင့် တရားသူကြီးများသည် ဥပဒေသိပ္ပံပညာနှင့် လက်လှမ်းမီမှုရှိရန် လိုအပ်ပြီး ၎င်းကို တိကျသော တရားရုံးအစီရင်ခံခြင်းနှင့် ကြောင်းကျိုးသင့် တရားစီရင်မှုများဆိုင်ရာ ထုတ်ပြန်ကြေညာခြင်းတို့မှ စီစဉ်ပေးရပါမည်။ သို့သော် မြန်မာနိုင်ငံတွင် တရားရုံးသတင်း အစီရင်ခံခြင်းဆိုင်ရာ တစ်သမတ်တည်းဖြစ်သော သို့မဟုတ် ပုံမှန်ဖြစ်သာ စနစ်မရှိသဖြင့် စီရင်ထုံး ဥပဒေဆိုင်ရာ တရားဥပဒေစနစ်ကို အားနည်းစေပါသည်။

အချို့သော ဥပဒေသိပ္ပံပညာကို နှစ်စဉ်မြန်မာနိုင်ငံတရားစီရင်ထုံးပေါင်းချုပ်တွင် ထည့်သွင်းပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ၎င်းကို ထုတ်ဝေပေးထားပါသည်။ ယင်းထုတ်ပြန်ကြေညာမှုတွင် ရွေးချယ်ထားသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အမှုများရှိ စီရင်ထုံးများကိုသာ အစီရင်ခံထားပြီး အောက်တရားရုံးများ၏ တရားစီရင်မှုများကို ထည့်သွင်းထားမှုမရှိပါ။ တရားစီရင်ထုံးတွင် မည်သည့်စီရင်ချက်များကို ထည့်သွင်းမည်ဟူသည့် ရွေးချယ်မှုကို တရားစီရင်ထုံးအဖွဲ့မှ နှစ်စဉ်ဆောင်ရွက်ပြီး ၎င်းအဖွဲ့တွင် ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့မှ ထိပ်သီးအရာရှိများ ပါဝင်သည်။ ထုတ်ပြန်မထားသည့် တရားစီရင်ချက်များသည် ထုတ်ပြန်ထားသည့် တရားစီရင်ချက်များထက် အရေးပါမှု ပိုမိုနည်းပါးသည်ဟု ယူဆရပါမည်။[156]

ကိုယ်စားပြုမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ရှိသော နိုင်ငံရေးစနစ်တစ်ခုတွင် အမှုများကို ၎င်းတို့၏ ဖြတ်ထုံးကဲ့သို့ဖြစ်သော တန်ဖိုးနှင့်အညီ အစီရင်ခံထုတ်ပြန်ကြပါသည်။ သို့သော် လွတ်လပ်သော မြန်မာနိုင်ငံတရားစီရင်ထုံးနှင့် တရားစီရင်ထုံးအဖွဲ့တို့သည် မကြာခဏ မေးခွန်း ထုတ်ခံရလေ့ရှိသည်။[157]

လွတ်လပ်မှုဆိုင်ရာ တရားစီရင်ရေး လစ်ဟာခြင်းနှင့် မြန်မာနိုင်ငံတရားစီရင်းထုံးမှ နိုင်ငံရေးအရ ထိရှလွယ်ဖြစ်သော အမှုတစ်စုံတစ်ရာ ချန်လှပ်ထားခြင်းတို့ကြောင့် အနည်းငယ်သာ ထုတ်ပြန်ထားသည့် အမှုများကိုသာ ထုတ်ဝေမှုပြုသည်။ အကြောင်းမှာ ၎င်းအမှုများသည် အငြင်းပွားဖွယ် သို့မဟုတ် လက်မခံနိုင်ဖွယ် မရှိခြင်းတို့ကြောင့် ဖြစ်သည်။ သို့ဖြစ်ပါ၍ စီရင်ချက်အများစု၏ နောက်ကွယ်မှ ဥပဒေရေးရာ ကြောင်းကျိုးသင့်မှုများကို မသိရှိနိုင်ပါ။

စာချွန်တော်အမိန့်ကို ပြန်လည်အသက်သွင်းခြင်းနှင့် ၎င်းအား တိုးမြှင့်ကျင့်သုံးခြင်းဖြင့် ၎င်းတို့၏ တရားဝင်ဖြစ်ခြင်းကို အတည်ပြုပေးပြီး၊ တရားစီရင်ထုံးဥပဒေ ကြောင်းကျိုးဆက်စပ်မှုဆိုင်ရာ မသေချာမရေရာမှုများကို ဖယ်ရှားပေးပါမည်။

အမှုတင်သွင်းခြင်း၊ ထွက်ဆိုချက်ပြုခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း ပြုပြီးခဲ့သော်လည်း ထုတ်ပြန်မှု မရှိခဲ့သည့် တရားရုံးရှေ့တော်သွင်း စာချွန်တော်လျှောက်ထားချက် လေးခုသည် ၂၀၁၁-၂၀၁၁ ခုနှစ်တွင် ကချင်ပြည်နယ်၌

156 ICJ interview, U Tin Myint, Bangkok, 20 August 2012; ICJ Interview, Lawyer U Myat Hla, Yangon, 15 October 2014.

157 Melissa Crouch, 'The Common Law and Constitutional Writs: Prospects for Accountability in Myanmar' in Lindsay & Crouch (eds.) Law, Society and Transition in Myanmar (Hart, 2014) p.150.

လက်နက်ကိုင်ပဋိပက္ခအတောအတွင်း ဖမ်းဆီးမှုများနှင့် ဆက်စပ်လျက်ရှိသည်။ ယင်းလျှောက်ထားချက်များအရ လျှောက်ထားသူများသည် ကချင်လွတ်လပ်ရေးတပ်မတော် (KIA)နှင့် တရားမဝင် အသင်းဖွဲ့ခြင်းဖြစ်ကြောင်း မသင်္ကာမှုဖြင့် တရားမဝင် ဖမ်းဆီးထိန်းသိမ်းခံရခြင်း ဖြစ်သည်။ ၂၀၁၃ တွင် ပယ်ချလိုက်သည့် အခြားသော လျှောက်ထားချက်များတွင် ရှမ်းပြည်နယ်၌ "ဝ" တပ်မတော်မှ ဖမ်းဆီးခံရပြီး အတင်းအဓမ္မ အလုပ်ခိုင်းခံရသူများ ပါဝင်သည်။

### *၁။ ဒေါ်မာခွန်နှင့် တပ်မှူး အောင်ဇော်ဦး*

ဤဖြစ်ရပ်တွင် ထိန်းသိမ်းခံရသူကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ခေါ်ထုတ်မှု လုံးဝမရှိခဲ့ဘဲ ထိုသူ၏ ဖမ်းဆီးထိန်းသိမ်းမှုဆိုင်ရာ တရားဥပဒေနှင့်ညီညွတ်မှုကိုလည်း ဆုံးဖြတ်ချက်ချမှတ်မှု မရှိခဲ့ပါ။ လျှောက်ထားချက်ကို လက်မခံခဲ့ရခြင်းအကြောင်းမှာ ထိန်းသိမ်းခံရသူသည် ၎င်းအား ကနဦးဖမ်းဆီးပြီး တစ်လကြာပြီးမှသာ ခရိုင်တရားရုံးတွင် ခေါ်ဆောင်ကာ စွဲချက်တင်ခံရသော ကြောင့် ဖြစ်သည်။ တရားလွှတ်တော်ချုပ်သည် ထိန်းသိမ်းခံရသူ၏ ဖမ်းဆီးထိန်းသိမ်းမှုဆိုင်ရာ အချိန်အခါအလျောက် ဆန်းစစ်ခွင့်ပေးရန် တာဝန်ကိုရှုပ်ထွေးစေကြောင်း ထင်ရှားစေပါသည်။[158] ထို့အပြင် ဖမ်းဆီးခြင်းအမိန့် ညွှန်ကြားပြီးနောက် ဖမ်းဆီးခြင်းအား သက်သေထင်ရှားစေမည့် လုံလောက်သော သက်သေရယူခြင်းသည်လည်း ဥပဒေနှင့်လျော်ညီထွေမှု မဖြစ်ပါ။

ဒေါ်မာခွန်၏ လျှောက်လဲချက်အရ သူမအား တပ်မတော်တပ်ရင်း (၃၇) မှ သူမ၏ ခင်ပွန်းသည် ဦး ဘရန်ဆိုင်ကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေတွင် ဖမ်းဆီးခဲ့လေသည်။[159] စစ်သားများသည် သူမအိမ်သို့ ခင်ပွန်းသည်ဖြစ်သူ အိပ်ပျော်နေချိန်တွင် ရောက်ရှိလာပြီး သူ့အားဖမ်းဆီးကာ အထက်သာလောကြီးဘုန်းကြီးကျောင်းတွင် ထိန်းသိမ်းထားခဲ့လေသည်။

လျှောက်ထားသူ၏ ရှေ့နေမှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် တရားရုံးရှေ့တော်သွင်း စာချွန်တော်အမိန့်တင်သွင်းလျှောက်ထားရာ တရားလွှတ်တော်ချုပ်မှ လျှောက်ထားခံရသူဖြစ်သည့် အဆိုပါ တပ်ရင်း (၃၇)မှ ဦးအောင်ဇော်ဦးအား ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ၎င်း၏ရှေ့မှောက်သို့ ရောက်လာရန် ဆင့်ခေါ်စာထုတ်ဆင့်လိုက်လေသည်။[160] ယင်းဆင့်ခေါ်စာ အရ လျှောက်ထားခံရသူသည် ဦးဘရန်ဆိုင် ကို တရားလွှတ်တော်သို့ ခေါ်ဆောင်လာရန် မလိုအပ်ခဲ့ပါ။

ဆင့်ခေါ်စာတွင် သတ်မှတ်ထားသည့်နေ့၌ လျှောက်ထားခံရသူ၏ ရှေ့နေမှ ကြားနာဆုံးဖြတ်မှုအား ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့သို့ ရွှေ့ဆိုင်းရန် တောင်းဆိုနိုင်ခဲ့လေသည်။[161] ကြားနာဆုံးဖြတ်မှုအတွက် နေပြည်တော်သို့ ခရီးသွားလာစရိတ်နှင့် နေထိုင်စရိတ်တို့ မြင့်မားမှုကြောင့် ဦးဘရန်ဆိုင်၏ မိသားစုဝင်များသည် ကြားနာဆုံးဖြတ်မည့်နေ့ကို စောင့်ဆိုင်းရန် နေရပ်သို့ ပြန်သွားခဲ့ကြလေသည်။[162]

တရားလွှတ်တော်ချုပ်မှ ကနဦးလျှောက်ထားချက်များကို ၂၃ ရက်နေ့တွင် လျှောက်ထားသူထံမှ ကြားနာခဲ့ကြပြီး လျှောက်ထားလွှာမှာ နောက်ဆုံးတွင် ၂၀၁၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့၌ ပလပ်ခံရသည်။[163]

လျှောက်ထားခံရသူက ဦးဘရန်ဆိုင်အား ဖမ်းဆီးခဲ့ခြင်းအား မငြင်းဆိုခဲ့ပါ။ ၎င်း၏ ရှင်းပြချက်အရ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ (ဖမ်းဆီးမှုပြုပြီး တစ်လအကြာ) တွင် ထိန်းသိမ်းသူအား တရားမဝင်အသင်းအဖွဲ့အက်ဥပဒေ (Unlawful Association Act) ပုဒ်မ ၁၇ (၁) ဖြင့် အမှုတင်သွင်းခဲ့လေသည်။ [164] မြစ်ကြီးနားမြို့နယ်တရား

158 This violates the international law as well as Myanmar's domestic law, as discussed below.

159 Dar Mar Hkawn v. Commander Aung Zaw Oo (Responsible official of Military Column), Supreme Court of the Union, General Application for Writ No.1, Judgment of 1 March 2012.

160 ICJ Interview, lawyer Yangon, 30 July 2012.

161 Ibid.

162 Kachinland News (23 February 2012) 'Burmese Government's Supreme Court Delays Hearing for Three Kachin Villagers', http://kachinlandnews.com/?p=21348. Accessed 7 December 2015.

163 ICJ Interview, lawyer Yangon, 30 July 2012.

164 Dar Mar Hkawn v. Commander Aung Zaw Oo (Responsible official of Military Column), Supreme Court of the Union, General Application for Writ No.1, Judgment of 1 March 2012.

သည် ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၁၆၇ နှင့် အညီဖြစ်သောကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမှုကို လက်ခံခဲ့ရာ[165] ၎င်းအရ ကနဦး ၂၄ နာရီ ကာလလွန်ပြီး ရဲဌာနစစ်ဆေးမှုပြုစဉ်အတွင်း လူပုဂ္ဂိုလ်တစ်ဦးအား ထိန်းသိမ်းခွင့် အာဏာပေးထားရာ ရဲဌာနအား ထိန်းသိမ်းခွင့်အာဏာကျင့်သုံးရန် လုပ်ပိုင်ခွင့်အပ်နှင်းထားပါသည်။ မြစ်ကြီးနားမြို့နယ် တရားလွှတ်တော်မှ လျှောက်ထားသူအား ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့၌ ရဲအချုပ်ခန်းတွင် ရမန်ချုပ်မိန့်ပေးထားပြီးဖြစ်ရာ တရားရုံးရှေ့တော်သွင်း စာချွန်တော်အမိန့် ခွင့်ပြုမပေးသင့်ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စီရင်လိုက်ပါသည်။[166]

ယင်းတရားစီရင်မှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်သည်မှာ တစ်စုံတစ်ဦးသည် ခိုင်မာသည့် အကြောင်းပြချက်မရှိဘဲ ဖမ်းဆီးခံရမှသာလျှင် တရားရုံးရှေ့တော်သွင်းစာချွန်တော်ကို ထုတ်ဆင့်နိုင်သည်ဟူ၍ဖြစ်သည်။ ထို့အတွက်ကြောင့် လျှောက်ထားချက်အား ငြင်းပယ်ခဲ့ခြင်း ဖြစ်သည်။ မူလဖမ်းဆီးထိန်းသိမ်းခြင်း တရားဝင်မှု ရှိ၊ မရှိကိုသော်လည်းကောင်း၊ ရဲအချုပ်ခန်းတွင် ဦးဘရန်ဆိုင်၏ နောက်ဆက်တွဲကာလ ထိန်းသိမ်းမှုသည် တရားဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ ဆိုင်ရာကိစ္စဖြစ်သည့် ကနဦးဖမ်းဆီးမှုပြုသည့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့နှင့် မြစ်ကြီးနားတရားရုံးမှ ချုပ်မိန့်ရမန် အမိန့်ထုတ်သည့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တို့အကြား ထိန်းသိမ်းခံရမှုကိုသော်လည်းကောင်း တရားလွှတ်တော်ချုပ်က ဝေဖန်သုံးသပ်မှု မပြုခဲ့ပါချေ။[167]

ဦးဘရန်ဆိုင်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ရောက်မလာဘဲ ပုဒ်မ ၁၇(၁) ဖြင့် စပ်လျဉ်း၍ မြစ်ကြီးနားမြို့နယ် တရားရုံးသို့သာရောက်လာပြီး စွဲချက်တင်ခံရလေသည်။ သူ့အား ခြောက်လ ထောင်ဒဏ်ချမှတ်ခံရသော်လည်း ၂၀၁၃ ခုနှစ် သမ္မတလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်ခဲ့ရလေသည်။[168]

## ***၂။ ဒေါ်မာရစ်ခေါ်န် နှင့် တပ်ရင်းမှူး အောင်ဇော်ဦး***

ဒေါ်မာရစ်ခေါ်န်၏ တရားရုံးရှေ့တော်သွင်းစာချွန်တော် လျှောက်ထားချက်ကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်နေ့တွင် ဒေါ်မာခွန် (အထက်တွင်ဖော်ပြပြီး) ၏လျှောက်ထားချက်နှင့် တစ်ချိန်တည်းတွင် ကြားနာဆုံးဖြတ်မှု ပြုခဲ့ပြီး တူညီသောအကြောင်းပြချက်ဖြင့် ပလပ်ခဲ့ပါသည်။ ထိန်းသိမ်းခံရသူသည် အခြားသော တရားရုံးတွင် စွဲချက်တင်ပြီးဖြစ်သည်ဟု တရားလွှတ်တော်ချုပ်မှ အကြောင်းပြချက်ပေးပါသည်။[169]

ဖော်ပြခဲ့ပြီး အမှုကဲ့သို့ပင် ထိန်းသိမ်းခံရသူအား တရားလွှတ်တော်ချုပ်တွင် ခေါ်ဆောင်ခြင်း လုံးဝမရှိခဲ့ဘဲ ၎င်းအား ဖမ်းဆီးထိန်းသိမ်းမှုသည် တရားဥပဒေနှင့်ညီညွတ်ကြောင်းကိုလည်း ဆုံးဖြတ်ချက်ချမှတ်ခြင်း လုံးဝမရှိခဲ့ပါ။

165 Section 167 of the Criminal Procedure Code states that: (1) Whenever any person is arrested and detained in custody, and if appears that the investigation cannot be completed within the period of twenty four hours fixed by section 61, and there are grounds for believing that the accusation or information is well-founded, the officer in charge of the police-station or the police-officer making the investigation shall forthwith transmit to the nearest Magistrate a copy of the entries in the diary hereinafter prescribed relating to the case, and shall at the same time forward the accused to such Magistrate. (2) The Magistrate to whom the accused person is forwarded under this section may, whether he has or has not jurisdiction to try the case, from time to time authorize the detention of the accused in such custody as such Magistrate thinks fit. But the detention of such person shall not exceed in the whole 30 days where a person is accused of an offence punishable with rigorous imprisonment for a term of not less than seven years, and where a person is accused of an offence punishable with rigorous imprisonment for a term of less than seven years, the detention of such person shall not exceed 15 days in the whole. If such Magistrate has no jurisdiction to try the case or commit it for trial, and considers further detention unnecessary, he may order the accused to be forwarded to a Magistrate having such jurisdiction: Provided that no Magistrate of the third class, shall authorize detention in the custody of the police. (3) A Magistrate authorizing under this section detention in the custody of the police shall record his reasons for so doing. (4) If such order is given by a Magistrate other than the District Magistrate or Subdivisional Magistrate, he shall forward a copy of his order, with his reasons for making it, to the Magistrate to whom he is immediately subordinate.

166 Dar Mar Hkawn v. Commander Aung Zaw Oo (Responsible official of Military Column), Supreme Court of the Union, General Application for Writ No.1, Judgment of 1 March 2012.

167 Dar Mar Hkawn v. Commander Aung Zaw Oo (Responsible official of Military Column), Supreme Court of the Union, General Application for Writ No.1, Judgment of 1 March 2012.

168 ICJ interview, lawyer, Yangon, 6/8/14; Thomas Mung Dan, Justice For All, Mytkyina, 14 October 14.

169 Daw Marit Hkawng v. Commanding Officer Aung Zaw Oo (Responsible official of Military Column of the 37 Regiment, Myitkina township), Supreme Court of the Union, General Application for Writ No.2, Judgment of 1 March 2012.

လျှောက်ထားချက်အား လက်မခံရသည့်အကြောင်းမှာ ထိန်းသိမ်းခံရသူသည် ၎င်းအားဖမ်းဆီးပြီး တစ်လကျော်ကြာပြီးနောက် ခရိုင်တရားရုံးတစ်ခုတွင် စွဲချက်တင်ကာ ခေါ် ဆောင်ခံခဲ့ပြီးဖြစ်သောကြောင့် ဖြစ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ထိန်းသိမ်းခံရသူ၏ ဖမ်းဆီးထိန်းသိမ်းခြင်းအား ပုံမှန်ဆန်းစစ်ခွင့်ကို စီရင်ရမည့် တာဝန်အားရှုပ်ထွေးမှုဖြစ်စေကြောင်း ထင်ရှားစေပါသည်။ ထပ်မံ၍ ဖမ်းဆီးခြင်းအမိန့် ညွှန်ကြားပြီးနောက် ဖမ်းဆီးခြင်းအားသက်သေထင်ရှားစေမည့် လုံလောက်သော သက်သေရယူခြင်းသည်လည်း ဥပဒေနှင့်လိုက်ရောညီထွေမှု မဖြစ်ပါ။

တရားရုံးရှေ့တော်သွင်းစာချွန်တော် လျှောက်ထားချက်မှ စွပ်စွဲသည်မှာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် တပ်ရင်း ၃၇ မှ တပ်မတော်စစ်ကြောင်းတစ်ခုသည် လျှောက်ထားသူ၏ သားဖြစ်သူ ဇော်စိုင်းကို ဖမ်းဆီးခဲ့သည်။ သူ့အား အထက်သာလောကြီးဘုန်းကြီးကျောင်းသို့ခေါ် ဆောင်ပြီး ထိန်းသိမ်းခဲ့လေသည်။[170] ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ၎င်းကို အမှုအဖြစ် လက်ခံခဲ့ချိန် တွင် ထိုသူ၏ဖမ်းဆီးမှုသည် တရားဥပဒေနှင့်ညီညွတ်ကြောင်း ဆုံးဖြတ်ချက် မချမှတ်ပေးခဲ့ပါ။[171] လျှောက်ထားခံရသူမှ ထွက်ဆိုသည်မှာ ရဲဌာနသည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နေ့တွင် တရားမဝင်အသင်းအဖွဲ့အက်ဥပဒေ (Unlawful Association Act) ပုဒ်မ ၁၇(၁)ဖြင့် ဇော်ဆိုင်းအားအမှုတင်သွင်းခဲ့ရာ သူ့အား ဖမ်းဆီးပြီး တစ်လကျော်အကြာမှ ဆောင်ရွက်ခြင်းဖြစ်သည်။ မြစ်ကြီးနားမြို့နယ်တရားရုံးမှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၇ နှင့်အညီ ဇော်စိုင်းအား ဆက်လက်ထိန်းသိမ်းရန်အမိန့် ထုတ်ဆင့်ခဲ့လေသည်။[172]

၂၀၁၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ရှေ့တော်သွင်းစာချွန်တော်အမိန့် ထုတ်ဆင့်ရန် မလိုအပ်ဟုပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဆုံးဖြတ်လိုက်လေသည်။ ဇော်စိုင်းအား တရားဥပဒေနှင့်အညီ ချုပ်မိန့်ပေးထားခဲ့ခြင်းဖြစ်ပြီး တရားမဝင် ထိန်းသိမ်းခြင်းမဟုတ်ဆိုသည့် လျှောက်ထားချက်ကို တရားလွှတ်တော်ချုပ်မှ လက်ခံခဲ့လေသည်။[173]

ဇော်စိုင်းသည် တရားလွှတ်တော်ချုပ်ရှေ့မှောက်သို့ ရောက်ရှိခြင်း မရှိခဲ့ပါ။ တရားမဝင်အသင်းဖွဲ့မှု (unlawful association)ဖြင့် တရားစွဲခံရခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်တရားရုံးရှေ့မှောက်သို့ ရောက်ရှိခဲ့ခြင်း ရှိ၊ မရှိမှာလည်း မသေချာပါ။ သူ့အား ထောင်ဒဏ် သုံးနှစ်ချမှတ်ခံရပြီး ၂၀၁၃ ခုနှစ်တွင် သမ္မတလွှတ်ငြိမ်းချမ်းသာခွင့်ဖြင့်ပြန်လည်လွတ်မြောက်ခဲ့ပါသည်။[174]

### *၃။ ဦးဒေါင်လွန်း နှင့် ဒုဗိုလ်မှူး ဇော်မျိုးထွဋ်*[175]

မိမိ၏ဇနီးဖြစ်သူ ဒေါ်ဆုမ်လွတ်ရွယ်ဂျာ လွတ်မြောက်ရေးအတွက် ကချင်ပြည်နယ်ဝန်ကြီးထံ တောင်းဆိုချက်အပေါ် တုန့်ပြန်မှုမရရှိသည့်အတွက် ဦး ဒေါင်လွန်းသည် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇၈(က)(၁)နှင့် တရားစီရင်ရေးဥပဒေ အမှတ် ၂၀/၂၀၁၀ ၏ ပုဒ်မ ၁၆ (က) (၁) တို့အရ တရားရုံးရှေ့တော်သွင်းစာချွန်တော် လျှောက်ထားချက်တစ်ရပ်အား အမှုတင်သွင်းခဲ့လေသည်။

ဦးဒေါင်လွန်း၏လျှောက်လဲချက်အရ သူ၊ သူ၏ဇနီးနှင့်သူ၏ဖခင်တို့အား စစ်သားများက ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ကချင်တောင်ပေါ် မိုးမောက်မြို့နယ်ရှိ ခိုင်ဘန်းရွာရှိ ၎င်းတို့၏လယ်မှ အတင်းအဓမ္မ

170 Daw Marit Hkawng v. Commanding Officer Aung Zaw Oo (Responsible official of Military Column of the 37 Regiment, Myitkina township), Supreme Court of the Union, General Application for Writ No.2, Application for the Habeas Corpus Order According to Habeas Corpus Procedure Section 3, Union Judiciary Act Section 16(a)(1).

171 Daw Marit Hkawng v. Commanding Officer Aung Zaw Oo (Responsible official of Military Column of the 37 Regiment, Myitkina township), Supreme Court of the Union, General Application for Writ No.2, Judgment of 1 March 2012.

172 Ibid.

173 Ibid.

174 ICJ interview, lawyer, Yangon, 6/8/14; Thomas Mung Dan, Justice For All, Mytkyina, 14 October 14.

175 U Dau Luang v. Lt Col Zaw Myo Htut (Responsible official of Loilontaung Met Bum station, 321 Regiment, Loi Jei township), Supreme Court of the Union, General Application for Writ No.3, Judgment of 1 March 2012.

ခေါ်ဆောင်သွားခဲ့ပါသည်။ တပ်မတော်အလင်းခြေလျင်တပ်ရင်း အမှတ် ၃၂၁ မှ တပ်မတော်အမှုထမ်းသုံးဦးမှ လျှောက်ထားသူ၏ ဇနီးဖြစ်သူအား ကချင်ပြည်နယ်အခြေစိုက် မုတ်ဘုံတပ်သို့ အတင်းအဓမ္မခေါ်ဆောင်သွားခဲ့ပါသည်။[176]

ယင်းဖမ်းဆီးမှုအတွက် ဖမ်းမိန့်ဝရမ်းထုတ်မထားကြောင်း လျှောက်ထားသူမှ စောဒကတက်ခဲ့ပါသည်။ ဒေါ်ဆုမ်လွတ်ရွယ်ဂျာအား ထိန်းသိမ်းခြင်းသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၁ (ခ) နှင့် ပုဒ်မ ၃၇၆ တို့ အပါအဝင် မြောက်များစွာသော ပုဒ်များကို ချိုးဖောက်ရာမြောက်ကြောင်း သူက လျှောက်ထားခဲ့ပါသည်။[177] ၎င်းအရ မည်သည့်နိုင်ငံသားကိုမျှဖမ်းမိန့်ဝရမ်းသို့မဟုတ်ရမန်မထုတ်ဘဲ၂၄နာရီအထက်ကျော်၍ထိန်းသိမ်းမှုမပြုနိုင်ကြောင်း လျှောက်ထားပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၅၃ အရ အစိုးရအနေဖြင့် နိုင်ငံသားများ၏ 'ဘဝနှင့် လွတ်လပ်မှု'ကို ကာကွယ်ပေးရန် တာဝန်ရှိသော်လည်း ၎င်း၏ဇနီးသည်၏ အမှုတွင်မူ တာဝန်မကျေကြောင်း လျှောက်ထားသူ မှ အငြင်းပွားခဲ့ပါသည်။

ပုဒ်မ ၃၄၇ အရ အစိုးရသည် နိုင်ငံသားတိုင်း ဥပဒေရှေ့မှောက်တွင် တန်းတူညီခံစားခွင့် ရရှိစေရန် အာမခံစေရပါမည်။ လျှောက်ထားသူ၏ဇနီးသည်သည် အသိအမှတ်ပြု တိုင်းရင်းသားအုပ်စုဖြစ်သည့် ကချင်လူမျိုးဖြစ်သည့် အတွက်ကြောင့် မမျှတစွာ ဆက်ဆံခံရကြောင်း၊ သူမသည် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) အဖွဲ့ဝင်မဟုတ်သည့်အတွက် သူမ၏ အခွင့်အရေး အကန့်အသတ်မထားသင့်ကြောင်း သူက လျှောက်ထားပါသည်။

လျှောက်ထားချက်တွင် မြန်မာနိုင်ငံ၏ ရှေးကျသော ဥပဒေသိပ္ပံပညာကိုးကားချက် ပါဝင်ပါသည်။ ၎င်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှေ့မှောက်တွင် လျှောက်ထားသူမှ မိမိ၏ဇနီးသည်ကိုယ်စား ရပ်တည်တောင်းဆိုချက်ကို ပံ့ပိုးရန်အတွက် တင်ဇာမော်နိုင်နှင့် ရန်ကုန် ရဲတပ်ဖွဲ့ ဗိုလ်မှူးကြီးတို့၏အမှုဆိုင်ရာ ဆုံးဖြတ်ချက်ကို ကိုးကားထားခဲ့ပါသည်။[178] တရားထိန်းသိမ်းခြင်းမှ လွတ်မြောက်ခွင့်ကို ပံ့ပိုးရန်အတွက် လျှောက်ထားသူက GM Barnargi နှင့် အင်းစိန်ထောင် ကြီးကြပ်ရေးအရာရှိချုပ်[179] တို့၏ အမှုကို ကိုးကားပြီး ၎င်း၏ထိန်းသိမ်းမှုအတွက် ဥပဒေရေးရာ အခြေခံမရှိကြောင်း အသားပေး လျှောက်ထားပါသည်။[180]

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် တရားရုံးရှေ့တော်သွင်းစာချွန်တော် လျှောက်ထားမှုအား ကနဦးကြားနာမှုပြုချိန်တွင် လျှောက်ထားခံရသူ ဒုဗိုလ်မှူးဇော်မျိုးထွဋ်မှ အတင်းအဓမ္မဖမ်းဆီးခြင်း ဖြစ်စဉ်ကို ငြင်းဆိုခဲ့ပါသည်။ လျှောက်ထားသူသည် KIA အဖွဲ့ဝင်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် စစ်ကြောရေးဖိုင်တစ်ခု တင်သွင်းခဲ့ပြီး ၎င်းအရ လျှောက်ထားသူ၏နေရပ်တွင် KIA ၏ စစ်တပ်တည်ရှိမှု ဖော်ပြထားကြောင်း ဇော်မျိုးထွဋ်မှ လျှောက်လဲခဲ့ပါသည်။[181]

အမျိုးသမီးရေးရာအဖွဲ့အစည်း၊ ရဲစခန်း၊ သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနတို့ထံသို့ ဖမ်းဆီးခြင်းဆိုင်ရာ အစီရင်ခံစာမရှိခြင်း၊ ဒေါ်ဆုမ်လွတ်ရွယ်ဂျာ အားဖမ်းဆီးကြောင်းကို သက်သေပြရန် သတင်းအချက်အလက် မရှိကြောင်း လျှောက်ထားခံရသူမှ အခိုင်အမာ ထွက်ဆို ခဲ့ပါသည်။[182]

လျှောက်ထားခံရသူသည် လျှောက်ထားသူ၏ တည်နေရာအခြေအနေကို သက်သေပြရန် မည်သို့ ဆောင်ရွက်ခဲ့ပုံမှာ မတိကျပါ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဒေါ်ဆုမ်လွတ်ရွယ်ဂျာ၏ ဖမ်းဆီးမှုအပေါ် လျှောက်ထားခံရသူ၏ ငြင်းပယ်ချက်ဆိုင်ရာ အခြေခံအကြောင်းအရင်းကို စစ်ဆေးရန် မည်သို့ အရေးယူဆောင်ရွက်ခဲ့ပုံမှာ

176 Ibid.
177 These were articles 21(b), 376; s 347; and s 353 of the Myanmar Constitution 2008.
178 Tin Zar Maw Naing & Yangon Policed Colonel [1950] BLR (SC) 17.
179 G. M Barnargi and Supervising Officer of Insein Jail [1948] BLR (SC) 199.
180 Melissa Crouch, Constitutional Writs as "Weapons" in Myanmar?, Int'l J. Const. L. Blog, July 9, 2013, available at: http://www.iconnectblog.com/2013/07/constitutional-writs-as-weapons-in-myanmar.
181 U Dau Luang v. Lt Col Zaw Myo Htut (Responsible official of Loilontaung Met Bum station, 321 Regiment, Loi Jei township), Supreme Court of the Union, General Application for Writ No.3, Judgment of 1 March 2012.
182 Ibid.

လည်း ရှင်းလင်းမှု မရှိပါ။[183]

စစ်တပ်မှ ထိခိုက်ခံရသူအား ထိန်းသိမ်းခဲ့ကြောင်းကို ကျမ်းကျိမ်လွှာတွင်ပြသရန် သက်သေအထောက်အထားမလုံလောက်ဟူသည့် အကြောင်းရင်းကြောင့် တရားရုံးရှေ့တော်သွင်း စာချွန်တော်လျှောက်ထားမှုကို ၂၀၁၂ ခုနှစ် မတ်လ ၁ ရက်နေ့တွင် တရားလွှတ်တော်ချုပ်မှ ပယ်ချခဲ့လေသည်။[184] သို့ဖြစ်သောကြောင့် ပြည်ထောင်စုတရားရုံးချုပ်မှ လျှောက်ထားချက်အား လက်မခံနိုင်ကြောင်း သုံးသပ်ခဲ့လေသည်။[185] လျှောက်ထားသူ၏ လျှောက်လဲချက်ရှိလင့်ကစား တရားစီရင် ရာတွင် တရားလွှတ်တော်ချုပ်သည် ဒေါ်ဆုမ်လွတ်ရွှယ်ဂျာအား ဖမ်းဆီးထိန်းသိမ်းမှုဆိုင်ရာတရားဝင်မှု ရှိ၊ မရှိကို ဆန်းစစ်ရန် အခွင့်အရေး မပေးခဲ့ကြောင်း ပေါ်လွင်စေပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင်မူ ဒေါ်ဆုမ်လွတ်ရွှယ်ဂျာ၏ တည်ရှိနေရာကို မသိရှိရတော့ပါ။ သူမ သေဆုံးသွားပြီလောဟု ခင်ပွန်းဖြစ်သူက ထိတ်လန့်နေပါသည်။[186] အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များက ဤအခြေအနေကို အတင်းအဓမ္မဖိအားပေး အပျောက်ဖျောက်ခြင်းဖြစ်သည်ဟု ယူဆပါသည်။[187]

### *၄။ ဦးမျိုးမင်းသူ နှင့် နိုင်ငံတော် နှင့် ရဲတပ်ဖွဲ့ ဒုဗိုလ် အောင်ဝင်းတင့်*

ဦးမျိုးမင်းသူသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် သူ၏ ဖခင်ဖြစ်သူ ဦးမြင့်ဆွေကိုယ်စား တရားရုံးရှေ့တော်သွင်းစာချွန်တော် အမိန့်လျှောက်ထားခဲ့လေသည်။ ယင်းလျှောက်ထားချက်သည် လျှောက်ထားခံရသူနှစ်ဦးဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တပ်မတော်ဒုဗိုလ်တစ်ဦးထံသို့ ဖြစ်သည်။ လျှောက်ထားချက်မှာ မအောင်မြင်ခဲ့ပါ။ အကြောင်းမှာ ကြောင်းကျိုးမဆီလျော်သော အချိန်ပမာဏ ကုန်ဆုံးသွားမှုကြောင့်သော်လည်းကောင်း၊ စာချွန်တော်အမိန့် လျှောက်ထားမှုနှင့်ပတ်သက်၍ နည်းပညာပြဿနာများကြောင့်သော်လည်းကောင်း ဖြစ်သည်ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဆုံးဖြတ်လိုက်သောကြောင့် ဖြစ်သည်။

လျှောက်ထားသူ၏ ကျမ်းကျိမ်လွှာအရ ဦးမြင့်ဆွေအား ၂၀၀၅ ခုနှစ် ဇွန်လ ၂၄ ရက်နေ့၌ ကချင်ပြည်နယ် အင်းတော်ကြီးဒေသရှိ နန့်မွန်းရွာတွင် ဒုဗိုလ် ဦးဆောင်သည့် အထူးဌာနခွဲတပ်စုမှ ခေါ်ဆောင်သွားခဲ့ပါသည်။[188] တရားရုံးရှေ့တော်သွင်းစာချွန်တော်အမိန့် လျှောက်ထားချက်အား ကြားနာမှုပြုစဉ်တွင် ဒုဗိုလ်ဖြစ်သူမှ ၎င်းအနေဖြင့် ဖော်ထုတ်စစ်ဆေးရေးလုပ်ငန်းစဉ်အတွက်သာ ဆောင်ရွက်ခြင်းဖြစ်ပြီး ဖမ်းဆီးခြင်းမဟုတ်ကြောင်း ပြောဆိုခဲ့ပါသည်။ [189]

အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စာချွန်တော်အမိန့်အတွက် လျှောက်ထားတင်သွင်းခြင်းကို ကာလစည်းကမ်းသတ်ထားသော်လည်း တရားရုံးရှေ့တော်သွင်းစာချွန်တော် အမိန့်လျှောက်ထားချက်များ အပ်နှံရန်အတွက်မူ ကာလစည်းကမ်း မကန့်သတ်ထားပါ။[190] ၎င်းနှင့်စပ်လျဉ်း၍ တရားရုံးရှေ့တော်သွင်း စာချွန်တော်ဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့် လိုက်လျောညီထွေမှုရှိသည့် စာချွန်တော်ဥပဒေတွင် တရားရုံးရှေ့တော်သွင်းစာချွန်တော်ကုစားမှုအား အချိန်ကာလတားမြစ်မှု မပြုသင့်ဟု ဖော်ပြထားပါသည်။[191]

183 Report of the Special Rapporteur on the situation of human rights in Myanmar in accordance with Assembly Resolution 66/230, presented at the 67th session of the UN General Assembly, 25 September 2012.

184 UNGA, 'Situation of Human Rights in Myanmar' (25 September 2012) available

185 U Dau Luang v. Lt Col Zaw Myo Htut (Responsible official of Loilontaung Met Bum station, 321 Regiment, Loi Jei township), Supreme Court of the Union, General Application for Writ No.3, Judgment of 1 March 2012.

186 ICJ interview, lawyer, Yangon, 2 December 2012; ICJ Interview, Thomas Mung Dan, Justice For All, Mytkyina, 14 October 14.

187 FIDH, Burmese government urged to investigate the enforced disappearance of Sumlut Roi Ja (28 Oct 2014) available at: https://www.fidh.org/International-Federation-for-Human-Rights/asia/burma/16329-burmese-government-urged-to-investigate-the-enforced-disappearance-of.

188 U Myo Min Thu v. The State and Police 2nd Lieutenant Aung Win Tint, Supreme Court of the Union, General Application for Writ No.5, Judgment 7 August 2012.

189 Ibid.

190 Writs Act 2014, Section 16.

191 Principle 32 (1) of the Body of Principles; Principle 8 of the WGAD Basic Principles and Guidelines; See HRC General Comment 35, UN Doc ICCPR/C/GC/35 (2014) §§42-43.

သို့ရာတွင် လျှောက်ထားချက်အား အမှုတွဲတင်သွင်းသည့် ရက်စွဲနှင့် အမှုစွဲချက်တင်သည့် ရက်စွဲများ အကြား ခုနစ်နှစ် ကြာညောင်းသောကာလကြောင့် တရားရုံးတော်မှ ကြောင်းကျိုးသင့်မှု မရှိဟု သတ်မှတ်လိုက်လေသည်။[192] လျှောက်ထားသူ၏ ကျမ်းကျိမ်လွှာသည် နည်းပညာဆိုင်ရာ ပြဿနာရှိပြီး သက်သေအထောက်အထား မခိုင်လုံကြောင်းကိုလည်း တရားရုံးတော်မှ တွေ့ရှိခဲ့ပြီး၊ သို့ရာတွင် ထိန်းသိမ်းမှု၏တည်နေရာကို ဖော်ပြရန် ဆောင်ရွက်သည့် ရဲအစီရင်ခံစာ သို့မဟုတ် စုံစမ်းစစ်ဆေးမှုတစ်စုံတစ်ရာမျှ မဖော်ပြထားပါ။[193]

နိုင်ငံတကာစံနှုန်းများ၏ သတ်မှတ်ချက်အရ တရားရုံးရှေ့တော်သွင်းစာချွန်တော် လုပ်ထုံးလုပ်နည်း သည် လွယ်ကူမြန်ဆန်ရပါမည်။ နည်းပညာပြဿနာဟူသည့် အကြောင်းအရင်းကြောင့် ပလပ်လိုက်ခြင်းသည် နိုင်ငံတကာစံနှုန်းများနှင့်သော်လည်းကောင်း၊ ပြည်တွင်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းတို့အရသော်လည်းကောင်း ကိုက်ညီမှု မရှိပါ။

ထိန်းသိမ်းခြင်းဆိုင်ရာ တရားဥပဒေနှင့် ညီညွတ်မှုရှိကြောင်း သက်သေပြရန်တာဝန်သည် နိုင်ငံတော် အပေါ်တွင် တည်ရှိသည်။ ထင်ရှားသည်မှာ လျှောက်ထားသူအတွက် လစ်ဟာနေသည့် သတင်းအချက်အလက်များကိုနိုင်ငံတော်မှပို၍အလွယ်တကူရရှိနိုင်သည်ဟုယူဆရပါသည်။ထိုကဲ့သို့သောသတင်းအချက်အလက်များအား လျှောက်ထားသူမှ ပြန်လည်ထုတ်ပေးရန် သတ်မှတ်ခြင်းသည် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဥပဒေပါ တရားရုံးရှေ့တော်သွင်းစာချွန်တော် သဘောသဘာဝနှင့် ကိုက်ညီမှုမရှိပါ။ မပြည့်စုံသော လျှောက်ထားချက်များကို ပယ်ချလိုက်မည့်အစား စာချွန်တော်ဥပဒေ အခန်း ၆ ပါအရ တရားရုံးတော်သည် လျှောက်ထားချက်ကို ပြန်ပေးပို့ပြီး နည်းပညာဆိုင်ရာ ပြဿနာများရှိပါက ညွှန်ကြားချက်များကိုပါ အတူပေးပို့ပြီး ပြန်လည်အပ်နှံစေသင့်ပါသည်။

ဦးမြင့်ဆွေ၏မိသားစုသည် ၎င်းဘာဖြစ်နေသည်၊ ဘယ်ရောက်နေသည်ကို မသိရှိကြဘဲ သူအား အတင်းအဓမ္မ အပျောက်ဖျောက်ပြီလောဟု စိုးရိမ်နေကြပါသည်။

### ***၅။ ဒေါ်အိကောင်းသဲ ပါ-၃၀ နှင့် ဦးပေါက်ယုချန်း***

၂၀၁၃ ခုနစ် ဖွန်လ ၃ ရက်နေ့တွင် အခြားသော တရားရုံးရှေ့တော်သွင်းစာချွန်တော် လျှောက်ထားချက် အနည်းဆုံး ၃၁ ခု ရှိလေသည်။[194] ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၀၁၃ ခုနစ် ဇူလိုင် လ ၁၁ ရက်နေ့တွင်

192 U Myo Min Thu v. The State and Police 2nd Lieutenant Aung Win Tint, Supreme Court of the Union, General Application for Writ No.5, Judgment 7 August 2012.

193 Ibid.

194 31 of the judgments are unavailable. The ICJ was only able to acquire Supreme Court diary records in which they were acknowledged. The diary records are as follows: Daw Ei Kaung Te v. U Pauk U Chan 2013, General Criminal (writ) No. 8. Supreme Court Diary; Daw Ei Kaung v. U Pauk U Chan 2013, General Criminal (writ) No. 9, Supreme Court Diary; Daw Ei Htan Mar v. U Pauk U Chan 2013, General Criminal (writ) No. 10, Supreme Court Diary; Daw Ei Eain v. U Pauk U Chan 2013, General Criminal (writ) No. 11, Supreme Court Diary; Daw Ei Nan Lon v. U Pauk U Chan 2013, General Criminal (writ) No. 12 , Supreme Court Diary; Daw Ei Nan v. U Pauk U Chan 2013, General Criminal (writ) No. 13, Supreme Court Diary; U Eaik Kyan v. U Pauk U Chan 2013, General Criminal (writ) No. 14, Supreme Court Diary; U Eaik Phat v. U Pauk U Chan 2013, General Criminal (writ) No. 15, Supreme Court Diary; U Eaik Shan v. U Pauk U Chan 2013, General Criminal (writ) No. 16, Supreme Court Diary; U Mai Khan v. U Pauk U Chan 2013, General Criminal (writ) No. 17, Supreme Court Diary; U Eaik Oan v. U Pauk U Chan 2013, General Criminal (writ) No. 18, Supreme Court Diary; U Eaik Oo v. U Pauk U Chan 2013, General Criminal (writ) No. 19, Supreme Court Diary; U Mai Ngan Lat v. U Pauk U Chan 2013, General Criminal (writ) No. 20 Supreme Court Diary; U Sai Hone v. U Pauk U Chan 2013, General Criminal (writ) No. 21, Supreme Court Diary; U Sai Sam v. U Pauk U Chan 2013, General Criminal (writ) No. 22, Supreme Court Diary; U Mai Ann v. U Pauk U Chan 2013, General Criminal (writ) No. 23; Supreme Court Diary; U Mai Ann v. U Pauk U Chan 2013, General Criminal (writ) No. 24, Supreme Court Diary; Daw Ei Ann v. U Pauk U Chan 2013, General Criminal (writ) No. 25, Supreme Court Diary; Daw Ei Yot v. U Pauk U Chan 2013, General Criminal (writ) No. 26, Supreme Court Diary; Daw Ei Onn v. U Pauk U Chan 2013, General Criminal (writ) No. 27, Supreme Court Diary; Daw Nar Khan v. U Pauk U Chan 2013, General Criminal (writ) No. 28, Supreme Court Diary; Daw Nan Shan Khan v. U Pauk U Chan 2013, General Criminal (writ) No. 29, Supreme Court Diary; Daw Nan Kaung Kyauk v. U Pauk U Chan 2013, General Criminal (writ) No. 30, Supreme Court Diary; Daw Ei Than v. U Pauk U Chan 2013, General Criminal (writ) No. 31, Supreme Court Diary; Daw Ei Onn v. U Pauk U Chan 2013, General Criminal (writ) No. 32, Supreme Court Diary; Daw Ei Kaung v. U Pauk U Chan 2013 General Criminal (writ) No. 33, Supreme Court Diary; Daw Ei Htan Mar v. U Pauk U Chan 2013, General Criminal (writ) No. 34, Supreme Court Diary; Daw Ei Kyan Thar v. U Pauk U Chan 2013, General Criminal (writ) No. 35, Supreme Court Diary; Daw Ei Khan Nan v. U Pauk U Chan 2013, General Criminal (writ) No. 36, Supreme Court Diary; Daw Ei Nan v. U Pauk U Chan 2013, General Criminal (writ) No. 37, Supreme Court Diary.

၎င်းတို့အားလုံးကို ပလပ်ခဲ့သည်။ ယင်းအမှုများအားလုံးကို ရှေ့နေ တစ်ဦး တည်းမှ ရှမ်းပြည်နယ်ရှိ ရွာသားများ အတွက် တင်သွင်းခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အား "ဝ" ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသရှိ "ဝ" တပ်မတော်မှ အတင်းအဓမ္မ ခေါ်ဆောင်မှုအတွက်ဖြစ်သည်။[195] လျှောက်ထားချက်ကို တုန့်ပြန်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ "ဝ" ဆက်သွယ်ရေးအရာရှိကို ဆင့်ခေါ်မှုပြုခဲ့သည်။ အဆိုပါအမှုများမှ ပလပ်ခြင်းခံခဲ့ရသည်။ အကြောင်းမှာ လက်နက်ကိုင်ပဋိပက္ခကြောင့် သမ္မာန်စာကို အရောက်မပို့နိုင်ကြောင်း ပြည်ထောင်စုတရား လွှတ်တော်ချုပ်မှ တွေ့ရှိသောကြောင့် ဖြစ်သည်။[196] ကျန်ရှိသည့် လျှောက်ထားချက်များအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေ့စဉ်မှတ်တမ်းစာရင်းသွင်းခြင်းတွင် အချက်အလက်များ ထပ်ပေါင်းထည့်ခြင်း မရှိတော့ပါ။[197] ရွာသားများသည် မည်သည့်တရားရုံးရှေ့မှောက်တွင်မျှ မရောက်ရှိခဲ့ကြပါ။ အတင်းအဓမ္မ ခေါ်ဆောင်ခံရသည့် အချိန်မှစ၍ ပြန်လည်လွှတ်မြောက်ရန် မစီစဉ်နိုင်ခဲ့ကြဘဲ ရှမ်းပြည်နယ်ရွာသားများ၏ အခြေအနေကို မသိရသေးပါ။[198]

### ၆။ ဦးဝေယံ (အခြားအမည် - ဦးရှေတာ) နှင့် ဦးပေါက်ယုချမ်း

လျှောက်ထားသူ၏ရှေ့နေသည် အထက်ဖော်ပါဖြစ်ရပ်နှင့် စပ်လျဉ်းသည့် ထပ်ပေါင်းထားသော လျှောက်ထားချက်ကို တင်သွင်းခဲ့လေသည်။[199] ဦးဝေယံ (အခြားအမည် - ဦးရှေတာ)၏ လျှောက်ထားချက်မှာ ကနဦး အဆင့်တွင်ပင် ပလပ်ခံခဲ့ရလေသည်။ အကြောင်းမှာ ကျမ်းကျိမ်လွှာကို မိသားစုဝင် တစ်ဦးဦးမှ မဟုတ်ဘဲ မိတ်ဆွေဖြစ်သူမှ လက်မှတ်ထိုးထားသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ လက်မခံနိုင်ကြောင်း ပြောဆိုသောကြောင့်ဖြစ်သည်။[200] ဤအမှုအတွက် စီရင်ချက် သို့မဟုတ် တရားရုံးနေ့စဉ်မှတ်တမ်းပင် မရှိပါ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လျှောက်ထားသူကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လျှောက်ထားမှုပြုရန် ညွှန်ကြားသည်လား၊ အမှုကို ပလပ်လိုက်သည်လား ဟူသည်မှာ ရှင်းလင်းပြတ်သားမှုမရှိပါ။

## ၂.၄။ မြန်မာနိုင်ငံရှိ အစောပိုင်းတရားရုံးရှေ့တော်သွင်း စာချွန်တော်အမိန့်ဆိုင်ရာ ဥပဒေသီပွံပညာ

အပိုင်း ၁ တွင် ဖော်ပြထားသည့် နိုင်ငံတကာစံနှုန်းများအပေါ် ထပ်ဆင့်ရသော မြန်မာနိုင်ငံရှိ ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်သည် နိုင်ငံ၏ တရားလွှတ်တော်ချုပ် ဖြတ်ထုံးတွင် တည်ဆောက်ထား သည့် စီရင်ထုံးများအပေါ် အခြေခံနိုင်ပါသည် သို့မဟုတ် အခြေခံသင့်ပါသည်။ ထိုသို့အားဖြင့် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများဖြင့် ကိုက်ညီမှု ရှိလာနိုင်မည်ဖြစ်သည်။

၁၉၄၈ ခုနှစ်တွင် စာချွန်တော်အမိန့် လျှောက်ထားခြင်းဆိုင်ရာ နည်းလမ်းနှစ်ခုရှိပါသည်။ တစ်ခုမှာ တရားလွှတ်တော်ချုပ်၏ စာချွန်တော် စီရင်ပိုင်ခွင့်အားဖြင့်ဖြစ်ပြီး ၎င်းတွင် လူပုဂ္ဂိုလ်အားလုံးသည် သက်သာမှုအတွက် တရားရုံးသို့ တိုက်ရိုက်ချဉ်းကပ်ပိုင်ခွင့် အာမခံပေးထားပါသည်။ အခြားနည်းလမ်းမှာ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၉၁ ရှိ တရားလွှတ်တော်၏ အယူခံမှုနှင့်ဆိုင်သော ရာဇဝတ်မှုဆိုင်ရာ စီရင်ပိုင်ခွင့်အားဖြင့်ဖြစ်ပြီး "တရားရုံးရှေ့တော်သွင်း စာချွန်တော် သဘောသဘာဝဖြင့်" လျှောက်ထားချက်များကို ခွင့်ပြုထားပါသည်။

195 The United Wa State Army, abbreviated as UWSA and also known as the UWS Army, is the military wing of the United Wa State Party (UWSP). It is an ethnic minority army of an estimated 20,000 -25,000 Wa soldiers of Myanmar's Special Region No.2.

196 ICJ Interview, Lawyer Yangon, 15 July 2014.

197 ICJ Interview, Lawyer Yangon, 15 July 2014. The Supreme Court decided to dismiss the cases on the grounds that the summons was undeliverable in line with Writ Procedure Section 13 and had received no reply to their query mandated in Section 15. 2013, General Criminal (writ) No. 8-37, Supreme Court Diary Date: 11/7/2013.

198 ICJ Interviews with family members, Tachilek, Shan State, January 2015.

199 U Wai Yang (a.k.a. U She Tar) v. U Pauk Yu Chan. Interview with U Kyi Win(Latpotta) , advocate Date: 15 July 2014.

200 Interview with U Kyi Win(Latpotta) , advocate Date: 15 July 2014

လွတ်လပ်ရေးရပြီးနောက် တရားရုံးရှေ့တော်သွင်း စာချွန်တော်အမိန့်သည် အရေးပေါ်အာဏာများဖြင့် အစိုးရဆောင်ရွက်ချက်ကို တုန့်ပြန်ရာတွင် 'လူသိများဆုံးသော ဆင့်ခေါ်သည့် ကုစားမှု' ဖြစ်လာခဲ့လေသည်။[201] တရားရုံးများအနေဖြင့် ၎င်းတို့ကဏ္ဍကို လွတ်လပ်စွာအနက်ဖွင့်သည်မှာ - 1948 G.N. Banerji စီရင်ထုံးတွင် စာချွန်တော်များ ထုတ်ဆင့်ရန် တရားလွှတ်တော်ချုပ်အာဏာကို "ကျယ်ပြန့်မှု တွင်ပြည့်စုံပြီး ထိရောက်မှုကင်းသော်လည်း လုပ်ထုံးလုပ်နည်းတွင် ရှေးဆန်သည့် နည်းပညာပါဝင်နေ"ဟု ဖော်ပြထားပါသည်။[202] ၁၉၅၈ ခုနှစ်မှစ၍ တရားရုံးများသည် ၎င်းတို့၏အာဏာကို ကျင့်သုံးရန် အခွင့်အလမ်းရရှိမှု နည်းပါးလာသည်။ ၁၉၆၂ ခုနှစ်တွင်တပ်မတော်မှ အာဏာသိမ်းပြီးနောက်တွင် စာချွန်တော်အကြောင်းကိုစာအုပ်တွင် ထည့်သွင်းထားသော်လည်း လျှောက်ထားချက်များကို လက်ခံပေးနိုင်မည့် လွတ်လပ်သော တရားစီရင်ရေး မရှိခဲ့တော့ချေ။[203]

၁၉၄၈ ခုနှစ်နှင့် ၁၉၆၂ ခုနှစ် ကြားကာလအတွင်းတွင် တရားလွှတ်တော်ချုပ်မှ တရားရုံးရှေ့တော်သွင်း စာချွန်တော်များ ထုတ်ဆင့်ပေးခဲ့လေသည်။ ဖမ်းဆီးရန်ဝရမ်းများ သေချာစွာပြင်ဆင်ထားမှု မရှိခြင်း သို့မဟုတ် သေချာစွာဆောင်ရွက်မှုမရှိခြင်း၊ မှန်ကန်သည့်အထောက်အထားမရှိဘဲ ဖမ်းဆီးခြင်းနှင့် မသေချာမရေရာဘဲ ဖမ်းဆီးခြင်း စသည်တို့ဖြစ်သည့်အခါ ထိန်းသိမ်းခံရသူများကို ပြန်လွှတ်ပေးခဲ့ရပါသည်။[204] ၁၉၄၇ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး အက်ဥပဒေ (ထိန်းသိမ်းခြင်း) အရဥပဒေမဲ့ ထိန်းသိမ်းခြင်းဆိုင်ရာ အမှုများစွာ ကို ဆုံးဖြတ်ချက်ချမှတ်ခဲ့ရာ အဆိုပါကိစ္စရပ်များသည် တရား ဘောင်မဝင်ခဲ့ပေ။ တရားရုံးများသည် လွတ်လပ်သော တရားစီရင်ချက်များ ချမှတ်မှုအတွက် သော် လည်းကောင်း၊ အစိုးရ၏ထင်ရာစိုင်းသောအပြုအမူများ သို့မဟုတ် ပါလီမန်အက်ဥပဒေများ (Acts of Parliament) ကို ဆန့်ကျင့်ဆောင်ရွက်နိုင်ခွင့် အတွက်သော်လည်းကောင်း ဂုဏ်သတင်း ထင်ရှားခဲ့ပါသည်။[205] ဤတွင်အစိုးရ၏ထင်ရာစိုင်းသော အပြုအမူများ သို့မဟုတ် ပါလီမန်အက်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများကို ပယ်ဖျက်မှုမပြုနိုင်ကြောင်း ထင်ရှားစေပါသည်။[206] ရလဒ်အားဖြင့် တရားရုံးရှေ့တော်သွင်းစာချွန်တော်ဆိုင်ရာ ကြားနာလျှောက်ထားချက်များအား လက်လှမ်းမီရန် ယနေ့တွင် တရားလွှတ်တော်ချုပ်တွင် စီရင်ထုံးများ ကြည့်ရှုနိုင်ပါသည်။

### ၂.၄.၁။ ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅ (၂)

တရားလက်လွတ် ဖမ်းဆီးခြင်းကိုကာကွယ်ရန်နှင့် အခြေခံလွတ်မြောက်ခွင့်ကို ထိန်းသိမ်းရန် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅(၂) မှ တရားရုံးရှေ့တော်သွင်းစာချွန်တော် အပါအဝင် အမိန့် ထုတ်ဆင့်မှုများကို တရားလွှတ်တော်ချုပ်ဆိုင်ရာ စီရင်ပိုင်ခွင့်ကို တည်ဆောက်ပေးထားပါသည်။ G.N. Banerji v The Superintendent, Insein Jail Annexe (1948) BLR (SC) 199 စာအုပ်တွင် တရားသူကြီး E. Maung မှ တရားသူကြီး Wright ကို Greene v Secretary of State for Home Affairs (1942) AC 284 တွင် ကိုးကားချက်ပြုထားရာ တရားရုံးရှေ့တော်သွင်းစာချွန်တော်သည် စာချွန်တော်အခွင့်အရေးဖြစ်ပြီး ဘာသာရပ် သက်သက်မဟုတ်ကြောင်း ဖော်ပြ

201 Maung Maung. Burma's Constitution. 2nd ed., The Hague: Martinus Nijhoff, 1961. P. 99.

202 G.N. Banerji v. Superintendent, Insein Jail Annexe, Insein. BLR (1948) SC 203–04; In 1950, the Tinsa Maw Naing ruling explained that, "The personal liberty of a citizen, guaranteed to him by the Constitution, is not lightly to be interfered with and the conditions and circumstances under which the legislature allows such interference must be clearly satisfied and present". Tinsa Maw Naing v. Commissioner of Police, Rangoon & Another. BLR (1950) SC 37.

203 Nick Cheeseman, 'The Incongruous return of Habeas Corpus to Myanmar' Cheeseman, Skidmore & Wilson. Ruling Myanmar: From Cyclone Nargis to National Elections (ISEAS 2010) p. 96.

204 Dr. Malar Aung, Reported Cases of Writs Application with Judgment Summary 1948-1971.

205 Silverstein, Joseph (1977) Burma: Military Rule and the Politics of Stagnation (Ithaca, NY, Cornell University Press, 1977) p.57. For example, despite that the Public Order (Preservation) Act stated that an order to detain a person under the Act could not be reviewed by a court, the Supreme Court held that this provision was unconstitutional because it was contrary to the powers of the Supreme Court under section 25 of the Constitution. See Bo San Lin v. The Commissioner of Police and one [1949] BLR 372.

206 Melissa Crouch, 'The Common Law and Constitutional Writs: Prospects for Accountability in Myanmar' in Lindsay & Crouch (eds.) Law, Society and Transition in Myanmar (Hart, 2014) p.143.

ထားသည်။[207] တရားရုံးရှေ့တော်သွင်းစာချွန်တော်တစ်စုံတစ်ရာ လုပ်ထုံးလုပ်နည်း၏ ပထမအဆင့်မှာ လျှောက်ထားသူ၏ လွတ်မြောက်မှုအား တရားမဲ့ဟန့်တားမှုဖြစ်သည့် prima facie (စွဲချက်တင်နိုင် လောက်သည့် အထောက်အထားရှိခြင်း) တည်ဆောက်ထားခြင်း ရှိ၊ မရှိကို ဆုံးဖြတ်ရန်ဖြစ်သည်။[208] နောက်တစ်ဆင့်မှာ လျှောက်ထားခံရသူမှ တုန့်ပြန်ချက်သည် ကောင်းမွန် ပြည့်စုံမှု ရှိ၊ မရှိကို တရားသူကြီးမှ စဉ်းစားပေးရန်ဖြစ်သည်။[209]

တရားရုံးရှေ့တော်သွင်းစာချွန်တော်၏ တန်ဖိုးဟုဆိုရာဝယ် ထိန်းသိမ်းခံရသူတစ်ဦး ပြန်လည်လွတ်မြောက်ရန် အခွင့်အရေးအတွက် ချက်ခြင်းဆုံးဖြတ်မှုချမှတ်ရန် ခွင့်ပြုထားကြောင်း တရားစီရင်ချက် သတ်မှတ်ထားခြင်း ဖြစ်သည်။[210] ထိုသို့ဆောင်ရွက်ရာတွင် တရားရုံးအနေဖြင့် ရှောင်တိမ်းခြင်းနှင့် နှောင့်နှေးခြင်းများတို့ကို ကာကွယ်ပေးရပါမည်။[211]

ထို့အပြင် တရားသူကြီး E. Maung သည် Lord Halsbury ၏ thrice the Lord Chancellor of Great Britain, in Cox Hakes (15 App. Cas. 506, 514) စာအုပ်မှကိုးကားချက်များ ပြုလုပ်ထားရာ ၎င်းတွင် ထိန်းသိမ်းခံရသူ၏ လွတ်မြောက်ခွင့်ဆိုင်ရာ ကုံလုံသောမေးခွန်း ကြားနာဆုံးဖြတ်မှုပြုခြင်း ကို တားမြစ်ရန် မည်သည့် လုပ်ထုံးလုပ်နည်းကိုမှ ခွင့်မပြုဟု ဖော်ပြထားပါသည်။[212]

မြန်မာနိုင်ငံသည် အတိတ်ကာလတွင် နိုင်ငံတကာစံနှုန်းများကို အတည်ပြုလိုက်နာခဲ့ကြောင်း နိုင်ငံ၏ ဥပဒေသိပ္ပံပညာမှ ဖော်ပြပါသည်။ ယခင် အမှုများတွင်တွေ့ရသည်မှာ အမှုရင်ဆိုင်ရာကာလများ အတွင်းတွင် ထိန်းသိမ်းခံရသူတွင်သော်လည်းကောင်း၊ တတိယပုဂ္ဂိုလ်/အဖွဲ့တွင်သော်လည်းကောင်း အောက်ပါအခွင့်အရေးများ ရှိသည် -

- သင့်လျော်ရာ တရားရုံးတစ်ခုတွင် ရုပ်ခန္ဓာအားဖြင့် တက်ဆက်နိုင်ခွင့် [213]
- ရှေ့နေများမှ ကိုယ်စားပြုဆောင်ရွက်ပေးခွင့်နှင့်
- ထိန်းသိမ်းဆိုင်ရာ မျှတသောလုပ်ထုံးလုပ်နည်းဖြင့် ထိရောက်စွာ စိန်ခေါ်နိုင်ခွင့်[214]

လျှောက်ထားခံရသူမှ စာချွန်တော်အပေါ် တုန့်ပြန်ချက်သည် ရှင်းရှင်းလင်းလင်း လုံလောက်မှု မရှိလျှင်သော်လည်းကောင်း၊ လျှောက်ထားခံရသူ၏ တုန့်ပြန်ချက်တွင် စွပ်စွဲချက်များသည် အဖြစ်အပျက်အမှန်နှင့် ကိုက်ညီမှုမရှိလျှင်သော်လည်းကောင်း တရားလွှတ်တော်ချုပ်သည် ထိန်းသိမ်းခံရသူအား ပြန်လွတ်ပေးပိုင်ခွင့်အာဏာ ရှိခဲ့သည်။[215]

မော်လှကျော်နှင့် ရန်ကုန်တိုင်း ရဲမှူးကြီး တို့၏ အမှုတွင် တရားလွှတ်တော်ချုပ်မှ ဆောင်ရွက်ခဲ့သည်မှာ လူတစ်ဦးတစ်ယောက်အား ထိန်းသိမ်းခြင်းအား ပြည်တွင်းနှင့်နိုင်ငံတကာဥပဒေနှင့် ကိုက်ညီသော လုပ်ထုံးလုပ်နည်းများအရ တရားဝင်မှု ရှိ၊ မရှိကို နှောင့်နှေးမှုမရှိဘဲ စစ်ဆေးတရားစီရင်မှု ပြုရမည်ဖြစ်ကြောင်း စီရင်ခဲ့လေသည်။ [216] ထိန်းသိမ်းခြင်းသည် ဥပဒေနှင့်မညီပါက ထိန်းသိမ်းခံရသူကို မဆိုင်းမတွ ပြန်လွတ်ပေးရပါမည်။

207 G.N. Banerji v. The Superintendent, Insein Jail Annexe (1948) BLR (SC) 199, pp 202.
208 Ibid.
209 Ibid.
210 Ibid.
211 Ibid. p. 199.
212 Ibid. p. 202.
213 Lim Pwe Htin v. The Chairman, Public Property Protection Committee and another (1952) BLR (SC) 55. See Dr. Malar Aung, Reported Cases of Writs Application with Judgment Summary pp 18.
214 U Sann Lwin, 'Writs' (September 2012) 10 Law Journal p.33.
215 Daw Khin Tee v. U Chan Tha and One (1949) BLR (SC) 193; See Dr. Malar Aung, Reported Cases of Writs Application with Judgment Summary p. 10.
216 Maung Hla Gyaw v. The Commissioner of Police, Rangoon and one (1948) BLR (SC) 764; See Dr. Malar Aung, Reported Cases of Writs Application with Judgment Summary no.8, p. 7.

### *တရားရုံးရှေ့တော်သွင်းစာချွန်တော် လုပ်ထုံးလုပ်နည်း*

အထက်ဖော်ပြပါ အခြေခံသဘောတရားများအပြင် အောက်ပါလုပ်ထုံးလုပ်နည်းများသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သောအမှုများအတွက် ကျင့်သုံးသောလုပ်ထုံးလုပ်နည်းအတွက် လမ်းညွှန်ပေးနိုင်ပါမည် -

- လူတစ်ဦး၏ လွတ်လပ်ပိုင်ခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပယ်ရှား၍မရနိုင်ဘဲ ဥပဒေအရ ထိန်းသိမ်းမှု (Save)ဖြင့် သော်လည်းကောင်း၊ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းဖြင့် လိုက်လျောခြင်းဖြင့် သော်လည်းကောင်း မရောနှောသင့်ပါ။ [217]
- ဝရမ်းအမိန့် တစ်ရပ်အား မှုကြမ်းပြုလုပ်စဉ်ဖြစ်စေ၊ အခြေခံလူ့အခွင့်အရေးဖြင့် ရောထွေးမှုရှိနေသည့် အရေးကြီးသချိုင်းစာရွက်စာတမ်း မှုကြမ်းပြုလုပ်စဉ်ဖြစ်စေ အသုံးပြုသော ဘာသာစကား တိကျမှု ရှိရပါမည်။[218]
- တရားရုံးရှေ့တော်သွင်း စာချွန်တော်စာချွန်တော်အမိန့်အပေါ် အာဏာပိုင်များ၏ တုန့်ပြန်မှုရှိ အချက်အလက်များ မှန်ကန်မှုကို တရားသူကြီးများမှ စစ်ဆေးသင့်သည်။[219]
- စာရွက်စာတမ်းအထောက်အထားများကို တရားရုံးမှငင်း၏ရှေ့မှောက်တွင် စစ်ဆေးမှုပြုပြီး တစ်ဦးတစ်ယောက်၏ ထိန်းသိမ်းမှုဆိုင်ရာ တရားဝင်ဖြစ်မှုကို ဓမ္မဓိဋ္ဌာန်ကျသော စစ်ဆေးမှုဖြင့် အဆုံးအဖြတ်ပေးရမည်။[220]
- ထိန်းသိမ်းမှုပြုသည့် အာဏာပိုင်သည် ထိန်းသိမ်းမှုပြုရသည့် ၎င်းတို့၏ ဆောင်ရွက်ချက်ဆိုင်ရာ အခြေခံအချက်များကို အထောက်အကူပေးမည့် လုံလောက်သော စာရွက်စာတမ်း ပစ္စည်းများကို ပြသရမည်။[221] လျှောက်ထားခံရသူသည် တရားမဲ့ဆောင်ရွက်ချက်များ သို့မဟုတ် အများပြည်သူဘေးကင်းလုံခြုံရေးနှင့် အများပြည်သူ ငြိမ်ဝပ်ပိပြားမှုထိန်းသိမ်းရေး၏ သဘောသဘာဝကို သတ်မှတ်ဖော်ပြရမည်ဖြစ်ပြီး ၎င်းတွင် ထိန်းသိမ်းရေးအရာရှိထံတွင် ထိန်သိမ်းသူသည် ပြစ်မှုထင်ရှားကြောင်း ယုံကြည်စေမည့် အကြောင်းရင်း ရှိရမည်ဖြစ်သည်။[222]

### *ထိန်းသိမ်းမှုဆိုင်ရာ တရားဝင်ဖြစ်ခြင်း*

တရားမဲ့ထိန်းသိမ်းမှု အခြေအနေများကို သတ်မှတ်ပေးသည့် ၁၉၆၂ အစောပိုင်း စီရင်ထုံးများသည် ယနေ့လက်ရှိအာဏာပိုင်များ၊ ရှေ့နေများနှင့် တရားသူကြီးများအတွက် အသုံးဝင်သောလုပ်ထုံးအဖြစ် ကူညီပေးသင့်ပါသည် -

- ဖမ်းဆီးခြင်းအတွက် လုပ်ထုံးလုပ်နည်းသည် တရားဥပဒေနှင့်အညီမဖြစ်ပါက ထိန်းသိမ်းခြင်းသည်လည်း တရားဥပဒေနှင့် ဆန့်ကျင်ဘက် ဖြစ်ပါမည်၊[223]

---

217 Lee Kyin Su @ U Su v. The Commissioner of Excise and three others (1957) BLR (SC) 5; See Dr. Malar Aung, Reported Cases of Writs Application with Judgment Summary no. 33, p. 25.

218 G.N. Banerji v. The Superintendent, Insein Jail Annexe (1948) BLR (SC) 199, p. 212.

219 Kin Ma Ma v. The Chairman, Public Property Protection Board and another (1948) BLR (SC) 574; See Dr. Malar Aung, Reported Cases of Writs Application with Judgment Summary no.6, p. 6.

220 Tinsa Maw Naing v. The Commissioner of Police, Rangoon and another (1950) BLR (SC) 17. See U Hla Aung, 'The Law of Preventive Detention in Burma' pp 60; Maung Hla Gyaw v. The Commissioner of Police, Rangoon and one (1948) BLR (SC) 764. See Dr. Malar Aung, Reported Cases of Writs Application with Judgment Summary. p. 6.

221 U Win Pe v. Secretary, Home Ministry (1957) BLR (SC) 32; See: U Hla Aung, 'The Law of Preventive Detention in Burma'. p. 59.

222 Ah Nywe v. Commissioner of Police, Rangoon and another (1948) BLR (SC) 737; See: Dr. Malar Aung, Reported Cases of Writs Application with Judgment Summary no 7, p 6.

223 Bo San Lin v. The Commissioner of Police and one (1948) BLR (SC) 372. See Dr. Malar Aung, Reported Cases of Writs Application with Judgement Summary no. 3, p. 3. This means that although a police officer might have had good and sufficient grounds for what he did, if the law requires that he proceed in a certain manner, then strict compliance has to be adhered to.

- ဖမ်းဆီးခြင်းအာဏာကို ကိုယ်စားလွှဲအပ်ခြင်းမပြုသင့်ပါ၊[224]
- အထက်အာဏာပိုင်၏ အမိန့်အရ ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြုသည်ဟု ထွက်ဆိုချက်သည် တရားဥပဒေနှင့် ဆန့်ကျင့်ကြောင်း ထင်ရှားပါသည်၊ [225]
- လူတစ်ဦးသည် ရန်ကုန်တွင် နေထိုင်သူမဟုတ်ခြင်း သို့မဟုတ် ထိုသူ၏ ပြုမူဆောင်ရွက်ချက်များ သည် ရန်ကုန်ရှိ အများပြည်သူလုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးအပေါ် ခြိမ်းခြောက်မှုမရှိခြင်း ဖြစ်ပါက ရန်ကုန်တိုင်း ရဲမှူးကြီးအနေဖြင့် ထိန်းသိမ်းမှုဆိုင်ရာအမိန့်ကို ထုတ်ဆင့် စီရင်ပိုင်ခွင့် မရှိပါ၊[226]
- ဖမ်းဆီးခွင့် အမိန့်ကိုအရေးအသားဖြင့် ဖြစ်ရမည်။ နှုတ်မိန့်ဖြင့် ထိန်းသိမ်းဆောင်ရွက်ခြင်းသည် တရား မဝင်ပါ၊ [227]
- တစ်ချိန်တည်းတွင် လူအမြောက်အများကို ဖမ်းဆီးရန် အမိန့်တစ်ခုတည်းချမှတ်ခြင်းသည် မသင့်လျော် ပါ။ အဘယ်ကြောင့်ဆိုသော် ယင်းအမိန့်ကို ချမှတ်သည့် အာဏာပိုင်သည် ထိန်းသိမ်းခံရသူတစ်ဦးခြင်း စီ၏အမှုကို ထည့်သွင်းစဉ်းစားပေးရန် မတတ်နိုင်သောကြောင့် ဖြစ်သည်၊
- လူပေါင်း ၇၁ ဦးအား မတူညီသော ဒေသများတွင် မတူညီသော နေ့ရက်များ၌ ဖမ်းဆီးရန် အမိန့်တစ်ခု သာ ချမှတ်ခြင်းသည် အပြစ်ဆိုဖွယ်ဖြစ်ပြီး ယင်းကိုရှောင်ရှားသင့်သည်၊[228]
- ထိန်းသိမ်းမှုပြုရန် ညွှန်ကြားချက်ပေးပြီးနောက်ပိုင်းမှသာ ဖမ်းဆီးခြင်းကို သက်သေပြရန် လုံလောက် သောသက်သေများ ရရှိခြင်းသည် ဥပဒေနှင့်မညီပါ၊ [229]
- ကြားနာဆုံးဖြတ်မှုကာလအတွင်း လျှောက်ထားသူအား ပြောင်းရွှေ့လိုက်ခြင်းသည် တရားလွှတ်တော် ချုပ်၏တရားစီရင်မှုကို ရှောင်တိမ်းရန် ကြိုးစားမှုတစ်ရပ်ဖြစ်ပြီး ထိန်းသိမ်းခံရသူ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အခွင့်အရေးကို ဝင်ရောက်စွက်ဖက်စေပါသည်။[230]

### ၂.၄.၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁ (၁)(ခ) ရှိ ဥပဒေသိပ္ပံပညာ

၁၉၄၇ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမှ နိုင်ငံ၏ ပြည်နယ်ခုနစ်ခုနှင့် တိုင်းခုနစ်တိုင်း အသီးသီးရှိ အမြင့်ဆုံးတရားလွှတ်တော်ဖြစ်သည့် တရားလွှတ်တော်များအား ၎င်း၏ တရားစီရင်ပိုင်ခွင့် အောက်၌ စာချွန်တော် လျှောက်ထားမှုများကို နည်းဥပဒေသအရ လျှောက်ထားပါက ကြားနာရန် ခွင့်ပြုခဲ့ပါသည်။[231] သို့သော် ၁၉၄၉ တွင်

224 G.N. Banerji v. The Superintendent, Insein Jail Annexe (1948) BLR (SC) 199, p. 208.

225 Lee Kyin Su @ U Su v. The Commissioner of Excise and three others (1957) BLR (SC) 5; See: Dr. Malar Aung, Reported Cases of Writs Application with Judgement Summary no.33, p. 25.

226 Ma Aye Kyi v. The Commissioner of Police and one (1948) BLR 772; Maung San Tint v. The Deputy Commissioner of Pegu and one (1949) BLR (SC) 196; See: Dr. Malar Aung, Reported Cases of Writs Application with Judgement Summary no. 9, p 8 and no. 15, p.11.

227 Ah Nywe v. Commissioner of Police, Rangoon and another (1948) BLR 737; Bo San Lin v. The Commissioner of Police and one (1948) BLR (SC) 372; Ma Aye Kyi v. The Commissioner of Police and one (1948) BLR 772; and Daw Aye Nyunt v. The Commissioner of Police, Rangoon and one (1949) BLR (SC) 5.

228 Bo San Lin v. The Commissioner of Police and one (1948) BLR (SC) 372. See Dr. Malar Aung, Reported Cases of Writs Application with Judgement Summary no. 3, p. 4.

229 U Zan v. The Deputy Commissioner, Insein and another (1951) BLR (SC) 17; See: Dr. Malar Aung, Reported Cases of Writs Application with Judgement Summary no. 4, pp. 16 – 17. There must be reasonable satisfaction of necessity, such as to investigate into the activities of the detainee, to direct detention. The reasonable grounds for detention must have already been known to the authority before exercising such discretion can be considered valid.

230 Bo Aye Ko v. The Commissioner of Police, Rangoon and two others (1950) BLR (SC) 181; See: Dr. Malar Aung, Reported Cases of Writs Application with Judgement Summary no. 19, p. 15. The facts of the case involved a detainee who was originally arrested at Hmawbi and detained in the Rangoon Central Jail under the orders of the Deputy Commissioner of Police of Rangoon. When the detainee filed for Habeas corpus, the Deputy Commissioner of Police of Rangoon cancelled his order. This order was replaced by an order under the Deputy Commissioner of Police of Insein, where he directed the detention of the applicant in the Rangoon Jail Central until further orders and then passed a second order to transfer the applicant to Insein Jail.

231 The High Court was established under ss 134 and 135 of the Constitution and s 2 of the Union Judiciary Act 1948.

တရားလွှတ်တော်များသည် သီးခြားလုပ်ပိုင်ခွင့် စာချွန်တော် ထုတ်ဆင့်မှု အာဏာမရှိကြောင်း တရားလွှတ်တော်ချုပ်မှ ကြေညာခဲ့ပြီး တရားမဲ့ထိန်းသိမ်းခြင်း အမှုများတွင် ရှေ့တော်သွင်းစာချွန်တော်အမိန့် ထုတ်ဆင့်ရန် ၎င်း၏ တရားစီရင်ပိုင်ခွင့်အာဏာကို ကန့်သတ်လိုက်လေသည်။ ၎င်းကို ၁၉၈၉ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁ တွင် ပြဋ္ဌာန်းထားပါသည်။[232]

တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်များအကြား ဆက်နွယ်မှုနှင့် တရားရုံးရှေ့တော်သွင်းစာချွန်တော်အမှုများကို ကြားနာရန် ၎င်းတို့၏ စွမ်းရည်တို့အတွက် စိုးရိမ်စရာများကို ဥပဒေသီပွံပညာမှ ဖော်ပြထားပါသည်။ မမာမာနှင့် အလုံ P.S.O အပါအဝင် အခြားသူများ[233] တို့ဖြင့် ဖြစ်ခဲ့သော အမှုတွင် လျှောက်ထားသူက ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၉၁ အရ တရားလွှတ်တော်မှ အမိန့်ချမှတ်ခြင်းကို အယူခံဝင်ရန်အတွက် တရားလွှတ်တော်ချုပ်ထံ အထူးခွင့်ရက် တောင်းခံခဲ့သည်။[234] တရားသူကြီးသည် Eshugbayi Eleko v. Officer administering the Government of Nigeria and another (1928) A.C. 459 တို့အမှုမှ အင်္ဂလိပ်ရိုးရာဥပဒေ ကျင့်သုံးမှုကို ကျင့်သုံးခဲ့ရာ ၎င်းတွင် တရားလွှတ်တော်မှ တရားရုံးရှေ့တော်သွင်းစာချွန်တော်၏ သဘောသဘာဝအရ လျှောက်ထားသူက ညွှန်ကြားချက်တစ်ရပ်ရရှိရန် မအောင်မြင်ခြင်းကြောင့် လျှောက်ထားသူမှ တရားလွှတ်တော်ချုပ်ထံ လွှတ်ပြောက်မှုအတွက်လျှောက်ထားခြင်းကို မပယ်ဖျက်ခဲ့ပါ။ထားခြင်းကို မဟန့်တားရပါ။

ဤဆုံးဖြတ်ချက်သည် ယနေ့မြန်မာနိုင်ငံရှိ တရားလွှတ်တော်များမှ တရားရုံးရှေ့တော်သွင်း စာချွန်တော်ဆိုင်ရာ လမ်းညွှန်ချက်များရရှိရန် လိုလားနေသူများအတွက် စပ်လျဉ်းမှုရှိပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၈ မှ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅ ကို ထင်ဟပ်စေပါသည်။[235] အခန်း ၃၇၊ ပုဒ်မ ၄၉၁ မှ တရားရုံးရှေ့တော်သွင်းစာချွန်တော် သဘောသဘာဝဆိုင်ရာ ညွှန်ကြားချက်များချမှတ်ရန် တရားလွှတ်တော်အား အာဏာပေးအပ်ထားသကဲ့သို့ ရှေ့နေများသည် လျှောက်ထားချက်များကို တရားလွှတ်တော်ချုပ် သို့မဟုတ် တရားလွှတ်တော်တစ်ခုခုသို့ တင်သွင်းနိုင်ပါသည်။ ထို့အပြင် ၎င်းတို့မှ အစဉ်လိုက်အဖြစ်လည်း ဆောင်ရွက်နိုင်သည်။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁ အရ ပြန်လွှတ်ပေးရန် ငြင်းဆိုခြင်းပြုသည့် တရားလွှတ်တော်၏ အမိန့်သည် တရာလွှတ်တော်ချုပ်ရှေ့မှောက်သို့ဖြစ်စေ၊ အပြန်အလှန်အားဖြင့်ဖြစ်စေ တရားရုံးရှေ့တော်သွင်းစာချွန်တော် အမိန့်အတွက် လျှောက်ထားချက်တစ်ရပ်ကို တင်သွင်းခြင်းအား မတားဆီးနိုင်ပါ။

Sitaram နှင့် ရန်ကုန်ဗဟိုထောင်မှူးနှင့် အခြားသူတစ်ယောက်တို့အမှုတွင်[236] လျှောက်ထားသူသည် တရားလွှတ်တော်သို့သော်လည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ထံသို့သော်လည်းကောင်း Burma Extradition ACT နှင့် Burma Foreigners Act တို့အရ ချမှတ်ထားသော စွဲချက်များမှ အရင်းခံလျက် ဖမ်းဆီးမှုများစွာ၏တရားဥပဒေနှင့်ညီညွတ်မှုကို အဆုံးအဖြတ်ပေးရန် နှစ်ရပ်လုံးထံ ချဉ်းကပ်နိုင်ပါသည်။ တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်နှစ်ရပ်လုံးသည် တရားရုံးရှေ့တော်သွင်းဆိုင်ရာ ညွှန်ကြားချက်များရရှိရန် လမ်းကြောင်းတစ်မျိုးပြီးတစ်မျိုး အသုံးပြုနိုင်စွမ်းကို မည်သည့်အခါမျှ မေးမြန်းမှုမပြုခဲ့ပါ။

---

232 See: Kean Eng & Co v. The Custodian of Moveable Properties, Burma & One [1949] BLR (SC) 71. According to s 491 of the Code of Criminal Procedure, the High Court could make a direction in the nature of habeas corpus.

233 [1948] BLR (SC) 214.

234 The application was brought pursuant to Section 6 of the Union Judiciary Act, which conferred on the Supreme Court powers to grant special leave to appeal any judgment, decree or final order of any court in any civil, criminal or other case if all legal remedies had been exhausted. The Supreme Court held that there was a separate effective remedy under Section 25 of the 1947 Constitution whereby it could issue 'directives in the nature of habeas corpus' and that no subject would go without its redress if a legitimate grievance exists.

235 Article 25 (2) of the 1947 states that the Supreme Court has the power to issue writs, 'Without prejudice to the powers that may be vested in this behalf in other Courts.' Article 378 (b) of the 2008 Constitution states that the Supreme Court's right to issue writs 'shall not affect the power of other courts to issue order that has the nature of writs according to the existing laws.'

236 Sitaram v. The Superintendent, Rangoon Central Jail and Another 1957 B.L.R (H.C) 190 Appellate Criminal.

# အပိုင်း-၃။ အကြံပြုချက်များ

မြန်မာနိုင်ငံရှိ ဆက်လက်ဖြစ်ပွားနေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၊ အရေးပါသော ရွေးကောက်ပွဲနှင့် အစိုးရသစ်၏ ကျမ်းသစ္စာကျိန်ဆိုမှု အစရှိသည်တို့သည် ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းတို့နှင့်ဆက်စပ်သည့် ဥပဒေ နှင့်ကျင့်သုံးမှုများကို နိုင်ငံတကာလူ့အခွင့်အရေး စံနှုန်းများနှင့်ကိုက်ညီလာစေရန် ပြန်လည်ဆန်းစစ်ခြင်းနှင့် ပြင်ဆင် ချက်များ ဆောင်ရွက်လာစေရန် သေချာစေမည့် အရေးကြီးသော အခွင့်အရေးတစ်ရပ်ကိုပြင်ဆင်ပေးလျက်ရှိပါသည်။

အာဏာခွဲဝေပိုင်းခြားကန့်သတ်ထားခြင်းကို လေးစားလိုက်နာပြီး တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းထား ရှိပါက တရားရုံးရှေ့တော်သွင်းစာချွန်တော် ကို ထိရောက်သော ကုစားမှုအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကာ ၎င်းသည် ပြည်သူများအား ထိန်းသိမ်းခြင်းပြုသည့် အုပ်ချုပ်မှုဌာန၏အာဏာအပေါ် စစ်ဆေးမှုပြုနိုင်မည့် တရားစီရင်ရေး အဖြစ် ကူညီပေးရန် သေချာစေပါမည်။ ၎င်းသည် အာဏာ အလွဲသုံးစားခြင်းဆိုင်ရာ အန္တရာယ်ကိုလည်း လျှော့ကျစေမည် ဖြစ်သည်။

မြန်မာနိုင်ငံရှိ တရားရုံးရှေ့တော်သွင်းစာချွန်တော် အမိန့်ဆိုင်ရာ ထိရောက်မှု ပိုမိုတိုးတက်လာစေရန်နှင့် အတားအဆီးများကို ရင်ဆိုင်ဖြေရှင်းနိုင်စေရန်သော်လည်းကောင်း၊ ဥပဒေနှင့် ၎င်းအား လက်တွေ့ကျင့်သုံးပုံတို့အား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများနှင့် ဆက်စပ်ကိုက်ညီမှု ရှိစေရန်အတွက်သော်လည်းကောင်း ICJ အနေဖြင့်အောက်ပါ အကြံပြုချက်များဖြင့် အာဏာပိုင်များအား ကူညီပေးလိုပါသည်။[237]

## ၃.၁။ အမှီခိုကင်းသော တရားစီရင်ရေးအား မြှင့်တင်ခြင်း

အာဏာခွဲဝေပိုင်းခြားသတ်မှတ်ခြင်း သဘောတရားသည် အမှီအခိုကင်းပြီး ဘက်မလိုက်သည့် တရားမျှတ မှုစနစ်၏ အုတ်မြစ်ဖြစ်သည်။ အစိုးရ၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးဌာနများမှ တရားစီရင်ရေးဆိုင်ရာ အမှီအခို ကင်းခြင်းသည် တရားမျှတသော အုပ်ချုပ်ရေးအတွက် လိုအပ်သော အခြေအနေတစ်ရပ်ဖြစ်ပြီး တရားဥပဒေစိုးမိုးရေး အတွက်လည်း အခြေခံအချက်ဖြစ်သည်။

- အစိုးရသည် ဥပဒေပြုရေးကို ချမှတ်ဆောင်ရွက်သင့်ပြီး အစိုးရ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရား စီရင်ရေး ကဏ္ဍများအကြား ရှင်းလင်းသော ကွဲပြားမှုများရှိစေခြင်းသော်လည်းကောင်း၊ တရားစီရင် ရေးမှ တာဝန်ယူဆောင်ရွက်သည့် ကိစ္စရပ်များတွင် အခြားသောအစိုးရဌာနခွဲများမှ သို့မဟုတ် မည် သည့် ပုဂ္ဂိုလ်တစ်စုံတစ်ရာမှ ဝင်ရောက်စွက်ဖက်မှု မရှိစေခြင်းငှာသော်လည်းကောင်း ဆောင်ရွက်ပေးရ ပါမည်။ ထိုသို့သောလုပ်ဆောင်ချက်များတွင် တရားသူကြီးများ အမှီအခိုကင်းမှုဆိုင်ရာ ကုလသမဂ္ဂ အခြေခံသဘောတရားများ၊ ရှေ့နေများ၏ အခန်းကဏ္ဍဆိုင်ရာ ကုလသမဂ္ဂ အခြေခံ သဘောတရားများ နှင့် တရားစွဲအဖွဲ့အစည်းများ၏ အခန်းကဏ္ဍဆိုင်ရာ ကုလသမဂ္ဂ၏ လမ်းညွှန်ချက်များ စသည်တို့ပါဝင် သည့် နိုင်ငံတကာ စံနှုန်းများမှ လမ်းညွှန်မှုများ ရရှိသင့်ပါသည်။
- တရားသူကြီးများနှင့် ရှေ့နေများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရ မည်ဖြစ်ပြီး ၎င်းတွင် လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်ရေး၊ ကြောက်ရွံ့မှု သို့မဟုတ် မျက်နှာလိုက်မှု ကင်းစင်ရေးနှင့် အစိုးရအုပ်ချုပ်ရေးဌာနများမှ ဝင်ရောက်စွက်ဖက် မှု ကင်းစင်ရေး တို့ပါဝင်သည်။
- တရားရုံးရှေ့တော်သွင်းစာချွန်တော်အမိန့် လျှောက်ထားနိုင်ခွင့် အပါအဝင်၊ ထိန်းသိမ်းမှုအား တရား ဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိကို အရပ်သားများမှ စိန်ခေါ်နိုင်ခွင့်ကို သာမန် တရားစီရင်ရေးအောက်၌ မည်သည့်အခြေအနေတွင်မဆို ရရှိရန် အာမခံပေးရမည်။[238]

---

237 The relevant international standards are set out in Part 1 of this Handbook.

238 International Commission of Jurists, Legal Commentary to the ICJ Berlin Declaration on Upholding Human Rights and the Rule of Law in Combating Terrorism, Geneva, Switzerland, 2008 p. 54.

- မြန်မာနိုင်ငံပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ် စည်းကမ်းများ တည်ဆောက်ပေးရမည်ဖြစ်ပြီး ၎င်းသည် တရားစီရင်ရေးဆိုင်ရာ တာဝန်ခံမှုစနစ်တစ်ခု စီစဉ်ချမှတ်ပေးခြင်းနှင့် ၂၀၁၅ - ၂၀၁၇ ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ မဟာဗျူဟာအစီအစဉ်နှင့် လျော်ညီသော တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုအားကောင်းလာစေခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ယင်းဗျူဟာအစီအစဉ်တွင် တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်စည်းကမ်း တည်ဆောက်ခြင်းကို ပထမ ဦးစားပေးစာရင်းတွင် ထားရှိရပါမည်။

## ၃.၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ စာချွန်တော်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား ပြန်လည်ဆန်းစစ်ခြင်း

ICJ မှလည်း မြန်မာအစိုးရထံ တောင်းဆိုချက်များရှိပါသည်။ ၎င်းတို့မှာ -

- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၉၆ (ခ) ကို ဖျက်သိမ်းရန်နှင့် တရားရုံးရှေ့တော်သွင်း စာချွန်တော် အမိန့်ကို အရေးပေါ်ကြေညာချက်ထုတ်ပြန်သည့် အခြေအနေ သို့မဟုတ် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများရှိနေသည့် အခြေအနေများအပါအဝင် မည်သည့် အခြေအနေတွင်မဆို ရရှိနိုင်မှု သေချာစေရန်၊
- နိုင်ငံတော်နှင့် ခရိုင်တရားရုံးများတွင် တရားရုံးရှေ့တော်သွင်း စာချွန်တော်အမိန့်အတွက် လျှောက်ထားချက်များကို ကြားနာပေးရန်အတွက် တရားစီရင်ရေးကို တိုးချဲ့နိုင်စေရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၉၆ နှင့် ၃၇၇ တို့ကို ပြင်ဆင်ပေးရန်၊ ၎င်းတွင် တရားရုံး ရှေ့တော်သွင်းစာချွန်တော်အတွက် လျှောက်ထားချက်များကို တင်သွင်းရန် ကြိုးစားသူများအတွက် လက်လှမ်းမှီပြီး အကုန်အကျသက်သာမှုရှိစေရန်၊
- စာချွန်တော်လျှောက်ထားခြင်းအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို ပြင်ဆင်ရန်၊ ထိုသို့အားဖြင့် တရားရုံးရှေ့တော်သွင်းစာချွန်တော်အတွက် လျှောက်ထားမှုသည် ရိုးရှင်းခြင်း၊ လျင်မြန်ခြင်း၊ ခက်ခဲသောသူများအတွက် အမှုဆောင်ရွက်ရန် အခကြေးကင်းလွတ်စေခြင်း စသည်တို့ကို သေချာစေရန်၊
- စာချွန်တော်လျှောက်ထားမှုအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများတွင် ယင်းလျှောက်ထားမှုအား အလျင်မြန်ဆုံး၊ ချဉ်းကပ်လွယ်ကူစွာ ကြောင်းကျိုးဆီလျော်ပြီး အခမဲ့နည်းလမ်းဖြင့် ကြိုတင်ခွင့်ပြုမိန့် မလိုအပ်ဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ လက်ခံပေးရန်အတွက် ပြဋ္ဌာန်းချက်တစ်ရပ်ထည့်သွင်းထားရန်
- ထိန်းသိမ်းခြင်းဆိုင်ရာ တရားဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိကို စိန်ခေါ်ရန် လုပ်ထုံးလုပ်နည်းများကို နောက်ကျစေခြင်း သို့မဟုတ် ပိတ်ပင်ခြင်းပြုသည့် အစိုးရအမှုဆောင်များအပေါ် အရေးယူမှု ပြဋ္ဌာန်းရန်၊

## ၃.၃။ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် တရားရုံးရှေ့တော်သွင်း စာချွန်တော်တို့ဆိုင်ရာ ပြည်တွင်းဥပဒေများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီရမည်ဖြစ်ပြီး လက်တွေ့ကျင့်သုံးနိုင်ရန်အတွက် သေချာစေရပါမည်။

ဤအခြေအနေတွင် ICJ သည် မြန်မာ့အစိုးရအပေါ် သော်လည်းကောင်း၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးအပေါ် သော်လည်းကောင်း အောက်ပါတို့ကို တောင်းဆိုထားပါသည်။ ၎င်းတို့မှာ-

- ဖမ်းဆီးထိန်းသိမ်းခြင်းအတွက် အခြေခံအချက်များနှင့် လုပ်ထုံးလုပ်နည်းများတို့နှင့် ဆက်စပ်သည့် မြန်မာဥပဒေသည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန်၊

- ဖမ်းဆီးထိန်းသိမ်းခြင်းတစ်စုံတစ်ရာကို ဥပဒေအရ သတ်မှတ်ထားသည့် အခြေခံအချက်များ အတိုင်း လုံးဝဥသုံ ဆောင်ရွက်ရန်သော်လည်းကောင်း၊ ယင်းဥပဒေများကိုလည်း နိုင်ငံတကာ လူ့အခွင့်အရေး ဆိုင်ရာစံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန်အတွက်သော်လည်းကောင်း ညွှန်ကြားချက်များ ထုတ်ဆင့်ခြင်း၊ ထိရောက်သောကြီးကြပ်မှုပြုခြင်းနှင့် မျှတသော တာဝန်ခံမှုယန္တယားရှိစေခြင်း စသည့် လိုအပ်သော ဆောင်ရွက်ချက်များ ပြုလုပ်ခြင်း
- ရာဇဝတ်ကျင့်ထုံးတွင် မည်သူမဆို ထိန်းသိမ်းခံရသောသူဖြစ်ပါက မိမိ၏ လွတ်မြောက်ပိုင်ခွင့် သို့မဟုတ် အခြားသော အခွင့်အရေးများအား ချိုးဖောက်မှုအား အမှီအခိုကင်းပြီး ဘက်မလိုက်သည့် တရားရုံးတစ်ခု၏ ရှေ့မှောက်တွင် စိန်ခေါ်နိုင်ခွင့်ရရှိစေမည့် ပြဋ္ဌာန်းချက်ကို ရာဇဝတ်ကျင့်ထုံးတွင် မိတ်ဆက်ပေးရန်နှင့် ထိုကဲ့သို့သော ချိုးဖောက်မှုအဖြစ်အပျက်တွင် ပြည့်စုံလုံလောက်သော ပြင်ဆင်မှု ရရှိစေရန်။ ယင်းပြဋ္ဌာန်းချက်သည် ထိန်းသိမ်းခံရသူ၏ ကိုယ်စားပြုမှုအတွက် မိသားစုဝင်များမှသာ ဆောင်ရွက်ရန်ဟု မကန့်သတ်ဘဲ  စိတ်ပါဝင်စားသူများမှ လျှောက်ထားနိုင်ခွင့်ရရှိရန် တိုးချဲ့စေရပါမည်။
- ဥပဒေအရာရှိများအား တရားရုံးရှေ့တော်သွင်းစာချွန်တော်အမိန့် လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုက်နာဆောင်ရွက်စေမည့် လမ်းညွှန်ချက်တစ်ခုဆင့်ထုတ်ရန်။ ထိန်းသိမ်းခံရသူများကို တရားရုံးတွင် ရှိစေရန်နှင့် ယင်းထိန်းသိမ်းမှုအား ဥပဒေနှင့်အညီ မည်သို့ဆောင်ရွက်ကြောင်းကို ရှင်းပြမှုရရှိစေရန် ဥပဒေအရာရှိများမှ သေချာစေရပါမည်။
- ဖမ်းဆီးမှုများကိုဆောင်ရွက်ရာ ဥပဒေအရ ဖမ်းဆီးခွင့်အာဏာရှိသူများမှ ဖမ်းဆီးထိန်းသိမ်းခြင်း ဥပဒေဆိုင်ရာအခြေခံအချက်များနှင့် လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်တတ်ရန် ပြည့်စုံပြီး ပုံမှန်အလှည့်ကျ ပါဝင်နိုင်ကြမည့် သင်တန်းစီစဉ်ပေးရန်၊ ၎င်းကို ရာဇဝတ်ကျင့်ထုံးနှင့် နိုင်ငံတကာ စံနှုန်းများအရ ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအပေါ်တွင် အခြေပြုရန်၊
- ဖမ်းဆီးထိန်းသိမ်းခြင်းသော်လည်းကောင်း၊ စာချွန်တော်ဆိုင်ရာသော်လည်းကောင်း၊ ဥပဒေချိုးဖောက်မှု၊  လူတစ်ဦး၏ လွတ်မြောက်ခွင့်နှင့် လုံခြုံရေးဆိုင်ရာအခွင့်အရေး ချိုးဖောက်မှုများအတွက် အခြားကုစားမှုများကိုသော်လည်းကောင်း အစရှိသည့် သင်တန်းပေးသည့် အကြောင်းအရာများသည့် တက္ကသိုလ် သင်ရိုးဘာသာရပ်များတွင် ထည့်သွင်းရန်သေချာစေခြင်း၊ ၎င်းတွင် ဥပဒေနှင့် ဥပဒေစိုးမိုးရေး ဆိုင်ရာလေ့လာသင်ကြားမှုများတွင်လည်း ထည့်သွင်းပေးရန်၊
- အမှီအခိုကင်း၊ သင့်လျော်မှုရှိ၊ လေ့ကျင့်သင်ကြားမှုရှိပြီးအတွေ့အကြုံရင့်ကျက်သည့် ဥပဒေရေးရာ ပညာရှင်များဖြင့်ဖွဲ့စည်းထားသည့် တစ်နိုင်ငံလုံးအတိုင်းအတာ ဥပဒေရေးရာ ပံ့ပိုးရေး စင်တာများ တည်ထောင်ရန်၊ ထိုသို့အားဖြင့် တရားရုံးရှေ့တော်သွင်းစာချွန်တော် လျှောက်ထားမှုအတွက် လိုအပ်သော သတင်းအချက်အလက်များနှင့် ဥပဒေရေးရာ ပံ့ပိုးကူညီမှုများ စီစဉ်ပေးနိုင်ရန်၊
- ဥပဒေရေးရာ ပံ့ပိုးမှုများသည် တရားရုံးရှေ့တော်သွင်းစာချွန်တော်အမိန့် လျှောက်ထားမှု အတွက်သော်လည်းကောင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ တရားဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိအား ဆန်းစစ်မှု တစ်စုံတစ်ရာအတွက်သော်လည်းကောင်း သက်ရောက်မှုရှိစေရန် သေချာစေခြင်း

### ၃.၄။ တရားစီရင်ရေးနှင့်ရှေ့နေအသင်းများအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁ အပါအဝင် တရားရုံး ရှေ့တော်သွင်းစာချွန်တော်လုပ်ထုံးလုပ်နည်းအား အသုံးပြုခြင်းနှင့် မြန်မာနိုင်ငံ၏ ဥပဒေသိပ္ပံပညာအား အသုံးပြုခြင်းဆိုင်ရာ သင်တန်းပေးခြင်း

ရှေ့နေများအသင်းထံ ICJ ၏ တောင်းဆိုချက်များ -

- ရှေ့နေများအတွက် စဉ်ဆက်လေ့လာရမည့်ဥပဒေရေးရာပညာရေးတွင် ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ထိန်းသိမ်းခြင်းအား တရားဥပဒေနှင့်အညီ ရှိ၊ မရှိကို စိန်ခေါ်နိုင်ခွင့် (ရာဇဝတ် ကျင့်ထုံးဥပဒေ ပုဒ်မ၄၉၁ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့အရ အာမခံပေးထားသည့် ရှေ့တော်သွင်းစာချွန်တော်အကြောင်း အပါအဝင်)တို့နှင့်ဆက်စပ်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာစံနှုန်းများကို ထည့်သွင်းပေးပါ။
- တရားရုံးရှေ့တော်သွင်းစာချွန်တော်အတွက် လျှောက်ထားမှုများကို ပံ့ပိုးနိုင်မည့် သက်ဆိုင်သည့် ၁၉၆၂ မတိုင်မီ ဥပဒေသိပ္ပံပညာနှင့် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများကို အရင်းအမြစ်အဖြစ် အသုံးပြုရန်၊ ၎င်းတွင် တရားလွှတ်တော်ချုပ်သို့ တင်သွင်းခြင်းကိုလည်း ပါဝင်စေပါ။
- အရေး ပေါ်ဖြစ်သော အမှုများတွင် တရားမဝင် သို့မဟုတ် တရားလက်လွတ် ထိန်းသိမ်းခြင်းသည် ၉ လထက်နည်းသောကာလအတွင်း ဖြစ်ပျက်နေလျှင် လျှောက်ထားလွှာများကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁ အရ တရားလွှတ်တော်သို့ သင့်လျော်စွာ တင်သွင်းနိုင်ခြင်းအတွက် စဉ်းစားပေးပါ။

မြန်မာနိုင်ငံတရားလွှတ်တော်ချုပ်ထံ ICJ ၏တောင်းဆိုချက်များ -

- တရားရုံးရှေ့တော်သွင်းစာချွန်တော် လျှောက်ထားမှု အားလုံးတို့ကို အများပြည်သူသိရှိစေပြီး ကြောင်းကျိုးသင့် တရားစီရင်ချက်များ ချမှတ်ပေးပါ။ တရားလွှတ်တော်ချုပ်အနေဖြင့် သက်ဆိုင်ရာ ဥပဒေသိပ္ပံပညာကို အများပြည်သူထံဖြန့်ချိသင့်ပြီး ၎င်းကို ရှေ့နေများဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရအင်စတီကျူးရှင်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှတစ်ဆင့် ဆောင်ရွက်သင့်သည်။ အားလုံးသော တရားရုံးစီရင်ချက်များနှင့် စီရင်ထုံးများကို ရှေ့နေများနှင့် အများပြည်သူများမှ ရရှိသင့်သည်။ အများပြည်သူများ လက်လှမ်းမီဝင်ရောက်နိုင်မည့် အွန်လိုင်းမှ အချက်အလက်ဖြန့်ဝေခြင်းစနစ်ကို ဖန်တီးခြင်းသည် ယင်းအားထုတ်ကြိုးစားမှုကို တိုးတက်လာစေမည်ဖြစ်ကာ ၎င်းတွင် ဥပဒေပြုခြင်း၊ တရားရုံးစည်းမျဉ်းစည်းကမ်းများ၊ နည်းဥပဒေများနှင့် ဖြတ်ထုံးများလည်း ပါဝင်သင့်သည်။
- တရားရုံးရှေ့တော်သွင်း စာချွန်တော်လျှောက်ထားချက်အပေါ် တရားစီရင်မှုတွင် တရားလက်လွတ် သို့မဟုတ် တရားမဲ့ ထိန်းသိမ်းခြင်းမှ လွတ်မြောက်ပိုင်ခွင့် နှင့် ၎င်းကို တားမြစ်ခြင်းတို့နှင့် စပ်ဆိုင်သည့် ၁၉၆၂အစောပိုင်းဥပဒေသိပ္ပံပညာနှင့် နိုင်ငံတကာလူ့အခွင့်အရေး စံနှုန်းများအပေါ် ယုံကြည်အားထားမှု တိုးမြှင့်ပါ။
- ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁ (၂) နှင့် အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်များသို့ နည်းဥပဒေသများ ထုတ်ဆင့်ရန်နှင့် ပုဒ်မ ၄၉၁ ပါ အမှုများရှိ လုပ်ထုံးလုပ်နည်းများ စည်းမျဉ်းချမှတ်ပေးရန်တို့အတွက် လမ်းညွှန်ပေးသင့်သည်။
- တရားစီရင်ထုံးများနှင့်အညီ တရားရုံးရှေ့တော်သွင်းစာချွန်တော် လျှောက်ထားချက်များကို လက်ခံစဉ်းစားပေးပါ။ အကယ်၍ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၉၁ အရ ထိန်းသိမ်းခြင်းဆိုင်ရာ အမှုကို လျှောက်ထားချက်အား တရားလွှတ်တော်မှ ပလပ်ပြီးဖြစ်လျှင်လည်း လက်ခံစဉ်းစားပေးပါ။

- လှည့်စားမှုကင်းသော (bona fide) တရားရုံးရှေ့တော်သွင်းစာချွန်တော် လျှောက်ထားချက်ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ လက်ခံစဉ်းစားပေးပါ။

## Commission Members

May 2016 (for an updated list, please visit www.icj.org/commission)

**President:**

Prof. Sir Nigel Rodley, United Kingdom

**Vice-Presidents:**

Prof. Robert Goldman, United States
Justice Michèle Rivet, Canada

**Executive Committee:**

Prof. Carlos Ayala, Venezuela
Justice Azhar Cachalia, South Africa
Prof. Jenny E. Goldschmidt, Netherlands
Ms Imrana Jalal, Fiji
Ms Hina Jilani, Pakistan
Justice Radmila Dicic, Serbia

**Other Commission Members:**

Professor Kyong-Wahn Ahn, Republic of Korea
Justice Adolfo Azcuna, Philippines
Mr Muhannad Al-Hasani, Syria
Dr. Catarina de Albuquerque, Portugal
Mr Abdelaziz Benzakour, Morocco
Justice Ian Binnie, Canada
Sir Nicolas Bratza, UK
Prof. Miguel Carbonell, Mexico
Justice Moses Chinhengo, Zimbabwe
Prof. Andrew Clapham, UK
Justice Elisabeth Evatt, Australia
Mr Roberto Garretón, Chile
Prof. Michelo Hansungule, Zambia
Ms Gulnora Ishankanova, Uzbekistan
Mr. Shawan Jabarin, Palestine
Justice Kalthoum Kennou, Tunisia
Prof. David Kretzmer, Israel
Prof. César Landa, Peru
Justice Ketil Lund, Norway
Justice Qinisile Mabuza, Swaziland
Justice José Antonio Martín Pallín, Spain
Justice Charles Mkandawire, Malawi
Mr Kathurima M'Inoti, Kenya
Justice Yvonne Mokgoro, South Africa
Justice Sanji Monageng, Botswana
Justice Tamara Morschakova, Russia
Prof. Vitit Muntarbhorn, Thailand
Justice Egbert Myjer, Netherlands
Justice John Lawrence O'Meally, Australia
Justice Fatsah Ouguergouz, Algeria
Dr Jarna Petman, Finland
Prof. Victor Rodriguez Rescia, Costa Rica
Mr Belisario dos Santos Junior, Brazil
Prof. Marco Sassoli, Italy-Switzerland
Justice Ajit Prakash Shah, India
Mr Raji Sourani, Palestine
Justice Philippe Texier, France
Justice Stefan Trechsel, Switzerland
Prof. Rodrigo Uprimny Yepes, Colombia

International
Commission
of Jurists

Asia Pacific Regional Office
10/1 Soi Aree 2
Phahonyothin Rd.
Samsennai, Phayathai
Bangkok 10400
Thailand
t +662 619 8477/8478
www.icj.org